# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**တုန်လှုပ်ခြင်းမရှိ**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။ လောကဓံတရား တစ်ပါးပါးနှင့် ကြုံတွေ့သောအခါ တုန်လှုပ်ချောက်ချားခြင်း လုံးဝမရှိသော ရဟန္တာပုဂ္ဂိုလ်မြတ်၏ ဂုဏ်ကို ချီးကျူးပူဇော်အပ်၏။ လောကဓံတရားနှင့်တွေ့သောအခါ မတုန်လှုပ်အောင် ကြိုးစားရာ၏။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၁)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ သြဂုတ် ၁၅ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၁၅)


# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးစိုင်းကျော်ညွန့် (နိုင်ငံရေးပါတီများအစုအဖွဲ့)နှင့် တွေ့ဆုံခြင်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံတွင် ပါဝင်လာရေးအတွက် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်း( Political Framework Review ) အစည်းအဝေးကို သြဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တာ ပြုလုပ်ခဲ့ပြီးဖြစ်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ✻


# အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များအား ဂျိုက်ကာမှ ငွေကျပ်ဘီလီယံ ၃၀ ချေးမည်

**ရန်ကုန် သြဂုတ် ၁၄**

**ငွေကြေးအရင်းအနှီး အခက်အခဲရှိနေသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ အစိုးရအချင်းချင်း G to G အစီအစဉ်အရ JICA မှ SME Two Step Loan အစီအစဉ်ဖြင့် ဂျပန်ယန်းငွေသုံးဘီလီယံ (မြန်မာငွေကျပ် ၃၀ ဘီလီယံ)ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ကျင်းပသော SME ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများဆီသို့ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားမှ သိရသည်။**

အဆိုပါအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက် အမှာစကားပြောကြားရာတွင် အစိုးရသစ်အနေဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ထုတ်ပေးလျက်ရှိသော်လည်း လိုအပ်ချက်များ ရှိနေသေးကြောင်း၊ အရည်အသွေးမီထုတ်ကုန်များ စျေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်စေလိုကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။



"ဂျပန်နိုင်ငံမှ ODA အထောက်အပံ့ရရှိတဲ့ JICA Two-Step Loan မှာ CGI စနစ်ကိုအသုံးပြုပြီး ချေးငွေရရှိနိုင်ဖို့အတွက် လုပ်ငန်းရှင်တွေ ချေးငွေလျှောက်ထားရာမှာ လုပ်ဆောင်ရမယ့် အဆင့်တွေနဲ့ ပြင်ဆင်ထားရမယ့် အချက်တွေကို အသိပေးနိုင်ဖို့ ဒီကနေ့ အခမ်းအနားကို ကျင်းပပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဒီစနစ်ကို အသုံးပြုပြီး ချေးငွေရယူလိုပါက Commercial Loan များ


*စာမျက်နှာ ၃ ကော်လံ ၅* ❖


## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် သြဂုတ် ၁၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **(မိုး/ဇလ)**

## မလေးရှားက ပြန်ခဲ့တယ်...


သတင်းဆောင်းပါး၊ စာမျက်နှာ-၈


## လူဝီစီယားနားပြည်နယ်၌ ရေလွှမ်းမိုးမှုကြောင့် လူသုံးဦးသေဆုံး၊ ထောင်ပေါင်းများစွာ ကယ်ဆယ်ခဲ့ရ


စာမျက်နှာ-၁၀





မြန်မာ့အလင်း

# ဥပဒေနှင့်အညီ

ဥပဒေဟူသည် စည်းမျဉ်းဟူ၍အတိုဆုံး၊ အကျဉ်းဆုံးအနက်ဖွင့်ဆိုနိုင်သည်။ စည်းမျဉ်းဟုဆိုရာတွင် အစဉ်အဆက်လိုက်နာကျင့်သုံးခဲ့သည့် ဓလေ့ထုံးတမ်းဆိုင်ရာစည်းမျဉ်းနှင့် အများပြည်သူလိုက်နာရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းထားသည့် စည်းမျဉ်းတို့ပါဝင်သည်။

ဂရိဒဿနိကပညာရှင်ဆော့ခရတ္တိစ်၏အလိုအရ နိုင်ငံတော်ဟူသည်ပင် တရားဥပဒေဟူသောအနက်ကိုဆောင်သည်။ ဥပဒေကို ရိုသေလေးစားရန်မှာ နိုင်ငံသားကောင်းတို့၏ တာဝန်ဖြစ်သည်ဟုဆိုသည်။ နိုင်ငံတွင် ဥပဒေများကို ပြဋ္ဌာန်းရာ၌ နိုင်ငံနှင့်နိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေး၊ တရားမျှတပြီး ပြည်သူများလိုက်နာနိုင်သောဥပဒေများဖြစ်ရေး၊ နိုင်ငံတကာကွန်ဗင်းရှင်းများ၊ Treaty များနှင့်ကိုက်ညီမှုရှိရေးဟူသော ဦးတည်ချက်များကို အခြေခံထားသည်။

နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကိုပြုပြင်ပြောင်းလဲရာ၌ တည်ဆဲဥပဒေများက ခေတ်၊စနစ်တို့နှင့်ကိုက်ညီရန်လိုအပ်သည်။ ဥပဒေများသည် ခေတ်စနစ်နှင့်လိုက်လျောညီထွေမရှိပါမူ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ပြုလုပ်ရသည်။ ဥပဒေပြုခြင်းသည် လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည်။ ဥပဒေပြုပြီးလျှင် တရားဥပဒေစိုးမိုးရန်လိုအပ်သည်။ နိုင်ငံတည်ငြိမ်ရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများနေ့စဉ်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တရားဥပဒေစိုးမိုးရေးသည် အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံး ဥပဒေအသိရှိကြဖို့လိုသည်။ ဥပဒေနှင့်အညီ နေထိုင်လုပ်ကိုင်စားသောက်ကြဖို့လိုသည်။ တရားဥပဒေစိုးမိုးရေးကို မျက်ကွယ်ပြုလျက် ဥပဒေမဲ့ပြုကျင့်မိပြီဆိုလျှင် ဥပဒေ၏ဒဏ်ခတ်မှုကို မလွဲမသွေခံကြရမည်။ ဤသည်မှာ သီအိုရီအရဆိုလျှင်ဖြစ်သည်။

မိမိတို့၏လက်တွေ့နယ်ပယ်တွင်မူ ဥပဒေများရှိနေပါလျက် မျက်ကွယ်ပြုကာ ဥပဒေကိုအလွယ်တကူချိုးဖောက်နေမှုများ၊ လက်တစ်လုံးခြားပြုမူနေမှုများ၊ နည်းအမျိုးမျိုးဖြင့် ကျော်လွှားနေမှုများကို နေ့စဉ်နှင့်အမျှတွေ့မြင်ကြားသိနေရသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကဏ္ဍအသီးသီးတွင် ပြဋ္ဌာန်းထားသော ဥပဒေတို့ကို ချိုးဖောက်ကျူးလွန်မှုများနှင့်အတူ တရားဥပဒေစိုးမိုးမှုအား လျော့နည်းပျက်ပြားလာမည်ဆိုပါက အနိဋ္ဌာရုံတို့က တစ်စတစ်စလွှမ်းမိုးလာမည်သာဖြစ်သည်။


တရားဥပဒေစိုးမိုးရေးဟူသည် ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးအတွက် ဖြစ်သည်။ တရားဥပဒေစိုးမိုးမှသာ ရပ်ရွာအေးချမ်းသာယာသည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ကြမှသာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်။ ဥပဒေ၏အထက်တွင် မည်သူမျှမရှိဟုဆိုထားသည်ကိုလည်း သတိချပ်ကြရာသည်။ ။

## မန္တလေးတက္ကသိုလ်သင်တန်းနှစ်အသီးသီးတို့၏ စာမေးပွဲများကျင်းပမည့် နေ့ရက်ကြေညာ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနှစ်(ထူးချွန်)(ဝိဇ္ဇာ/သိပ္ပံ/ဥပဒေ) သင်တန်း(ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်(ထူးချွန်)(ဝိဇ္ဇာ/သိပ္ပံ/ဥပဒေ) သင်တန်း (ဒုတိယနှစ်ဝက်)၊ တတိယနှစ်(ထူးချွန်)(ဝိဇ္ဇာ/သိပ္ပံ/ဥပဒေ) သင်တန်း (ဒုတိယနှစ်ဝက်)၊ ပထမနှစ် ဂုဏ်ထူးတန်း(ထူးချွန်)၊ (ဒုတိယနှစ်ဝက်) စာမေးပွဲများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ(ပထမနှစ်)သင်တန်း (ပထမနှစ်ဝက်)၊ မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ (ဒုတိယနှစ်)သင်တန်း(ပထမနှစ်ဝက်)၊ (Dip:E.L.T) အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ သင်တန်း(ပထမနှစ်ဝက်)၊ (D.A.Psy) အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာသင်တန်း (ပထမနှစ်ဝက်)စာမေးပွဲအသီးသီးတို့ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် (တနင်္လာနေ့)မှ စတင်၍ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မန္တလေးတက္ကသိုလ်မှ ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါကြေညာချက်တွင် ကိုယ်ပိုင်စာကြည့်ချိန်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့များအဖြစ်သတ်မှတ်ပြီး စာမေးပွဲအချိန်စာရင်းများကိုလည်း ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။
**(မြန်မာ့အလင်း)**




## လူထုအခြေပြု ကျန်းမာရေးနှင့် ကပ်ရောဂါကြိုတင်ပြင်ဆင်ရေး စီမံချက်ရုံးဖွင့်

**မိုင်းယောင်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တရုတ်နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်သောလူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးရေးနှင့် ကပ်ရောဂါ ကြိုတင်ပြင်ဆင်ရေးစီမံချက်ရုံးဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက မိုင်းယောင်းမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ (ယာယီရုံး)၌ ကျင်းပခဲ့ကြောင်း သိရသည်။
**အားချာ(ပြန်/ဆက်)**

# ဒါးကမြစ်ရေဝင်ရောက်မှုကြောင့် ငါးသိုင်းချောင်းမြို့အတွင်း မြေနိမ့်ပိုင်းရပ်ကွက်အချို့ရှိလမ်းပိုင်းများနှင့်လူနေအိမ်များရေဝင်နစ်မြုပ်

**ငါးသိုင်းချောင်း ဩဂုတ် ၁၄**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝေန်မြစ်ရေသည် ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်အထက် ၂ ပေနှင့်ဝဒသမ ၃၀ လက်မ ကျော်လွန်လျက်ရှိပြီး မြစ်ရေဆက်လက်ကျဆင်းလျက်ရှိသော်လည်း ဒါးကမြစ်ဘက်မှ လှည့်လည်ဝင်ရောက်လာသော မြစ်ရေများ တိုးလာသဖြင့် ငါးသိုင်းချောင်းမြို့အတွင်း မြေနိမ့်ပိုင်းရပ်ကွက်များရှိ လမ်းပိုင်းအချို့နှင့် လူနေအိမ်ခြေများတွင် ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။



မြို့ပေါ်ရှိ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော ရွှေဘိုရပ်ကွက် လမ်းမတော်တာလေးလမ်းပိုင်း၊ နိဗ္ဗာန်လမ်း၊ မဂ္ဂင်လမ်း၊ ရွှေတောင်လမ်း၊ တိုးချဲ့ကွက်သစ်လမ်းပိုင်းများနှင့်လူနေအိမ်ခြေများ၊ မြို့သစ်ရပ်ကွက် ချမ်းသာကြီးလမ်း၊ အောင်ဇေယျလမ်း၊ ရိုးကြီးလမ်းအစရှိသည့် လမ်းပိုင်းများရှိ လူနေအိမ်များ၌ပေ ၄၀၀ ခန့်စီ ရေဝင်နစ်မြုပ်လျက်ရှိသည်။ နှစ်စဉ် ဒါးကမြစ်ရေများ အသုတ်မြို့နှင့် ကြိမ်ချောင်းချောင်းဘက်မှ လှည့်လည်ဝင်ရောက်လေ့ရှိသော်လည်း ယခုနှစ်တွင်အတွင်းရေလှည့်လည်ဝင်ရောက်မှု ပိုမိုမြန်ဆန်များပြားကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မြို့ပေါ်ရပ်ကွက်မြေနိမ့်ပိုင်းအတွင်း လတ်တလောရေဝင်နစ်မြုပ်သောလမ်းပိုင်းများနှင့် လူနေအိမ်ခြေများ၏ ဆက်သွယ်သွားလာရေးနှင့် ရိက္ခာများထောက်ပံ့လှူဒါန်းပေးနိုင်ရေးအတွက် မြို့နယ်သဘာဝဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး ကော်မတီနှင့် အမြန်ဆုံးပူးပေါင်းဝိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်နေထိုင်ရန် အခက်အခဲရှိသော အိမ်ခြေများကိုလည်းသက်ဆိုင်ရာက ကယ်ဆယ်ရေးစခန်းများသို့ အချိန်မီပြောင်းရွှေ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းထံမှ သိရသည်။**စိုးမင်းဦး(ပြန်/ဆက်)**

## ကျောင်းသား ကျောင်းသူများအား အာဟာရကျွေး

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမက(၂၂)၌ ဩဂုတ် ၁၂ရက်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျောင်းအုပ်ဆရာမကြီး ဦးဆောင်မှုဖြင့် ကျောင်းအကျိုးတော်ဆောင်တို့က ကျောင်းသား ကျောင်းသူ ၂၈၅ ဦးအား အာဟာရအဖြစ် ကြက်ထမင်းကြော် ကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။
**ကိုမျိုး(ရွှေပေါက်ကံ့)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၄-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၀.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၆၆ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၂၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၈၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၂)ရပ်ကွက်ရှိ တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောဝိဒထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့်အလှူရှင်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ (**ဝဲပုံ**) လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**(သတင်းစဉ်)**

# အာဟာရပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

အာဟာရပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park၊ Building 10 ရှိ STI Myanmar University အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် ထိုင်းနိုင်ငံ အာဟာရပညာရှင်များအသင်း၏ ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ် အာဟာရပညာဌာန၏ ပညာရေးဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး Professor Chanida Pachotikarn က " Medical Nutrition Therapy in Chronic Kidney Disease" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အာဟာရပညာရှင် ဒေါက်တာဝင်းဝင်းမြင့်က "Diet, Nutrition and Cancer" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် နေ့စဉ်ဘဝတွင် အစားအစာနှင့် အာဟာရသည် အရေးကြီးလှသည်။ မြန်မာနိုင်ငံတွင် ဒေသတွင်း အခြားနိုင်ငံများနှင့် ယှဉ်လျှင် အာဟာရပညာရှင် အရေအတွက်မှာ လွန်စွာနည်းပါးလျက်ရှိသည်။ ဥပမာအားဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် အာဟာရအကြံပေးပညာရှင် (Dietitian) ၁၈၀၀ ရှိပြီး လူဦးရေတစ်သန်းတွင် Dietitian ၂၈ ဦးရှိသည်။ ဂျပန်နိုင်ငံတွင် Dietitian ၅၈၅၀၀ ရှိပြီး လူဦးရေတစ်သန်းတွင် ၄၅၆ ဦးရှိသည်။

အထူးသဖြင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ အားကစားသမားများ၊ ရောဂါဝေဒနာရှင်များအတွက် အာဟာရပိုင်းဆိုင်ရာ စောင့်ရှောက်မှု၊ အကြံပြုမှုများ ပြုလုပ်ပေးနိုင်ရန် ကျွမ်းကျင်သော အာဟာရပညာရှင် အမြောက်အမြား မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသည်။

STI Myanmar University သည် ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဗြိတိန်နိုင်ငံ University of Bedfordshire နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ပထမဆုံးဖြစ်သော အာဟာရပညာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်းကို ယခုနှစ်အတွင်း သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းမှာ နှစ်နှစ်တာကာလကြာမြင့်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံ University of Bedfordshire က ပေးအပ်သော ဘွဲ့လွန်ဒီဂရီဖြစ်သည့် MSc (Nutrition and Dietetics) ကို ရရှိမည့်အပြင် သင်တန်းပြီးဆုံးပါက ဗြိတိန်နိုင်ငံ Association for Nutrition (AfN) ၏ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်မည်ဖြစ်သည်။

ယခုပြုလုပ်မည့် အာဟာရပညာရပ်ဆိုင်ရာ ဟောပြောပွဲသည် ထိုသင်တန်းကို အထောက်အကူဖြစ်စေရန်နှင့် ပြည်သူများအကြား အာဟာရဆိုင်ရာ အသိပညာ တိုးပွားစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲကို စိတ်ပါဝင်စားသူများသည် STI Myanmar University တည်ရှိရာ Building 10၊ Phase 3၊ MICT Park လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၀၇၁၅၁၊ ၀၁-၅၀၇၁၅၂၊ ၀၁-၅၀၇၀၄၈ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းပြီး အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ ***ရှေ့ဖုံးမှ***

ထက် အတိုးနှုန်းသက်သာပြီး မြေနှင့် အဆောက်အအုံအပြင် အခြားသော ပစ္စည်းများကို အာမခံထားရှိနိုင်ခြင်းနှင့် အလားအလာကောင်းမွန်တဲ့ လုပ်ငန်းဖြစ်ပါက အာမခံပစ္စည်းထက်ပိုမိုသော ချေးငွေများရရှိနိုင်သောကြောင့် လုပ်ငန်းရှင်များအတွက် ပိုမိုထိရောက်မှုရှိမှာဖြစ်ပါတယ်"ဟု စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောကြားသည်။

အဆိုပါ ချေးငွေများကို ပြည်တွင်းဘဏ်ခြောက်ခုဖြစ်သည့် APEX၊ AYA၊ CB၊ Myanmar Citizens Bank၊ KBZ နှင့် SMIDB ဘဏ်တို့မှတစ်ဆင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ ငွေချေးလိုသူ SME လုပ်ငန်းရှင်များအနေဖြင့် ယခုအချိန်မှစပြီး သက်ဆိုင်ရာဘဏ်များသို့ သွားရောက်ကာ ချေးငွေများလျှောက်ထားရမည်ဖြစ်ကြောင်း၊ မိမိနှစ်သက်သောဘဏ်တစ်ခုတည်း၌သာ လျှောက်ထားရမည်ဖြစ်ကြောင်း၊ စက်တင်ဘာလတွင် ဖောင်ပိတ်မည်ဖြစ်ပြီး အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကာလရှည် ချေးငွေအမြင့်ဆုံး ငါးနှစ်သက်တမ်းဖြစ်ကြောင်း၊ ဘဏ်တစ်ခုလျှင် ငွေကျပ် ငါးဘီလီယံအထိ ခွဲဝေပေးပြီး ငွေကျပ် ဘီလီယံ ၃၀ ကို ဘဏ်ခြောက်ခုမှတစ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**မိုင်းရှူးမြို့နယ် ရပ်ကွက်(၂)၌ သွေးလွန်တုပ်ကွေးရောဂါတားဆီးနှိမ်နင်းရေးလုပ်ငန်းကို ဩဂုတ် ၁၁ ရက်က ပြုလုပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူဆန်း၊ ကျန်းမာရေးဦးစီးဌာနတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ၊ မြို့နယ်မီးသတ်နှင့် ကြက်ခြေနီအဖွဲ့များ စုပေါင်း၍ ခြင်ဆေးဖျန်းစဉ်**

(မြို့နယ် ပြန်/ဆက်)

# နမ့်ခမ်းမြို့၌ အသည်းရောင် ဘီပိုး၊ စီပိုး အခမဲ့စစ်ဆေးပေး

**နမ့်ခမ်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ တိုင်းရင်းသားလူငယ်များ ဖောင်ဒေးရှင်းရုံး၌ ဩဂုတ် ၁၃ ရက်က တိုင်းရင်းသားပြည်သူများအား အသည်းရောင် ဘီပိုး ရှိ မရှိ အသည်းစောင့်ရှောက်မှုအစုအဖွဲ့မှ ဒေါက်တာ စိုင်းနော်မိန်းနှင့်အဖွဲ့က အခမဲ့စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ စစ်ဆေးရာတွင် မည်သူမဆိုလူမျိုးဘာသာမရွေး အခမဲ့ စစ်ဆေးဆွေးနွေးနိုင်ကြောင်းနှင့် ကြိုတင်စာရင်းပေးထားသည့် ဦးရေအတိုင်း ပထမအကြိမ်အဖြစ် လာရောက်စစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ ဒီလိုဒေသမရွေး လာရောက်ပြီး ဘီပိုး၊ စီပိုး ရှိမရှိ အခမဲ့ စစ်ဆေးပေးတဲ့နေရာမှာ မြို့မိ မြို့ဖတွေ၊ လူမှုရေးအသင်းအဖွဲ့တွေက ပူးပေါင်းပါဝင်ပြီး အသိပေးကြော်ငြာတာ၊ ကြိုတင်စာရင်းကောက်ယူတာ၊ လိုအပ်တာတွေ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရင်တော့ ပိုကောင်းတယ်။ လူဦးရေကို ကြည့်ပြီး ကျွန်တော်တို့ကလည်း လိုအပ်တာတွေကို ကြိုတင် ပြင်ဆင်လာနိုင်တယ်။ တကယ်လို့ ဘီပိုး၊ စီပိုးရှိတယ်လို့ စစ်ဆေးတွေ့ရှိလာရင် ဘယ်လိုလုပ်ဆောင်သင့်တယ်ဆိုတာ ဆွေးနွေးအကြံပေးသွားမှာပါ"ဟု ဒေါက်တာ စိုင်းနော်မိန်းက ပြောသည်။

**ညဏ်မင်း(နမ့်ခမ်း)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

**မြန်မာ့ရုပ်မြင်သံကြား**

**News Channel**

**၁၅-၈-၂၀၁၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆ း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇ း၃၅ - ပြည်သူတို့ရဲ့စကားသံများ

၁၃း၃၀ - ဆယ့်နှစ်လရာသီအငြိမ့်သဘင် **ဝါခေါင်လ** (စာရေးတံမဲပွဲ) မင်းသမီး- ခိုင်မာလွင်၊ လူရွှင်တော် အာရှဟားအဖွဲ့ (ဒါရိုက်တာ-ဇာဂနာ)

၁၆ း၁၀ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၁၉ း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါဂင်ချီ** (အပိုင်း - ၇၉)

၂၀း၀၀ - ပြည်တွင်းသတင်း

- **နေမဝင်အလှများ** (အဆိုတော် မာမာအေးနှင့် တွေ့ဆုံခြင်း) (အပိုင်း- ၄)

# ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန် အလုပ်ရုံဆွေးနွေး

**မန္တလေး ဩဂုတ် ၁၄**

ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း၌ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တိုင်းဒေသကြီး ကယ်ဆယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေ၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်တို့က အမှာစကားပြောကြားကြပြီး သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များကွန်ရက်မှ ကိုယ်စားလှယ် ဦးတင်မြင့်က မိတ်ဆက်စကား ပြောကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးမြို့ပေါ်နှင့် အနယ်နယ်အရပ်ရပ်မှ လူမှုရေးအသင်းအဖွဲ့များ၊ NGO များ၊ CSO များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ၊သုံးသပ်တင်ပြခြင်းများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

"နယ်တိုင်းမှာ လူမှုကူညီမှုအသင်းတွေရှိကြပေမယ့် သတင်းအချက်အလက်တွေ အားနည်းတော့ ဘေးအန္တရာယ်ကျရောက်နေတဲ့ နေရာတွေကိုသွားရောက်ကူညီကြတဲ့အခါ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဘာတွေကူညီနေကြတယ်ဆိုတာ မသိကြဘူး။ လူမှုရေးအသင်းအဖွဲ့တွေကို သတင်းအချက်အလက်တွေ အဓိကပေးနိုင်မှ ဖြစ်နေဆဲရေကြီး၊ ရေလျှံမှုနေရာတွေမှာ တစ်နေရာနဲ့ တစ်နေရာပေးတဲ့ပစ္စည်းတွေက မထပ်တော့ဘူး။ သတင်းအချက်အလက်တွေပေးနိုင်မယ့် ကွန်ရက်တစ်ခုဖြစ်စေချင်ပါတယ်"ဟု လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကိုဟန်ဝဏ္ဏထွန်းက ပြောသည်။

သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များကွန်ရက်ကို ၂၀၁၅ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းအဖွဲ့ ၂၅ ဖွဲ့ခန့်ရှိကြောင်း သိရသည်။ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မန္တလေးမြို့၌ ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး မုံရွာ၊ မကွေး၊ ပြည်၊ ပုသိမ်၊ ညောင်တုန်း၊ ဟင်္သာတမြို့တို့၌လည်း ကျင်းပလျက်ရှိကြောင်း သိရသည်။ **အောင်စေပိုင်စေ**

✻ *ရှေ့ဖုံးမှ*

အဆိုပါအစည်းအဝေးတွင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ် ဖွဲ့ပါဝင်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်း ၁၆ ဖွဲ့အထိ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာသော NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် (၁) NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် တန်းတူပါဝင်တက်ရောက်ဆွေးနွေးနိုင်ရေး၊ (၂) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပရေး ကော်မတီတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်အတူ ပူးတွဲပါဝင်လာနိုင်ရေး၊ (၃) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ညီလာခံပြီးပြီးချင်း လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းကော်မတီဖွဲ့စည်းနိုင်ရေး၊ (၄) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံမစတင်မီ မူဘောင်(Framework) အတွက် ဆက်လက်ဆွေးနိုင်ရေးများကို ဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အတူတကွကြိုးပမ်းဆောင်ရွက်လိုသည့် သဘောထားကိုပြသခဲ့သည်။

ရန်ကုန်တွင်ပြုလုပ်ခဲ့သည့် Framework Review meetingတွင် အစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားပြု ကိုယ်စားလှယ် ၂၀၊ နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စားပြု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့အား ကိုယ်စားပြုသည့် ကိုယ်စားလှယ် ၂၆ ဦးတို့ ပါဝင်ခဲ့သည်။



Framework Review meeting (ရန်ကုန်ရွှေလီလမ်းတွင် ဩဂုတ် ၁၃ ရက်ကပြုလုပ်သည့် သုံးပွင့်ဆိုင် အစည်းအဝေး)

အဆိုပါ အစည်းအဝေးမှ ဆွေးနွေးချက်များအား အတည်ပြုနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင်များဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများသည် နေပြည်တော် သင်္ဂဟဟိုတယ်၌ ဩဂုတ် ၁၅ရက်မှ စတင်၍ UPDJC အစည်းအဝေးပြုလုပ်၍ ဆွေးနွေးကြမည် ဖြစ်သည်။

ထို့ကြောင့် အစိုးရလက်ရှိဆောင်ရွက်လျက်ရှိသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးချက်များကိုသိရှိနိုင်ရန်အတွက် နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စားပြု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ အတွင်းရေးမှူးစိုင်းကျော်ညွန့် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)အား တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ အခုလုပ်ခဲ့တဲ့ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပြန်လည်သုံးသပ်ခြင်း (Framework Review meeting) ရဲ့ သုံးရက်တာ အစည်းအဝေးမှာ တိုင်းရင်းသားတွေဘက်က (၂၁)ရာစုပင်လုံမှာ NCA လက်မှတ်မထိုးဘဲ ပါဝင် တက်ရောက်နိုင်ရေးနဲ့ပတ်သက်ပြီး ဘယ်လိုအခြေအနေရှိသလဲ။ နောက် (၂၁)ရာစုပင်လုံမှာ နိုင်ငံရေးပါတီတွေက ဘယ်လိုပါဝင်လာမလဲ။ ဥပမာ- နိုင်ငံရေးပါတီက ၉၀ ကျော်ရှိနေတော့။ အဲ့ဒီအခြေအနေ ဖြေပေးပါ ဆရာ။**

ဖြေ။ ။ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အားလုံး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံမှာ ပါဝင်ဖို့ကိုတော့ ဒီလ ၁၅ ရက်နေ့မှာလုပ်မယ့် UPDJC အစည်းအဝေးက ဆုံးဖြတ်ချက်ချမှာပါ။ အခြေအနေကောင်းပါတယ်။ နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်တာကတော့ အစိုးရမူဝါဒပိုင်းက ပြည်ထောင်စုအဆင့်မှာတော့ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ ပါတီတွေပါ။ ဒါပေမယ့် အနိုင်မရတဲ့ ပါတီတွေကိုလည်း ပြည်ထောင်စုအဆင့်က ဖြေလျှော့ပေးတဲ့အနေနဲ့ ငါးယောက်လား၊ ၁၀ ယောက်လားမသိဘူး။ ပါဝင်ခွင့်ပေးမယ်။ ဒီအပိုင်းကတော့ အစိုးရကပဲ ကြေညာပါလိမ့်မယ်။

**မေး။ ။ NCA လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေးကော်မတီမှာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့အတူ ပူးတွဲပါဝင်လာနိုင်ရေး၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကိုညီလာခံပြီးပြီးချင်းလုပ်ဆောင်နိုင်ရန်၊ လုပ်ငန်းကော်မတီဖွဲ့စည်းနိုင်ရန်ဆိုတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးချက်တွေရှိတော့ အဲ့ဒီအတွက် အဖြေကကော ဘယ်တော့လောက် ဖြစ်လာနိုင်မလဲဆရာ။**

ဖြေ။ ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံညီလာခံကျင်းပရေးအတွက် ပူးတွဲကော်မတီဖွဲ့ဖို့ ဆွေးနွေးတာကတော့၊ ပုံမှန်ကတော့ အစိုးရလုပ်တာပေါ့။ ပွဲစီစဉ်တာကအစအကုန်ပါ။ ဒါပေမယ့် အဲ့ဒီမှာ နိုင်ငံရေးပါတီတွေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက ပူးတွဲပါတယ်။ အဲ့ဒီ ပူးတွဲကျင်းပရေးကော်မတီမှာ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကလည်း ပါဝင်ချင်တယ်။ ဒါကို ပါဝင်ခွင့် ပြု/မပြု အစိုးရကိုမေးထားတယ်။ အစိုးရ ပေါ်လစီအရ ဩဂုတ် ၁၅ ရက်နေ့ UPDJC အစည်းအဝေးမှာ ပြန်လည်ဖြေကြားဖို့ ရှိနေပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းကော်မတီဖွဲ့ဖို့ကတော့ Framework မပြီးရင် လုပ်ဖို့မလွယ်ပါဘူး။ လုပ်ငန်းကော်မတီဆိုတာ ညီလာခံကိုယ်စားလှယ်တွေနဲ့ ဖွဲ့ရတာ။ ဥပမာ-အဖွဲ့အစည်းတစ်ခုမှာ အစုအဖွဲ့ ဘယ်လောက်ပါရမလဲ၊ လူဘယ်လောက်ထားမလဲ မသိသေးဘဲ ဖွဲ့လို့မရပါဘူး။

**မေး။ ။ ဒါဆို Framework အတွက် အစိုးရကိုယ်စားလှယ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ဆက်လက်ပြီးဆွေးနွေးဖို့ ရှိနေဦးမှာပေါ့။**

ဖြေ။ ။ ညီလာခံမစခင်မှာရော၊ ညီလာခံပြီးသွားရင်ရော Framework (မူဘောင်)က ဆက်ပြီးဆွေးနွေးမယ့် အနေအထားမှာရှိနေပါတယ်။ Framework မှာ အတိုင်းအတာတစ်ခုပြီးပြီ။ လူရွေးချယ်မှု ပြီးပြီဆိုမှ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲလုပ်ငန်းကော်မတီဖွဲ့နိုင်မှာပါ။



စိုင်းကျော်ညွန့် (နိုင်ငံရေးပါတီများအစုအဖွဲ့)

**မေး။ ။ တိုင်းရင်းသားတွေလုပ်ခဲ့တဲ့ မိုင်ဂျာယန် ညီလာခံက ဆွေးနွေးချက်တွေ အခု Framework meeting မှာ ဆွေးနွေးတာတွေ့ရသေးလား၊ သုံးပွင့်ဆိုင်ဆိုတာမျိုးပေါ့ ခင်ဗျာ။**

ဖြေ။ ။ ရှိပါတယ်။ အဲ့ဒါကတော့ ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တိုင်းရင်းသားတွေ ပါဝင်စေချင်တဲ့ သုံးပွင့်ဆိုင်ရှိတယ်။ အစိုးရဘက်ရဲ့ရပ်တည်မှုကတော့ အရင် ခုနစ်ပွင့်အစား ငါးပွင့်ဆိုင်ကို ဆွေးနွေးတာတော့ ရှိပါတယ်။ ဒါကလည်း ဆွေးနွေးရုံပါပဲ။ အဲ့ဒီအပေါ်မှာတော့ မူဘောင် မရှိသေးပါဘူး။

**မေး။ ။ MNDAA (ကိုးကန့်)၊ AA (ရခိုင်)၊ TNLA (တအာင်းပလောင်) တို့ ၂၁ ပင်လုံမှာ ပါဝင်လာနိုင်မလားဆိုတာ ဆရာ့ရဲ့အမြင်ကို ဖြေပေးပါဦး။**

ဖြေ။ ။ MNDAA (ကိုးကန့်)၊ AA (ရခိုင်)၊ TNLA (တအာင်းပလောင်) ထဲမှာ နှစ်ဖွဲ့ကတော့ အစိုးရနဲ့ဆွေးနွေးမှု တော်တော်လေးအဆင်ပြေနေတယ် ကြားပါတယ်။ နောက်တစ်ဖွဲ့ကတော့ CEC ကို တင်ပြထားတယ်။ အစည်းအဝေးထိုင်ပြီးရင် သိရမယ်လို့ ကြားပါတယ်။ တော်တော်လေးကို အခြေအနေကောင်းတယ်လို့ သိထားပါတယ်။

**မေး။ ။ သုံးဖွဲ့ထဲက ဘယ်တစ်ဖွဲ့ဆိုတာလေး....။**

ဖြေ။ ။ သုံးဖွဲ့ထဲမှာ ဘယ်အဖွဲ့လဲဆိုတာတော့ ကျွန်တော်မသိပါဘူး၊ မပြောနိုင်ပါဘူး။

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# မိုင်းပျဉ်းမြို့၌ မိုးရွာမှုကြောင့် နှစ်ထပ်အိမ်တစ်လုံး ပြိုကျပျက်စီး

**မိုင်းပျဉ်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့ ပိန်းဆန်းရပ်ကွက်တွင် ဩဂုတ် ၁၂ ရက် က မိုးရွာမှုကြောင့် နှစ်ထပ်နေအိမ်တစ်လုံး ညာဘက်ခြမ်း နံရံပြိုကျ ပျက်စီးခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။ အဆိုပါ ပျက်စီးခဲ့သည့် နေအိမ်သို့ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပစ္စည်းများပြောင်းရွှေ့ပေးခြင်း၊ ယာယီ ပြောင်းရွှေ့နေနိုင်ရန် မိုးကာတဲဆောက်လုပ်ပေးခြင်းနှင့် လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။ ပြိုကျပျက်စီးခဲ့သည့် အဆိုပါနေအိမ်မှာ လွန်ခဲ့သော နှစ်ပေါင်းများ ၅၀ ခန့်က အုတ်စိမ်းများဖြင့် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# ပန်းတနော်မြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ စားသောက်ကုန်များ လှူဒါန်း

**ပန်းတနော် ဩဂုတ် ၁၄**

ဖျာပုံမြို့သူမြို့သားများ စုပေါင်းလှူဒါန်းသော ဆန်၊ဆီ၊ စားသောက်ကုန်နှင့် အဝတ်အထည်များအား ဖျာပုံမြို့ လူငယ်ကျန်းမာရေး အသိပညာပေးအဖွဲ့က ဦးဆောင်၍ ဩဂုတ် ၁၃ ရက်က ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် လှူဒါန်းခဲ့သည်။

"ဦးဇင်းတို့ရွာမှာ နှစ်စဉ် ဒီလိုအချိန်ဆို ရေကြီးပါတယ်၊ ဒီနှစ်ပိုကြီးတယ်၊ လောလောဆယ် ကယ်ဆယ်ရေးလာတာ မရှိသေးပါဘူး၊ ရွာအနီးတစ်ဝိုက်က မြစ်ဖြစ်နေတယ်၊ ရေတက်လာရင် နေထိုင်သွားလာဖို့ ခက်ခဲပါ တယ်၊ တချို့အိမ်တွေ ရေမြုပ်ပျက်စီးပြီး ရေကလည်းများနေတယ်၊ ရေတက်လို့ အခင်းတွေမြှင့်ရင်းမြှင့်ရင်းနဲ့ အမိုးနဲ့ထိခါနီးနေပြီ။ စိုက်ခင်းတွေက အခုလို ရေတက်ချိန်ဆို ပျက်သွားတယ်၊ ရေသိပ်တက်လာရင် ရေဘေးလွတ်ရာ ဘုန်းကြီးကျောင်းပဲကျန်တယ်" ဟု ပန်းတနော်မြို့နယ် အောက်ထောင့်ကြီး ကျေးရွာဆရာတော် ဦးသုမင်္ဂလက မိန့်ကြားသည်။

ဖျာပုံမြို့ လူငယ်အဖွဲ့က ဖျာပုံမြို့ရှိ စေတနာရှင်များကိုယ်စား ပန်းတနော်မြို့နယ် ရေပေါ်ကြီးကျေးရွာအုပ်စု အောက်ထောင့်ကြီးကျေးရွာနှင့် ထောင့်ကြီးတောင်ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စု ၄၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန် လေးပြည်၊ ဆီ ၆၅ ကျပ်သား တစ်ဘူး၊ ရေသန့်တစ်ကတ်၊ မျှင်ငါးပိ ၅၀ ကျပ်သား၊ ခေါက်ဆွဲခြောက်ထုပ်၊ အဝတ်အထည်၊ အိမ်သုံးဆေးနှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၂၀ ရှိ ပစ္စည်းများကို ရေဘေးသင့်ပြည်သူများ လက်ဝယ်သို့အရောက် လှူဒါန်းထောက်ပံ့ပေးခဲ့သည်။

အဆိုပါကျေးရွာများတွင် လက်ရှိအခြေအနေ ရွာပေါ်တွင် ရေခြောက်ပေခန့်မြင့်တက်နေကြောင်း တွေ့ရသည်။

ပန်းတနော် မြို့နယ်အတွင်း၌ ရပ်ကွက်ကြီး လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၁ အုပ်စုမှ ကျေးရွာပေါင်း ၁၄၉ ရွာ၊ ရေဝင်အိမ်ခြေပေါင်း ၈၀၄၆ အိမ်၊ လူဦးရေ ၃၈၂၂၀ ရေဘေးဒဏ်ခံရပြီး ရပ်ကွက်လေးရပ်ကွက်မှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း ခြောက်ခု၊ ကျေးရွာများတွင် သုံးခုဖွင့်လှစ်ထားပြီး သက်ဆိုင်ရာများနှင့် အလှူရှင်များက ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက စာသင်တိုက်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပရိယတ္တိ စာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များနှင့် ပျဉ်းမနားဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မိုးမြင့်ထွန်း၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များနှင့် ပျဉ်းမနား ဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှု အစုစုမှာ အလှူငွေကျပ် ၉၅၃၅၅၀၊ ဆန် ၇၀၅ အိတ် ၆ ပြည်၊ ဆီ ၂၃၆ ပိဿာ ၆၅ ကျပ်သား၊ ပဲ ၁၆၂၄ ပိဿာ၊ ဆား ၁၆၇၄ ပိဿာ ၅၀ ကျပ်သား၊ ငရုတ်သီးမှုန့်ထုပ် ၆၀၀၊ နနွင်းမှုန့်ထုပ် ၂၀၀၊ မဆလာထုပ် ၂၀၀ နှင့် ဆေးမျိုးစုံဘူး ၇၄၄၀ တို့ ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

---

❒ ***ကျောဖုံးမှ***

ခြောက်ခန်းတွဲ လေးထပ်မြင့်အဆောက်အအုံ တိုက်ခန်း၌ ၄၆၈ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၄၈၀၊ အဆောက်အအုံအလုံး ၂၀ နှင့် ရှစ်ခန်းတွဲ လေးထပ်မြင့် အဆောက်အအုံတိုက်ခန်း၌ ၄၈၄ စတုရန်းပေ၊ ၅၂၂ စတုရန်းပေအကျယ် အခန်းပေါင်း ၃၈၄ ခန်းရှိ အဆောက်အအုံ ၁၂ လုံး စုစုပေါင်း အဆောက်အအုံ ၃၂ လုံး၊ အခန်းပေါင်း ၈၆၄ ခန်းကို ဆောက်လုပ်လျက်ရှိရာ ယခုအခါ ရာခိုင်နှုန်းနီးပါးခန့် ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်သည်။ မကြာမီ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းသစ်များကို အခြေခံလူတန်းစား ပြည်သူများထံသို့ ရောင်းချပေးတော့မည် ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာမှူး ဒေါ်သဲစုငြိမ်းက ပြောသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းတိုက်ခန်းပေါင်း မြောက်မြားစွာတို့ကို ဆောက်လုပ်ပေးလျက်ရှိသည့် (၉၄) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်၌ တန်ဖိုးနည်း ယုဇနအိမ်ရာစီမံကိန်း အပိုင်း (၁)၊ (၉၂) ရပ်ကွက် စစ်တောင်းရိပ်မွန်၌ တန်ဖိုးနည်းယုဇနအိမ်ရာစီမံကိန်းအပိုင်း (၂)နှင့် (၈၉) ရပ်ကွက် တန်ဖိုးနည်းကနောင်အိမ်ရာ စီမံကိန်းတိုက်ခန်းများ အပါအဝင် ရောင်းချရာတွင် မည်သို့မည်ပုံ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းချက်နှင့်အညီ မည်သည့်နေ့ရက်တွင် ရောင်းချပေးမည်ကို အခြေခံလူတန်းစား ပြည်သူများ စိတ်ဝင်တစားစောင့်မျှော်လျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**

■

---

❍ ***ကျောဖုံးမှ***

ကမ္ဘောဇအေနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) အဖွဲ့ဝင်များ၊ မိတ်ဆွေ သူငယ်ချင်းများက လုပ်အားဒါနပြုခြင်းတို့ကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအစီအစဉ်အတွက် မြန်မာနိုင်ငံအနှံ့အပြားမှ ကလေးငယ်ပေါင်း ၁၇၀ ခန့် ကုသမှုခံယူရန် ရန်ကုန်မြို့သို့ရောက်ရှိနေပြီဖြစ်ပြီး အဆိုပါ ကလေးငယ်များထဲမှ ကျန်းမာရေးစစ်ဆေး၍ ခွဲစိတ်ရန်သင့်လျော်သည့် ကလေးငယ်များကို ရွေးချယ်ကာ စနစ်တကျ ခွဲစိတ်ကုသပေးမည် ဖြစ်သည်။

"Smile Asia အနေနဲ့ မြန်မာနိုင်ငံမှာ ၂၀၁၀ ပြည့်နှစ်ကတည်းက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်တွေကို နှစ်စဉ်ကုသပေးခဲ့တာပါ။ ပြီးခဲ့တဲ့ ငါးကြိမ်မှာ လူနာပေါင်း ၈၂၂ ဦးကို စမ်းသပ်စစ်ဆေးခဲ့ပြီး ၅၃၆ ဦးကို လှပတဲ့အပြုံးတွေပိုင်ဆိုင်ဖို့ ကျွန်တော်တို့ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်" ဟု Dr.VINCENT YEOW က ပြောသည်။

**တင်စိုး(မြန်မာ့အလင်း)**

---

✻ ***ကျောဖုံးမှ***

ဒီထက် ပိုတက်လာရင်တော့ ဆုံးရှုံးမှုတွေ များနိုင်တယ်"ဟု ဘုရားကုန်းကျေးရွာအုပ်စု ဝါးတောကျေးရွာနေ ဦးမြင့်ဝေက ပြောသည်။

စံကင်းကျွန်းမှ ဘုရားကုန်း၊ ဗျောသလန်း၊ အောက်ဆယ်၊ ကတုက္ကမ စသော ကျေးရွာအုပ်စုများမှ ရွာများရေနစ်မြုပ်လျက်ရှိရာ ရန်ကုန်မြို့ နာရေးကူညီမှုအသင်းနှင့် ညောင်တုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်များက ဩဂုတ် ၁၃ ရက်က ညောင်တုန်းမြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ဝါးတောကျေးရွာသို့ သွားရောက်ကာ ဆန်နှင့်စားသောက်ကုန်များ၊ ရေသန့်ဘူးများကို ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် လှူဒါန်းခဲ့ကြသည်။

**နေလင်း(ညောင်တုန်း)**




---

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဩဂုတ် ၁၄** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မန္တလေးမြို့၌ ၆ ဒသမ ၂၆ လက်မ၊ ရေးမြို့၌ ၅ ဒသမ ၄၀ လက်မ၊ လပွတ္တာမြို့၌ ၃ ဒသမ ၅၀ လက်မ၊ ပုသိမ်ကြီးမြို့၌ ၃ ဒသမ ၂၆ လက်မ၊ ထားဝယ်မြို့၌ ၃ ဒသမ ၁၈ လက်မ၊ မာန်အောင်မြို့၌ ၃ ဒသမ ၀၃ လက်မ၊ ကော့ကရိတ်မြို့၌ ၂ ဒသမ ၈၇ လက်မ၊ ပေါင်မြို့၌ ၂ ဒသမ ၃၆ လက်မ၊ ပုသိမ်မြို့၌ ၂ ဒသမ ၃၂ လက်မစီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

---






(ငြိမ်းချမ်းရေးကာတွန်းပြပွဲ - ၂၀၁၆ တွင် ပြသထားသော ကာတွန်းများမှ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။)

# ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားမှုကြောင့် အုတ်သဲကျောက်လုပ်ငန်းများ အရောင်းအဝယ်အေး

**ရန်ကုန် ဩဂုတ် ၁၄**

ယခုနှစ်အတွင်း အထပ်မြင့် အဆောက်အအုံအချို့ လုပ်ငန်းရပ်ဆိုင်းထားခြင်းကြောင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေများ အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။

"အခုက ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ အရောင်းအဝယ်အေးနေပေမယ့်စျေးနှုန်းတွေကတော့ ပုံမှန်ပါပဲ။ ရှစ်ပေါက် အုတ်တစ်လုံးကို ငွေကျပ် ၁၁၅ ကျပ်၊ သဲတစ်ကျင်းကို ငွေကျပ် ၈၀၀၀၊ ကျောက်တစ်ကျင်းကို ငွေကျပ် ၄၅၀၀၀ နဲ့ ဘိလပ်မြေ ဆင်တံဆိပ်က ငွေကျပ် ၅၆၀၀ပါ။ ရှစ်ပေါက် အုတ်ကတော့ စျေးကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်မီးသွေးနဲ့ ဖုတ်တာမို့လို့ပါ။ အရင်က ထင်းတွေနဲ့ ဖုတ်တော့ မိုးတွင်းဆို အုတ်က လိုသလောက်မရဘူး။ အခုတော့ လိုသလောက်ရတယ်။ ကျွန်တော်တို့ဆိုင်မှာ ယာဉ်လေးစီးနဲ့ လည်ပတ်နေပါတယ်။ အရင်က တစ်စီးကို တစ်နေ့ ငါးခေါက်လောက်ထွက်ရတယ်။ အခုတော့ သုံးခေါက်လောက်ပဲ ထွက်ရတော့ အလုပ်သမားတွေလည်း ဝင်ငွေလျော့ပြီး ကျွန်တော်တို့လည်း အရောင်းအဝယ် ပါးသွားတယ်။ အလုပ်သမားခက တစ်ယောက်ကို အတင်အချ တစ်ခေါက် ငွေကျပ် ၃၀၀၀ ပေးရတယ်။ အခုလို အရောင်းအဝယ်အေးတဲ့အချိန်မှာ သူတို့တွေလည်း ဝင်ငွေလျော့သွားတယ်"ဟု ၆ လမ်းထိပ် ပုသိမ်ညွန့်သဲကွင်းမှ အရောင်းစာရေး ကိုကျော်ဝင်းက ပြောသည်။

ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပါက အုတ်၊ သဲ၊ ကျောက် စျေးကွက်များ ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ၄င်းက သုံးသပ်ပြောကြားသည်။

**မောင်မောင်**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြည်သူများ၏ ကောင်းမွန်သောမျှော်လင့်ချက်များ ဖြည့်ဆည်းပေးနိုင်ကြပါစေ....

**ခင်မောင်ဦး**

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းဖြင့် ရာစုနှစ်များစွာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်တည်ရှိလာခဲ့ပြီးနောက် ၁၈၂၄ ခုနှစ်မှစတင်၍ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၊ ဒုတိယစစ်ပွဲ၊ တတိယစစ်ပွဲများ ဖြစ်ပွားပြီး ၁၈၈၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ်ကိုလိုနီဘဝသို့ ကျရောက်ခဲ့ပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် တောင်တန်းဒေသနှင့် ပြည်မကို သွေးခွဲအုပ်ချုပ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေခဲ့ပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အသက်သွေးချွေးများစွာဖြင့် နိုင်ငံတော်၏လွတ်လပ်ရေးကို ပြန်လည်အရယူရန်ကြိုးပမ်းခဲ့ရာ ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံကိုလွတ်လပ်ရေးမပေး၍ မဖြစ်နိုင် တော့သည့်အခြေအနေသို့ ရောက်ရှိလာပါသည်။ အင်္ဂလိပ်အစိုးရသည် တောင်တန်းဒေသများကိုချန်ထားပြီး ပြည်မကိုသာလွတ်လပ်ရေးပေးရန် ကြံရွယ်ခဲ့ပါသည်။

**ပင်လုံညီလာခံ**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်များက တောင်တန်းဒေသဖြစ်သော ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံညီလာခံကိုကျင်းပပြီး ၁၉၄၇ခုနှစ် ပင်လုံသဘောတူညီချက်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထိုစဉ်က မြန်မာအစိုးရဘက်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်၊ ချင်း၊ ရှမ်းတောင်တန်းဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များသည် လွတ်လပ်ရေးရပြီးသောအခါ အနာဂတ်မြန်မာနိုင်ငံတော်ကို ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ် တည်ထောင်ရန် ဗြိတိသျှတို့ထံမှ တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုကြောင်း သဘောတူလက်မှတ်ရေးထိုးကြခြင်း ဖြစ်ပါသည်။ မြန်မာအစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များအကြား ညှိနှိုင်းဆောင်ရွက်ပေးကြသူများဖြစ်သည့် ဦးအောင်ဇံဝေ၊ ဦးဖေခင်၊ ဗိုလ်မှူးအောင်၊ ဆာမောင်ကြီး၊ ဒေါက်တာစိန်မြမောင်၊ မြို့မဦးသန်းကြွယ်တို့နှင့် အခြားသောခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

ဤသို့ဖြင့် ပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးနောက် အချုပ်အခြာအာဏာပိုင်နိုင်ငံတော်တစ်ခုအတွက် မရှိမဖြစ်လိုအပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တိုင်းပြုပြည်ပြုလွှတ်တော်က ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ အခြေခံဥပဒေနှင့်အညီ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံများအလယ်၌ လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်အဖြစ် ပေါ်ပေါက်လာခဲ့ပါသည်။ ထိုအချိန်က မြန်မာနိုင်ငံအတွက် အသက်တမျှ အရေးအကြီးဆုံးအရာမှာ လွတ်လပ်ရေးရရှိရေးပင် ဖြစ်ပါသည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုတွင် အရေးအကြီးဆုံး ဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပင် ဖြစ်ပါသည်။ သို့ဖြစ်၍ လွတ်လပ်ရေးရရှိရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အမြန်ရေးဆွဲခဲ့ရပါသည်။ ထိုခေတ်ထိုအခြေအနေ၌ အကောင်းဆုံးဖြစ်အောင် ပညာရှင်များနှင့် နိုင်ငံ့ခေါင်းဆောင်များက ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ**

၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စတင်အာဏာတည်ပြီး အသက်ဝင်ခဲ့ပါသည်။ ဥပဒေတွင် အခန်းပေါင်း (၁၄) ခန်းနှင့် ပုဒ်မပေါင်း (၂၃၄) ခု ပါဝင်ပြီးဇယား (၄) ခု ပါရှိပါသည်။ တတိယဇယားတွင် စာရင်း - ၁ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းနှင့် စာရင်း - ၂ ပြည်နယ်ဥပဒေပြုစာရင်းဟု ခွဲခြားဖော်ပြထားပါသည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ထူးခြားသည့်ပြဋ္ဌာန်းချက်များကို အခန်း (၁၀)တွင် "ခွဲထွက်နိုင်သောအခွင့်အရေး"ခေါင်းစဉ်အောက်၌ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

ပုဒ်မ ၂၀၁။ ။ဤအခြေခံဥပဒေ၌သော်လည်းကောင်း၊ ပုဒ်မ ၁၉၉ အရ ပါလီမန်ကပြုသော အက်ဥပဒေ၌သော်လည်းကောင်း၊ အခြားပြဋ္ဌာန်းချက်ပြုထားခြင်းမရှိလျှင်၊ အောက်၌ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ၊ ပြည်ထောင်စုနိုင်ငံမှ ခွဲထွက်နိုင်ရန် ပြည်နယ်တိုင်း၌ အခွင့်အရေးရှိရမည်။

ပုဒ်မ ၂၀၂။ ။ဤအခြေခံဥပဒေအာဏာတည်သည့်နေ့မှ ဆယ်နှစ်အတွင်း ခွဲထွက်နိုင်သောအခွင့်အရေးကို အသုံးမပြုရ။

ပုဒ်မ ၂၀၃။ ။ (၁)ခွဲထွက်နိုင်သော အခွင့်အရေးကိုသုံးစွဲလိုသော ပြည်နယ်သည် ခွဲထွက်လိုကြောင်းအဆိုကို မိမိ၏ပြည်နယ်ကောင်စီတွင် တင်သွင်းအတည်ပြုရမည်။ ပြည်နယ်ကောင်စီရှိ အမတ်စုစုပေါင်းအနက် သုံးပုံနှစ်ပုံအောက်မလျော့သောအမတ်များက ထိုအဆိုကိုထောက်ခံ၍ မဲပေးခြင်းမပြုလျှင်၊ အတည်ပြုသည်ဟု မမှတ်ယူရ။

(၂) သက်ဆိုင်ရာပြည်နယ်၏ ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီ၏ ဆုံးဖြတ်ခြင်းကို နိုင်ငံတော်သမ္မတအား အကြောင်းကြားရမည်။ ထို့ပြင် အတည်ပြုလိုက်သော ကောင်စီ၏ သဘာပတိက ဟုတ်မှန်ကြောင်းလက်မှတ်ရေးထိုးသော ဆုံးဖြတ်ချက်မိတ္တူတစ်စောင်ကို နိုင်ငံတော်သမ္မတထံသို့ ပြည်နယ်ဥက္ကဋ္ဌက တင်ပြရမည်။

ပုဒ်မ ၂၀၄ ။ ။ထိုအခါ နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာပြည်နယ်၏ လူထုဆန္ဒပွဲကို ကျင်းပစေရန် အမိန့်ထုတ်ရမည်။ လူထုဆန္ဒပွဲကိုကျင်းပခြင်းမှာ သက်ဆိုင်ရာပြည်နယ်ရှိ ပြည်သူတို့၏ ဆန္ဒအမှန်ကိုသိနိုင်ရန်ဖြစ်သည်။

ပုဒ်မ ၂၀၅။ ။နိုင်ငံတော်သမ္မတသည် လူထုဆန္ဒပွဲကော်မရှင်တစ်ဖွဲ့ကို ခန့်ရမည်။ ထိုအဖွဲ့တွင် ပြည်ထောင်စုနိုင်ငံမှလည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်မှလည်းကောင်း ကိုယ်စားလှယ်ဦးရေအညီအမျှပါဝင်ရမည်။ ထိုအဖွဲ့သည် လူထုဆန္ဒပွဲကို ကြီးကြပ်စီမံရန်ဖြစ်သည်။

ပုဒ်မ ၂၀၆။ ။ဤအခန်းရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အဆိုပါ ခွဲထွက်နိုင်သော အခွင့်အရေးအသုံးပြုခြင်းနှင့်စပ်လျဉ်းသော ကိစ္စအားလုံးကို ဥပဒေဖြင့် စည်းမျဉ်းသတ်မှတ်ရမည်။

အထက်ဖော်ပြပါ ပုဒ်မ ၂၀၁ မှ ၂၀၆ အထိ ဖော်ပြထားသော ပြဋ္ဌာန်းချက်များကို သုံးသပ်ပါက ခွဲထွက်လိုသောပြည်နယ်များသည် အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ မိမိ၏ ပြည်နယ်ကောင်စီတွင် တင်သွင်းအတည်ပြုပြီး ပြည်နယ်ကောင်စီရှိ အမတ်စုစုပေါင်း၏ သုံးပုံနှစ်ပုံအောက် မလျော့သောထောက်ခံမှုရရှိရန် လိုအပ်ပါသည်။ ထိုသို့အတည်ပြုချက်ရရှိမှ နိုင်ငံတော်သမ္မတထံတင်ပြပြီး သက်ဆိုင်ရာပြည်နယ်လူထုဆန္ဒမဲကို ရယူရမည်ဖြစ်ပါသည်။ ထိုသို့ဆန္ဒမဲများရယူပြီးမှသာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဥပဒေစည်းမျဉ်းစည်းကမ်း သတ်မှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**တိကျရေရာမှုနည်းပါး**

အထက်တွင် တင်ပြခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် အဓိပ္ပာယ်ကောက်ယူရာ၌ အယူအဆအမျိုးမျိုးဖြစ်စေပြီး တိကျရေရာမှုနည်းပါးခဲ့ပါသည်။ ထို့အပြင် ၁၉၅၈ ခုနှစ် တွင် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော သောင်းကျန်းမှုများ၊ ရာဇဝတ်မှုများ၊ လက်နက်ကိုင်အဖွဲ့အချို့၏ အဓမ္မပြုမှုများ၊ နိုင်ငံရေးပါတီများနှင့် တပ်မတော်တို့အကြား မသင့်မြတ်ဖြစ်နေမှုများ၊ ပြည်သူများ၏ ကြောက်လန့်မှုများကို အကြောင်းပြု၍ အချိန်မီဖြေရှင်းနိုင်ရန် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရပါသည်။ ထို့နောက် ၁၉၆၂ ခုနှစ် သို့ရောက်သောအခါပြည်နယ်ခွဲထွက်ပြီး ပြည်ထောင်စုကြီး ပြိုကွဲမည့်အခြေအနေသို့ ရောက်ရှိရန် စိုးရိမ်ဖွယ်ရာအကြောင်းများ ပေါ်ပေါက်လာပြီး တပ်မတော်ကနိုင်ငံတော်၏ အာဏာကို ထိန်းသိမ်းခဲ့ပါသည်။

> **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဆီသို့လျှောက်လှမ်းနေချိန်တွင် ပြည်ထောင်စုမှ ခွဲမထွက်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးကို သတိပြုဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်**

**(၂၁)ရာစုပင်လုံ**

ယနေ့ ပြုလုပ်ကြိုးပမ်းလျက်ရှိသော အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးတို့ကို ဦးတည်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံကျင်းပရေး ဆောင်ရွက်နေသည့်ကာလတွင် ပြည်ထောင်စုမှ ခွဲထွက်မှုကိုသံသယရှိဖွယ် အပြောအဆို၊ အပြုအမူများ ပေါ်ပေါက်လာမည်ဆိုပါက တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ရလဒ်ကောင်းရရှိနိုင်မည်မဟုတ်ပါ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းနေချိန်တွင် ပြည်ထောင်စုမှခွဲမထွက်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးကို သတိပြုဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက ငြိမ်းချမ်းရေးမဆိုထားနှင့် အပစ်အခတ်ရပ်စဲရေးပင် ရရှိနိုင်မည်မထင်ပါ။ ယနေ့ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားများအကြား ရင်ကြားစေ့ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပြည်ထောင်စုမှခွဲထွက်မည့်ရည်ရွယ်ချက်ဖြင့် ဆွေးနွေးမှုများပါရှိခဲ့ပါမူ ငြိမ်းချမ်းရေး ဆွေးနွေးမှုများမှာမည်သည့်အခါမျှ အောင်မြင်မှုရရှိနိုင်မည်မဟုတ်ပါ။ ပြည်ထောင်စုမှ ခွဲထွက်ခြင်းမရှိဘဲ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ငြိမ်းချမ်းစွာတည်ဆောက်နိုင်ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ "ပင်လုံစာချုပ်"ချုပ်ဆိုခြင်းမပြုမီညတွင် နယ်စပ်ဒေသခေါင်းဆောင်များအား ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားခဲ့ရာတွင်"လူမျိုးရေးဆိုတာမှာလည်း ရှေးခေတ်ကဟာစ်အော်လာကြတဲ့ "အမျိုး ဘာသာ၊ သာသနာ၊ ပညာ"ဆိုတဲ့စကားမျိုးကို လက်သုံးပြုလို့ မလုံလောက်တော့ဘူး။ အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကိုတည်ရမလဲ။ ဗမာ၊ ကရင်၊ ကချင်၊ ချင်းနှင့် အခြားအမျိုးများလည်းရှိသေးတယ်။ တခြားနိုင်ငံများကိုကြည့်လိုက်လျှင် ဗမာပြည်မှာလို တိုင်းရင်းသားလူမျိုးအများအပြားရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်နှင့် ရုရှားပြည်တို့မှာလည်း သည်အတိုင်းပဲ။ အမေရိကန်ပြည်မှာလည်း အင်္ဂလိပ်စကားကို ပြောကြသော်လည်း အင်္ဂလိပ်၊ အီတလီစတဲ့ လူအမျိုးမျိုးတို့ စုပေါင်းပြီး လူမျိုးတစ်မျိုးဖြစ်အောင်ထူထောင်ပြီး သူတို့ကိုယ်ကို "အမေရိကန် " လို့ဆိုကြတာပဲ။ ဒါကြောင့် လူမျိုးရေးအားဖြင့်ကြည့်လျှင် တစ်မျိုးတစ်မျိုးတည်းကို လိပ်ခဲတည်းလည်းစွဲပြီး ယူဆလို့မဖြစ်နိုင်ဘူး။

ဘာသာစကားပင် တူသော်လည်း လူမျိုးခြားနားမှုလည်းရှိပါတယ်။ ဘာသာပင် မတူသော်လည်း လူမျိုးသီးခြားဖြစ်နေတာလည်းရှိပါတယ်။ ဥပမာအမေရိကန်ကို ကြည့်လျှင် လူအမျိုးမျိုးဖြစ်သော်လည်း ဘာသာစကားတူပါတယ်။ ရုရှားပြည်မှာဆိုရင် ဘာသာစကားအမျိုးပေါင်းများစွာကွာသော်လည်း လူမျိုးကတော့ တစ်မျိုးတည်းဖြစ်ပါတယ်။

သာသနာဆိုတာကတော့ ကိုယ်ကိုးကွယ်ချင်တဲ့ဘာသာ၊ သာသနာကို ကိုးကွယ်နိုင်ကြတာပဲ။ ဗမာပြည်မှာလူအများစုက ဗုဒ္ဓဘာသာဖြစ်ပေမယ့် ခရစ်ယာန်ဘာသာကိုးကွယ်မှု၊ မဟာမေဒင်ကိုးကွယ်သူ၊ နတ်ကိုးကွယ်သူ အမျိုးမျိုးရှိတာပဲ။ သည်တော့ ဒါတွေကိုစွဲပြီး လူမျိုးရေးတရားလုပ်လို့မဖြစ်နိုင်ဘူး"ဟု ပြောကြားခဲ့ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှာ လူမျိုးရေး၊ ဘာသာရေးနှင့် ပတ်သက်ပြီးခံယူကြရမည့်အချက်ကို ရှင်းလင်းထင်ရှားစွာ လမ်းညွှန်ခဲ့ခြင်းဖြစ်ပါသည်။

**ပြည်ထောင်စုစနစ်ကိုကျင့်သုံးသောနိုင်ငံများ**

ကမ္ဘာ့နိုင်ငံများတွင် ပြည်ထောင်စုစနစ်ကိုကျင့်သုံးသော နိုင်ငံများစွာရှိပါသည်။ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ ကနေဒါ၊ မက္ကဆီကို၊ နိုက်ဂျီးရီးယား၊ ဆွစ်ဇာလန်၊ အိန္ဒိယ၊ မလေးရှားစသည့် နိုင်ငံများသည် ပြည်ထောင်စုနိုင်ငံများ ဖြစ်ကြပါသည်။ ပြည်ထောင်စုနိုင်ငံများတွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရဟု ဖွဲ့စည်းအုပ်ချုပ်ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုတစ်ခုလုံးအတွက် ဥပဒေပြုခြင်းနှင့် မိမိပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်၊ အခွန်ကောက်ခံခွင့်၊ သယံဇာတအသုံးပြုခွင့်စသည့် အခွင့်အရေးများကို ခွဲဝေပိုင်းခြားထားပါသည်။

ကိုယ်ပိုင်ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်ပေးထားခြင်းမှာ လူမျိုးဘာသာကို အခြေခံ၍ ပေးထားခြင်းမဟုတ်ပါ။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကိုယ်ပိုင်ဆောင်ရွက်ခွင့်များကို ပေးထားခြင်းသာဖြစ်ပါသည်။ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုး ပေါင်းစုံနေထိုင်ကြပါသည်။ ထို့အတူ အခြားပြည်နယ်/တိုင်းဒေသကြီးများတွင်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြပါသည်။ သို့ရာတွင် လူဦးရေအနည်းအများ ကွာခြားမှုရှိပါသည်။ ထို့ကြောင့် လူမျိုးဘာသာကိုအစွဲပြု၍ ပြည်နယ် / တိုင်းဒေသကြီး သတ်မှတ်ခြင်းမဟုတ်ကြောင်း တွေ့နိုင်ပါသည်။

ကမ္ဘာပေါ်တွင်ရှိနေသော ပြည်ထောင်စုစနစ်၊ ဖက်ဒရယ်စနစ်ကျင့်သုံးသော နိုင်ငံများစွာတွင် ပြည်ထောင်စုနိုင်ငံကြီး တိုးတက်ဖွံ့ဖြိုးသာယာရေးအတွက် ပြည်နယ်များအားလုံး ပူးပေါင်းဆောင်ရွက်ပြီး နှစ်ကာလကြာမြင့်စွာ တည်ရှိလာခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်လည်း ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်ရေးသည် ပြည်နယ်များ ခွဲထွက်ခြင်းနှင့် သက်ဆိုင်မှုမရှိဘဲပေါင်းစည်း၍ ပြည်ထောင်စုကြီးအတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းများဖြင့် ပြည်ထောင်စုနိုင်ငံတည်ထောင်ရေး ပင်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မျက်နှာစုံညီအစည်းအဝေးကို ကချင်ပြည်နယ် မိုင်ဂျာယန်တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရှေးရှုပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံသို့ တညီတညွတ်တည်း သွားရန်အတွက်သာ အရေးကြီးကြောင်း၊ တူညီသောဘုံသဘောထား ရပ်တည်ချက်များ ချမှတ်နိုင်ရန် ဆွေးနွေးခဲ့ကြသည်ဟု သိရှိရပါသည်။ မိုင်ဂျာယန်အစည်းအဝေးဆုံးဖြတ်ချက်တွင် ပြည်ထောင်စုမှ ခွဲထွက်ရန်ဆိုသည့်အချက်မပါရှိသလို အဖွဲ့အစည်းတိုင်း ဆွေးနွေးမှုတိုင်းတွင် ငြိမ်းချမ်းရေးရရှိရန် စိတ်စေတနာကောင်းများဖြင့်ဆောင်ရွက်သွားပြီး ပြည်သူများ၏အလိုဆန္ဒများကို ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားများအားလုံးသည် ပြည်နယ်/တိုင်းဒေသကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် မိမိတို့၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်များကို မိမိတို့ဒေသအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် ပြည်ထောင်စုကြီးနှင့်အတူတကွ ဆောင်ရွက်ကြမှသာ ပြည်ထောင်စုနိုင်ငံတော် တည်တံ့ခိုင်မြဲအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ရောက်ရှိမည်ဖြစ်ပါကြောင်းနှင့် ပြည်သူများ၏ကောင်းမွန်သော မျှော်လင့်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# စုပေါင်းစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအများ၏ အခြေခံဝင်ငွေနှင့် လူမှုစီးပွားဘဝများတိုးတက်လာရေးသည် အဓိကအချက်ဖြစ်ရာ တောင်သူလယ်သမား ၃၀ ရာခိုင်နှုန်းပါဝင်သည့် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လယ်ယာ၊ သားငါးနှင့် ဒေသထွက်ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး၊ အလုပ်အကိုင်များ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးကို ဦးတည်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက ကျင်းပသည့် **"စုပေါင်းစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်း ဖွဲ့စည်းရေးညှိနှိုင်းဆွေးနွေးပွဲ"** အခမ်းအနားတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအခြေခံသော စုပေါင်းလုပ်ကိုင်သည့် သမဝါယမစီးပွားရေးစနစ်ကို ဖော်ဆောင်ပေးခြင်းဖြင့် စုပေါင်းထုတ်လုပ်ခြင်း၊ စုပေါင်းရောင်းချနိုင်ခြင်းတို့ကြောင့် ဈေးကွက်သို့တိုက်ရိုက်တင်ပို့ရောင်းချနိုင်သဖြင့် ကုန်သွယ်မှုစရိတ်များ လျှော့ချလာနိုင်မည်ဖြစ်ရာ ထုတ်လုပ်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်သကဲ့သို့ စားသုံးသူများအနေဖြင့်လည်း အပိုဆောင်းပေးနေရသည့် ကုန်သွယ်စရိတ် အမျိုးမျိုးတို့ကို ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ကျင့်သုံးလာမည့် အာဆီယံကုန်သွယ်ဖက် စီးပွားရေးစနစ်အရ အာဆီယံနိုင်ငံများအတွင်း လွတ်လပ်စွာ ကုန်သွယ်နိုင်ကြမည်ဖြစ်ရာ မိမိတို့ နိုင်ငံ၏ထုတ်ကုန်များအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းမီ အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်မှသာ ဒေသတွင်းနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါကြောင်း။

သို့ဖြစ်ရာ ဒေသအလိုက် စံပြကျေးရွာများရွေးချယ်၍ စိတ်ပါဝင်စားသော လူတန်းစားအလွှာ ပေါင်းစုံပါဝင်သည့် **စုပေါင်းစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းအဖွဲ့များကို သမဝါယမလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ ထူထောင်အကောင်အထည်ဖော်ပေးခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် အသင်းဝင်များ အားလုံးအနေဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြခြင်း၊ တာဝန်ရှိသူအသီးသီးတို့အနေဖြင့်လည်း အများပြည်သူကောင်းစားရေးကို ရှေးရှုသော စိတ်ကောင်းစေတနာတို့ဖြင့် ပြည်သူအများအားကိုးယုံကြည်ရသော အသင်းအဖွဲ့ကောင်းပုံရိပ်များ ဖော်ဆောင်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့်** ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင့်တို့က တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအား စံပြကျေးရွာ ရွေးချယ်၍ ဘက်စုံဖွံ့ဖြိုးရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြသူများအားလုံးကို ကျေးဇူးတင်ပါကြောင်းနှင့် ဒေသနေပြည်သူများအနေဖြင့် ကာလတိုအတွင်း မိမိတို့ဒေသဖွံ့ဖြိုးရေးကို အားထုတ်ကြိုးပမ်းပေးကြပါရန် ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက စံပြကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကောင်အထည်ဖော်ပေးမည့် စီမံချက်များအား ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကျေးရွာရပ်မိရပ်ဖများ၊ စုပေါင်းစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းဝင်များက စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ တောင်သူ ဦးမောင်သင်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်း လယ်ယာသို့ရောက်ရှိကြပြီး စိုက်ကွင်းများ၊ မွေးမြူရေးခြံများ၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးရာ တောင်သူ ဦးမောင်သင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသားများနှင့် ဂုဏ်ထူးရဘာသာပြ ဆရာ ဆရာမများအား ဂုဏ်ပြုဆုပေး

**ကျောက်တလုံးကြီး ဩဂုတ် ၁၄**

ပထမအကြိမ် ကျောက်တလုံးကြီးဒေသ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရဘာသာပြ ဆရာ ဆရာမများအား ဂုဏ်ပြုဆုပေးပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျောက်တလုံးကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(ခွဲ)(ဆောင်းဖိုး)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ ဂုဏ်ပြုဆုပေးပွဲကို ဖွင့်လှစ်ပေးပြီး ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် နာယက ဦးအောင်ခမ်းထီ၊ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီးက တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံးဆုကို အထက(ကျောက်တလုံးကြီး) ဘက်စုံပညာထူးချွန်ဆုကို အထက(ဟမ်းဆီး)၊ အားကစားထူးချွန်ဆုကို အထက(လုံကား)၊ ကျောင်းတွင်းစိမ်းလန်းစိုပြည်ရေးထူးချွန်ဆုကို အထကခွဲ(နောင်ခဲ)၊ စည်းရုံးရေးထူးချွန်ဆုကို အထကခွဲ (ဆောင်းဖိုး) တို့ကို ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများက လက်ခံယူကြသည်။

ထို့နောက် ဂုဏ်ထူးရဘာသာသင် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပေးအပ်ပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား တောင်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်နှင့် တာဝန်ရှိသူများက ဆက်လက်ပေးအပ်သည်။

ယင်းနောက် ကျောက်တလုံးကြီးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာေမင်းက ဆုပေးပွဲဖြစ်မြောက်ရေး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ခွန်အာကာ(ကျောက်တလုံးကြီး)**



ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံအတွင်း၌ ဩဂုတ် ၁၄ ရက် ညနေပိုင်းက ပိုကီမွန်ဂိုးဂိမ်း ကစားနေသူ လူငယ်များအား တွေ့ရစဉ်

(ဓာတ်ပုံ-မောင်မောင်)

# ကော့သောင်းမြို့မှ ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက်ရောင်းချသည့်ငါးများ ဈေးနှိမ်ခံရ



**ကော့သောင်း ဩဂုတ် ၁၄**

ကော့သောင်းမြို့မှ ရေလုပ်ငန်းလုပ်ကိုင်သည့် ငါးဖမ်းလှေလုပ်သားများ ထိုင်းနိုင်ငံ ငါးဈေးကွက်သို့ တရားဝင်ငါးများ သွားရောက်ရောင်းချရာတွင် ယခုရက်ပိုင်းအတွင်း ငါးဈေးများ နှိမ်၍ဝယ်ယူခြင်းခံနေရကြောင်း ဒေသခံငါးဖမ်းလုပ်သားများမှတစ်ဆင့် ဩဂုတ် ၁၂ ရက်က ကြား သိရသည်။

ဒေသခံ ငါးဖမ်းလှေလုပ်သားများ ထိုင်းနိုင်ငံ ငါးဈေးကွက်သို့ သက်ဆိုင်ရာ မြန်မာနိုင်ငံငါးလုပ်ငန်းဌာနတွင် အခွန်အခများပေးဆောင်ပြီး တရားဝင်ခွင့်ပြုချက် အထောက်အထားများဖြင့် ထိုင်းနိုင်ငံငါးဈေးကွက်သို့ သွားရောက်ရောင်းချရာတွင် ငါးဝယ်ယူသည့် ထိုင်းလုပ်ငန်းရှင်များက သာမန်ငါးဖမ်းနည်းဖြင့် ဖမ်းဆီးရရှိသောငါး မှန်ကန်ကြောင်း၊ အဆိပ်ခတ်ခြင်း၊ ယမ်းခွဲ၍ ငါးဖမ်းခြင်းစသည့် နည်းဖြင့် ဖမ်းခြင်းမဟုတ်ကြောင်း၊ ကန့်သတ်တားမြစ်ထားသည့် ငါးဖမ်းပိုက်၊ ကိရိယာများဖြင့် ဖမ်းဆီးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ၊ တာရှည်ခံစေရန် ဖော်မလင်ကဲ့သို့ ဓာတုဗေဒဆေးရည်ထိုးခြင်း၊ စိမ်ခြင်း၊ ဖျန်းထားခြင်း ရှိ မရှိ၊ အဆိပ်အတောက်ကင်းရှင်းပြီး စားသုံးရန် သင့်ကြောင်း ထောက်ခံစာအပါအဝင် စာရွက်စာတမ်းများ တောင်းခံကြောင်း၊ စာရွက်စာတမ်းမပြည့်စုံလျှင် ဝယ်ယူခြင်းမပြုကြောင်း သိရသည်။

သို့သော် မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ငါးပုစွန်၊ ကဏန်း စသည့် ရေထွက်ပစ္စည်းများအား ထိုင်းနိုင်ငံ ပင်လယ်နယ်နိမိတ်အတွင်းမှ ဖမ်းယူရရှိကြောင်း၊ အမည်ခံ၍ရောင်းချလျှင် ဝယ်ယူကြောင်း၊ ထိုသို့ အမည်ခံရသဖြင့် ငါးဈေးကို ပေါက်ဈေးထက်များစွာ နှိမ့်ချ၍ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့(EU)မှ အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ဖြေလျှော့ပေးခြင်း မရှိသေးသောကြောင့် ဤသို့ ဖြစ်ဟန်တူကြောင်း၊ ဒေသခံရေလုပ်သားများအနေဖြင့် ပင်လယ်လှိုင်းလေ အခက်အခဲများအကြား အပင်ပန်းခံ လုပ်ကိုင်ရှာဖွေသမျှ အကျိုးဖြစ်ထွန်းမှု နည်းပါးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ရေလုပ်ငန်းဖွံ့ဖြိုးရာ မြို့ကြီးများတွင် ပင်လယ်ရေထွက်ပစ္စည်း ရောင်းဝယ်ရေးဈေးကွက်များ ဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိကြောင်း ရေလုပ်သားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးငြိမ်း၏ သုံးသပ်ပြောကြားချက်အရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးကြီးနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်မှ နေရာကွက်၍လည်းကောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားတွင်လည်းကောင်း မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း သိုင်းချောင်းတံတား ရေတိုက်စား၍ကျိုးကျ

**ရေတာရှည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ခြောက်မိုင်သစ်တောကျေးရွာအနီးရှိ သာဂရ-ကိုးပင်ရိုးမ ဖြတ်ကျော်ကားလမ်း မိုင်တိုင်အမှတ် (၅/၇)နှင့် (၆/၀) အကြားရှိ သိုင်းချောင်းမကျည်းမြောင်တံတား အကျယ်ပေ ၃၀ ၊ အရှည် ၂၅ ပေ၊ အုတ်ဖိနပ်ခံ၊ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၂၇)မှာ ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ ရီခွဲခန့်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေတိုက်စားမှုကြောင့် မြေသားနံရံများအိကျကာ တံတားကျိုးကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားကျိုးကျမှုကြောင့် ယာဉ်များသွားလာမှု ပြတ်တောက်ခဲ့ကြောင်း သိရသည်။ "ညကမိုးအတော်ရွာတယ်။ ဒီနေ့မွန်းလွဲပိုင်းမှာ ဝုန်းဆိုတဲ့အသံကြီးကြားမှ သွားကြည့်တော့ တံတားကျိုးကျသွားတာ တွေ့ရတယ်"ဟု ခြောက်မိုင်သစ်တောကျေးရွာ ဒေသခံတစ်ဦးက ပြောကြားသည်။ တံတားကျိုးကျသွားသည့်အတွက် ငွေကျပ် သိန်း ၁၆၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါ တံတားကျိုးကျရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးကာ လမ်းအချိန်မီဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# မလေးရှားက ပြန်ခဲ့တယ်...

**သတင်းဆောင်းပါး-ခင်ရတနာ**
**ဓာတ်ပုံ-အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၊ မေဦးမိုး**



ပင်လယ်ပြင်ကို တိုက်ခတ်လာသော လေများက ကျောပြင်တစ်ခုလုံးကို ကျရောက်လျက်ရှိသည်။ နေလောင်ပါများသဖြင့် နီညိုသောအရောင်ဖြစ်လာသည့်ကျောပြင်သည် ပူလောင်မှု၊ ပင်ပန်းဆင်းရဲမှုတို့၏ တံဆိပ်ပင်ဖြစ်သော်လည်း သူ့နားမနေခဲ့ပါ။ ရရှိလာသောလစာကလေးကို ခြစ်ခြုတ်စုဆောင်းကာ အိမ်သို့ ပြန်ပို့နိုင်ရေးအတွက် အဓိကထား စဉ်းစားနေမိသည်။ ခြေသလုံးအထိ ဖုံးလွှမ်းနေသည့်သဲများကို အားဖြင့် ထိုးကော်လိုက်ရင်း စိတ်အာရုံက ဇာတိမြေသို့ ရောက်ရှိသွားသည်။

ပန်းဆိုးတန်းလမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့် ပထမထပ်တစ်ခု၌ ငွေကျပ်သိန်း ၂၀ ပေးအပ်ကာ မလေးရှားသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ကိုမျိုး (အမည်လွှဲ)က ပြောကြားသည်။ ကာယကံရှင်က သူ့ဖြစ်ရပ်ကို ဆင်ခြင်နိုင်ဖွယ်ပြောပြနေသော်လည်း ခါးသီးသည့် လေးနှစ်တာ အတိတ်ဆိုးကိုမူ မေ့ဖျောက်ပစ်လိုဟန်ဖြင့် နာမည်ရင်းသုံးစွဲခြင်းကို လက်မခံပေ။

**မင်္ဂလာဦးလက်ဖွဲ့ငွေကျပ် သိန်း ၂၀**

ကျိုက်လတ်မြို့နယ်မှ ရွာငယ်ကလေးတစ်ခုတွင် မွေးဖွားလာခဲ့ပြီး တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားဖူးခဲ့သူ ကိုမျိုးက မိဘတို့၏ မင်္ဂလာဦးလက်ဖွဲ့ငွေကျပ်သိန်း ၂၀ ကို အရင်းအနှီးအဖြစ်အသုံးပြုကာ နိုင်ငံခြားတွင် စီးပွားလာရှာခြင်းဖြစ်သည်။

"ရောက်ရောက်ချင်း ကွာလာလမ်ပူကနေ ကားနဲ့ လေးနာရီလောက် သွားရတဲ့ ကမ်းခြေတစ်ခုကို ရောက်တယ်။ ကျွန်တော့်လို မြန်မာလေးယောက်နဲ့ အတူတူသွားရတာ။ သောင်တူးသင်္ဘောပေါ်ကနေ သဲတွေကို ချပေးတယ်။ ကျွန်တော်တို့တာဝန်က သဲတွေကို ကုန်းပေါ်တင်ရတဲ့အလုပ်ပါ။ တစ်လကို ရင်းဂစ် ၆၀၀ ရတယ်။ ရောက်စမှာ အားလုံးပျော်ပျော်ရွှင်ရွှင်ပဲ။ လကုန်တော့ လစာကအပြည့်မရဘဲ အလုပ်ချိန်မပြည့်လို့ဆိုပြီး ၄၀၀ ပဲ ရတယ်။ ရိက္ခာအပြည့်မပေးလို့ ဖြစ်သလိုစားရတယ်။ လကုန်တော့ ကျွန်တော့်လစာ ၄၀၀ ကို ခရီးဆောင်အိတ်ထဲကနေ ခိုးတာခံရတယ်။ ငိုလိုက်ရတာ မပြောပါနဲ့။ အလုပ်ချိန်က တစ်ရက်သုံးဆိုင်းဆိုတော့ ပိုတဲ့အချိန်မှာ ကျွန်တော်တို့ အခြားအလုပ်တွေ လုပ်လို့ရမလားရှာကြည့်တော့ ကုန်တင်ကုန်ချအလုပ်တစ်ခု အဆင်ပြေလာခဲ့တယ်။ တစ်နေ့ကို ရင်းဂစ် ၂၀နဲ့ အလုပ်ထပ်လုပ်တယ်။ ဒုတိယလကုန်သွားတော့ သဲတင်ပို့တဲ့အလုပ်က လစာမပေးဘူး။ နောက် ၁၀ ရက်နေမှ ရမယ်တဲ့။ ကံကောင်းတာက ကျွန်တော့်လက်ထဲမှာ နေ့စားလုပ်ရတဲ့ ငွေလေး ရင်းဂစ် ၂၀၀ လောက်ရှိနေပြီ။ မလေးရှားရောက်ပြီး လေးလအရောက်မှာ သူငယ်ချင်းနဲ့ပေါင်းပြီး ထွက်ပြေးတယ်။ တဖြည်းဖြည်းနဲ့ အလုပ်စုံလာပြီး လူကလည်း အတော်လေး ရည်လည်လာခဲ့တော့ နေသားကျလာသလို ဖြစ်လာတယ်။ ဒီလိုနဲ့ သက်တမ်းတွေလည်းကျော်လာခဲ့ပြီး ကျွန်တော် Overstay တစ်ယောက် ဖြစ်လာခဲ့တော့တယ်"ဟု သူ့အတိတ်ကို ပြောပြသည်။

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ လာရောက်အလုပ်လုပ်ကိုင်ရင်း ဒုက္ခရောက်ကြသည့် မြန်မာအများစုသည် ဘာသာစကားအခက်အခဲ၊ လုပ်ငန်းကျွမ်းကျင်မှုအားနည်းချက်၊ ရောက်ရှိသည့်နိုင်ငံများ၏ ကျင့်သုံးလျက်ရှိသော ဥပဒေများနားလည်မှုမရှိခြင်းနှင့် အချင်းချင်းညီညွတ်မှုအားနည်းခြင်းတို့ကြောင့် ဖြစ်ရကြောင်း မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်း၌ ခြောက်လခန့် နေထိုင်ခဲ့ရပြီး အလှူရှင်များကူညီမှုဖြင့် ရန်ကုန်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသူများထံမှ သိရှိရသည်။

မလေးရှားနိုင်ငံသည် သွားလာစရိတ်သက်သာခြင်းနှင့် အလုပ်အကိုင်ပေါများခြင်းတို့ကြောင့် တစ်လလျှင် မလေးရှားနိုင်ငံသို့ လူဦးရေ ၃၀၀၀ ခန့် သွားရောက်လျက်ရှိနေကြောင်း မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများက ပြောကြားသည်။

မလေးရှားနိုင်ငံသို့ သွားရောက်ကြသူအများစုမှာ အထွေထွေအလုပ်သမားနှင့် ရွှေ့ပြောင်းအလုပ်သမားအများစုဖြစ်ကြပြီး ကျွမ်းကျင်သည့်လုပ်ငန်းဆိုင်ရာ အတတ်ပညာအားနည်းခြင်းကြောင့် လစာရရှိမှုတွင်လည်း နှိမ့်ချခံနေရဆဲပင်ဖြစ်သည်။

**ကိုယ့်တိုင်းပြည်မှာပဲ လုပ်ကိုင်စားဖို့ ဆုံးဖြတ်**

"ဘယ်ကိုမှ ထပ်မသွားတော့ပါဘူး။ ကိုယ့်တိုင်းပြည်မှာပဲ လုပ်ကိုင်စားဖို့ ဆုံးဖြတ်လိုက်ပြီ။ မလေးရှားမှာ သုံးနှစ်လုံးလုံး ဒုက္ခရောက်ခဲ့ရတယ်။ ကျွန်တော်ကတော့ ထိန်းသိမ်းရေးစခန်းမှာ သက်သောင့်သက်သာ နေခွင့်ရခဲ့တယ်။ အဓိကကတော့ မလေးစကားကို သူများထက်ပိုပြီး ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တော့ သက်သာတာပါ။ အတူတူနေရတဲ့ သူငယ်ချင်းတွေကတော့ နှိပ်စက်တာ ခံရတယ်။ စခန်းတွေရောက်စမှာ ပိုဆိုးတယ်။ နောက်ပိုင်းကြာလာတော့မှ နည်းနည်းတော်သွားတာ။ အဓိကကတော့ သွားမယ်ဆိုရင် တရားဝင်ဖြစ်အောင်လုပ်ပြီးမှ သွားကြတာ အကောင်းဆုံးပါပဲ။ ရှောင်တိမ်းနေရတာက သူများတိုင်းပြည်မှာ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သလို အချင်းချင်း တိုင်ကြတာ၊ အနိုင်ကျင့်ကြတာလည်း ဖြစ်တတ်ပါတယ်"ဟု ပြန်လည်ရောက်ရှိလာသူ ကိုသီဟက ဖြေကြားသည်။



လက်ဖဝါးနှစ်ဖက်ကို ဆုပ်ချည်ဖြန့်ချည်လုပ်ကာ စိတ်လှုပ်ရှားနေဟန်ရှိသည့် အမျိုးသားတစ်ဦးကို လေဆိပ်ပရဝဏ်အတွင်းမြင်တွေ့ရပြီး အမိမြေသို့ ပြန်လည်ရောက်ရှိလာခဲ့သည့် ခံစားချက်ကိုမေးမြန်းကြည့်ရာ "စိတ်ထဲမှာ ဝမ်းနည်းနေတယ်။ ကျွန်တော် အိမ်နဲ့ အဆက်အသွယ်ပြန်ရတာ သုံးရက်ပဲရှိပါသေးတယ်။ ကျွန်တော့်သမီးနဲ့ အမျိုးသမီးလာကြိုတယ်။ သူတို့ကို မြင်ရလို့ ပျော်သလိုဖြစ်ပေမယ့် သူတို့အတွက် ဘာမှ မလုပ်ပေးနိုင်ခဲ့လို့ စိတ်မကောင်းဘူး။ သုံးနှစ်ရှိပြီ၊ သူတို့ကို ပိုက်ဆံမပို့နိုင်ဘဲ ဒုက္ခရောက်ခဲ့တာ"ဟု ပြန်လည်ဖြေကြားသည်။

**ကျွမ်းကျင်တဲ့အတတ်ပညာမရှိ**

ထိုသူ့ကိုပဲ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း စဉ်းစားထားသည့် ဘဝရပ်တည်မှုအကြောင်းနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ "ကျွန်တော့်မှာ ကျွမ်းကျင်တဲ့ အတတ်ပညာမရှိပါဘူး။ ဇာတိက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ဘက်က ဖြစ်ပါတယ်။ ပြန်သွားရင် ဘာ အလုပ်လုပ်ကိုင်စားရမလဲ မစဉ်းစားရသေးဘူး"ဟု ပြန်လည်ဖြေကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လေယာဉ်ပေါ်တွင် ဖြည့်စွက်ရန်ပေးသည့် အလုပ်သမားစိစစ်ချက်ပုံစံစာရွက်မူကြမ်းကို ထုတ်ကာပြသည်။ "အလုပ်သမားရုံးက ပြည်တွင်းမှာ လုပ်ကိုင်လိုတဲ့ အလုပ်အကိုင်ကို ဖြည့်စွက်ခိုင်းတယ်။ ကျွန်တော်အမှန်ပြောရရင် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသေးဘူး။ ကျွန်တော်တို့ကို ပြန်ခေါ်ပေးတာကိုပဲ ကျေးဇူးတင်ရတယ်"ဟု စိတ်လှုပ်ရှားစွာ ပြောသည်။

**မြန်မာနိုင်ငံသားတစ်သောင်းကျော် မလေးရှားမှ ပြန်လည်ခေါ်ယူ**

မလေးရှားနိုင်ငံရှိ အကျဉ်းစခန်း ၁၁ ခု၌ မြန်မာအလုပ်သမားများ ထိန်းသိမ်းခံနေကြရသည်ကို ၂၀၁၅ ခုနှစ်မှစတင်၍ နိုင်ငံသားစိစစ်ကာ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံသား ၁၀၉၁၄ ဦးအထိ ခေါ်ယူခဲ့ကြောင်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရှိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ မြန်မာနိုင်ငံသား ၂၂၉၄ ဦးကိုလည်း ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့် Mother Trading ကုမ္ပဏီတို့၏ အဓိကဦးဆောင်မှုဖြင့် အခြားအလှူရှင်များစုပေါင်းကာ ပြန်လည်ခေါ်ယူခြင်းကို ယခုလအတွင်း စတင်နေပြီဖြစ်သည်။

**အလုပ်အကိုင်ရရှိရေးကူညီပေးသွားမည်**

လေယာဉ်တစ်စင်းမှာ လူပေါင်း ၁၃၇ ဦး လိုက်ပါနိုင်ပါတယ်။ တစ်ဦးကို လေယာဉ်လက်မှတ်ခ အမေရိကန်ဒေါ်လာ ၂၈၀ ကုန်ကျပါတယ်။ အလုပ်သမားတွေကို ထောက်ပံ့ကြေးတွေလည်း အလှူရှင်တွေက ပေးအပ်ကြသလို IOM ကလည်း ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အကူအညီတွေပေးနေပါတယ်။ ပြန်လည်ရောက်ရှိလာသူတွေကို နေရပ်ပြန်နိုင်တဲ့အထိ ကူညီပေးနေပါတယ်။ ဒါ့အပြင် လေယာဉ်ပေါ်မှာ စိစစ်ချက် ၁၄ ချက်ကို ဖြည့်စွက်ခိုင်းပြီး ပြည်တွင်းအလုပ်လုပ်ကိုင်လိုသူတွေအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ပြည်နယ်က အလုပ်သမား ညွှန်ကြားရေးရုံးတွေကနေ တစ်ဆင့် အလုပ်အကိုင်ရရှိမှုအတွက် ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ပြောကြားသည်။

ယင်းအစီအစဉ်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

**တစ်နေ့ ၁၂ နာရီလုပ်ရ**

"ငယ်တုန်းငွေရှာချင်လို့ သွားခဲ့တာပါ။ တရုတ်သူဌေးက တစ်နေ့ကို ၁၂ နာရီ ခိုင်းတယ်။ အခြေခံလစာ ရင်းဂစ် ၉၀၀ ရပါတယ်။ အချိန်ပိုကြေးက တစ်နာရီကို ၅ ရင်းဂစ်ပဲရတယ်။ တစ်ရက်ခွင့်ယူရင် တစ်နေ့ခ ရင်းဂစ် ၃၅ လောက် ဖြတ်တယ်။ အလုပ်မဆင်းရင် မဆင်းတဲ့နေ့စာဖြတ်ရုံမကဘူး အလုပ်ရှင်ကို ဒဏ်ကြေး၊ နစ်နာကြေးပေးရတယ်။ စားစရိတ်နုတ်၊ အသုံးစရိတ်နုတ်လိုက်ရင် ကျွန်တော်တို့ တစ်လကို ရင်းဂစ် ၅၀၀လောက်ပို့နိုင်ဖို့ အတန်တန် ကြိုးစားရတယ်။ အဓိကကတော့ ကျွမ်းကျင်မှုအားနည်းတာ၊ တရားဝင်မဟုတ်တာ၊ သူတို့ဥပဒေတွေနဲ့ ငြိနေတာတွေကြောင့် ဖြစ်ပါတယ်။ ကံကောင်းသူတွေလည်း ရှိပါတယ်။ ကံဆိုးသူလည်း မနည်းဘူး"ဟု ပြန်လည်ရောက်ရှိသူ ကိုသက်က ပြောကြားသည်။ ။



ဘယ်ကိုမှ ထပ်မသွားတော့ပါဘူး။ ကိုယ့်တိုင်းပြည်မှာပဲ လုပ်ကိုင်စားဖို့ ဆုံးဖြတ်လိုက်ပြီ။ မလေးရှားမှာ သုံးနှစ်လုံးလုံး ဒုက္ခရောက်ခဲ့ရတယ်။ ကျွန်တော်ကတော့ ထိန်းသိမ်းရေးစခန်းမှာ သက်သောင့်သက်သာ နေခွင့်ရခဲ့တယ်။ အဓိကကတော့ မလေးစကားကို သူများထက်ပိုပြီး ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တော့ သက်သာတာပါ။ အတူတူနေရတဲ့ သူငယ်ချင်းတွေကတော့ နှိပ်စက်တာခံရတယ်။ စခန်းတွေရောက်စမှာ ပိုဆိုးတယ်။ နောက်ပိုင်းကြာလာတော့မှ နည်းနည်းတော်သွားတာ။ အဓိကကတော့ သွားမယ်ဆိုရင် တရားဝင်ဖြစ်အောင်လုပ်ပြီးမှ သွားကြတာ အကောင်းဆုံးပါပဲ။ ရှောင်တိမ်းနေရတာက သူများတိုင်းပြည်မှာ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သလို အချင်းချင်း တိုင်ကြတာ၊ အနိုင်ကျင့်ကြတာလည်း ဖြစ်တတ်ပါတယ်

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး တစ်တပ်တစ်အား ပါဝင်



ဩဂုတ် ၁၂ ရက်က အောင်လံမြို့မရဲစခန်းရှိ တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များ ပေးအပ်လှူဒါန်းစဉ်



ဩဂုတ် ၁၃ ရက်က စဉ့်ကူးမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များက ကမ်းပြို ပြောင်းရွှေ့အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် အစားအသောက်များ ပေးအပ်လှူဒါန်းစဉ်



ဩဂုတ် ၁၄ ရက်တွင် ရဲတပ်ဖွဲ့ဝင်များကကျောင်းကုန်းမြို့နယ်ရှိ ရေဘေးသင့် ပြည်သူများအတွက် ယာယီနေအိမ်များ ကူညီဆောက်လုပ်ပေးစဉ်



ဩဂုတ် ၁၄ ရက်က ရတနာနုလုံးသား လူမှုရေးအဖွဲ့က ကျောင်းကုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ရေသန့်နှင့် စာအုပ်များ ပေးအပ်လှူဒါန်းစဉ်



ဩဂုတ် ၁၃ ရက်က သထုံမြို့ကျိုက္ကော်ရပ်ကွက်ဈေးအတွင်း ရေဝင်နေသဖြင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးအတွင်းရှိ ပစ္စည်းများအား ရေလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်များ ရေတိုက်စား၍ ပျက်စီးသွားသော လမ်း၊ တံတားများ ပြုပြင်ပေးနေစဉ်

ဩဂုတ် ၁၃ ရက်က ရန်ကုန်မြောက်ပိုင်း ခရိုင် အမှတ်(၉) ယာဉ်ထိန်းတပ်ဖွဲ့က တိုက်ကြီးမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်နှင့် အဝတ်အထည်များ သွားရောက်လှူဒါန်းစဉ်



# ရေလှောင်တမံကြီးများနှင့် ဆည်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၉၄၇၄ | ၁.၆၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၉၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၂၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၂၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၄၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁.၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁.၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀.၄၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၅၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၇၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၄.၃၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅.၅၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၁၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၆၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၂၀' |
| ၁၈။ | ဝါးပါးရေလှောင်တမံ | မွန်- သထုံမြို့ | ၄၁၅၀ | ၀.၂၅' |
| ၁၉။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၇၀' |
| ၂၀။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၇၀' |
| ၂၁။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၀.၂၀' |
| ၂၂။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၈၀' |

(သတင်းစဉ်)

# လူဝီစီယားနားပြည်နယ်၌ ရေလွှမ်းမိုးမှုကြောင့် လူသုံးဦးသေဆုံး၊ ထောင်ပေါင်းများစွာကယ်ဆယ်ခဲ့ရ



**လူဝီစီယားနား ဩဂုတ် ၁၄**

အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ်၌ ဆိုးဆိုးရွားရွား ရေကြီးမှုကြောင့် လူသုံးဦးထက်မနည်းသေဆုံးခဲ့ပြီး လူထောင်ပေါင်းများစွာကို ကယ်ဆယ်ခဲ့ရသည်။ အမျိုးသားလုံခြုံရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ကားများနှင့် နေအိမ်များမှ လူများကို ရဟတ်ယာဉ်များအသုံးပြု၍ ကယ်ဆယ်ခဲ့ရသည်။ မိုးရွာသွန်းမှုမှာ ရပ်တန့်ဖွယ် မရှိသေးဘဲ သီတင်းပတ်အကုန်ထိ ဆက်လက်ရွာသွန်းဖွယ်ရှိသည်။

ပျောက်ဆုံးနေသောလူများကို ဆက်လက်ရှာဖွေဆဲဖြစ်သည်။ သောကြာနေ့ ကတည်းကစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ပြီး အချို့နေရာများ၌ မိုးရေချိန် ၁၇ လက်မကျော် ရှိခဲ့သည်။ အိမ်နီးချင်းပြည်နယ်များဖြစ်သည့် အလက်ဘားမားနှင့် မစ္စစ္စပီတို့၌လည်း ဆိုးရွားသည့် ရာသီဥတုဒဏ်ကို ခံစားနေရသည်။ လူဝီစီယားနား အုပ်ချုပ်ရေးမှူး ဂျွန်ဘယ်အက်ဒဝပ်က သောကြာနေ့တွင် အဆိုပါပြည်နယ်ကို အရေးပေါ်အခြေအနေကြေညာခဲ့သည်။

၎င်းနှင့် သူ၏မိသားစုသည်လည်း ရေလွှမ်းမိုးမှုကြောင့် အခြားနေရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ အသက် ၃၂ နှစ်အရွယ်ရှိ ရှာနီတာ အန်ဂရမ်က ၎င်း၏ မိသားစုနှင့်အတူ အိမ်အတွင်း၌ ပိတ်မိနေခဲ့ပြီးနောက် ရဲစခန်းသို့ ဖုန်းဆက်ကာ အကူအညီတောင်းခံခဲ့သည်။ မြွေများကိုလည်း နေရာအနှံ့၌ တွေ့နေရကြောင်း ၎င်းကအေပီသတင်းဌာနသို့ ပြောခဲ့သည်။ လူဝီစီယားနားနှင့် မစ္စစ္စပီတို့ရှိမြစ်များစွာမှာ ယခုအခါ ရေကြီးလျက်ရှိသည်။ အချို့သောမြစ်များမှာ ယခင်နှစ်က မှတ်တမ်းများနှင့်နှိုင်းယှဉ်ကြည့်လျှင် လေးပေခန့် မြင့်တက်လာနိုင်သည်ဟု အုပ်ချုပ်ရေးမှူး အက်ဒဝပ်က ပြောသည်။

**(ဘီဘီစီ)**

---

## ဆေးဝါးနှင့် အစားအသောက်များ ဝယ်ယူနိုင်ရေး ဗင်နီဇွဲလားနှင့် ကိုလံဘီယာနယ်စပ်ဂိတ်ပြန်ဖွင့်

**ကရာကတ် ဩဂုတ် ၁၄**

ဗင်နီဇွဲလားနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့အကြား နယ်စပ်ဂိတ်ကို လွန်ခဲ့သော တစ်နှစ်ခန့်က ပိတ်ထားခဲ့ခြင်းဖြစ်ရာ ယခုအခါ၌ ပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံမှ ပြည်သူများသည် နယ်စပ်ကိုဖြတ်ကျော်၍ အစားအစာနှင့် ဆေးဝါးဝယ်ယူနိုင်ရေး မျှော်လင့်ချက်ဖြင့် ညလုံးပေါက်တန်းစီခဲ့သည်။ ဗင်နီဇွဲလား နိုင်ငံ၌ စီးပွားရေးအကျပ်အတည်းများကြောင့် အစားအစာနှင့်ဆေးဝါးများ ပြတ်တောက်လျက်ရှိသည်။

အသက် ၁၇ နှစ်အရွယ်ရှိ ဝေးလ်မာရီဆယ်စီဒိုက ၎င်းသည် မာရာကေးမြို့မှနေ၍ ဤနေရာသို့ မိုင်ပေါင်း ၅၀၀ ဖြတ်သန်း၍ လာခဲ့ရကြောင်း၊ အစားအသောက်အတွက် အခက်အခဲရှိ၍ သကြား၊ ဆန်နှင့် ဟင်းချက်ဆီတို့ ဝယ်ယူရန်မျှော်လင့်ထားကြောင်း ပြောခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံမှ စတိုးဆိုင်များနှင့် စူပါမားကက်များတွင် အခြေခံစားသောက်ကုန်များ ပြတ်လပ်လျက်ရှိသည်။ လူရာပေါင်း ထောင်ပေါင်းများစွာ တန်းစီနေသော လူတန်းကြီးကို တွေ့မြင်ရပြီး အဓိကရုဏ်းများ၊ အချင်းချင်းရန်ဖြစ် သတ်ဖြတ်မှုများမှာ မြင်နေကျမြင်ကွင်းများပင်ဖြစ်ကြသည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုသည် လွန်ခဲ့သောနှစ် ဩဂုတ်လမှစတင်ကာ မှောင်ခိုသမားများနှင့် မြေအောက်အဖွဲ့အစည်းများ၏ရန်ကို ကာကွယ်ရန်ဟုဆိုကာ နယ်စပ်ကို ယာယီပိတ်ထားခဲ့သည်။ နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်ကြောင်း သမ္မတမာဒူရိုက ကြာသပတေးနေ့၌ ကြေညာခဲ့သည်။

ကိုလံဘီယာနိုင်ငံနှင့် ကုန်သွယ်မှုများ၊ စီးပွားရေးများ ပြန်လည်လုပ်ဆောင်ရန် စိတ်ဝင်စားလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောခဲ့သည်။

**(ရိုက်တာ)**

---

## နယူးယောက်၌ ဘာသာရေးခေါင်းဆောင်နှင့် ၎င်း၏လက်ထောက်တို့သေနတ်ဖြင့် ပစ်သတ်ခံရ

**နယူးယောက် ဩဂုတ် ၁၄**

နယူးယောက်၌ အစ္စလာမ်ဘာသာဝင် ဘာသာရေးခေါင်းဆောင်တစ်ဦးနှင့် ၎င်း၏ လက်ထောက်တစ်ဦးသည် စနေနေ့ ညနေခင်းအချိန်တွင် Queens Borough ရှိ ဘာသာရေးအဆောက်အအုံမှထွက်လာစဉ် သေနတ်သမားတစ်ဦးက ပစ်သတ်မှု ဖြစ်ပွားခဲ့သည်။

ဒေသခံများ၏ပြောပြချက်အရ ၎င်းတို့နှစ်ဦးသည် စနေနေ့ညနေခင်းက အယ်လ်ဖာ ကန်မက်စ်ဂျစ် ဘာသာရေးအဆောက်အအုံအနီးတွင် မွန်းလွဲ ၂ နာရီခန့်က ချောင်းမြောင်း ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။ သေနတ်သမားသည် ရိုးရာဝတ်စုံများဆင်မြန်းထားသည့် ၎င်းတို့နှစ်ဦး၏နောက်မှ နောက်ယောင်ခံလိုက်ပါလာခဲ့ပြီး နှစ်ဦးစလုံး၏ ဦးခေါင်းကို သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။ သေနတ်သမားမှာလည်း မြင်ကွင်းမှ ထွက်ပြေးပျောက်ကွယ်သွားခဲ့သည်။ ရဲများက သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

**(ဆင်ဟွာ)**

---

# မီလ်ဝေါကီ၌ သံသယရှိသူအား ရဲအရာရှိက သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် ဆန္ဒပြမှုဖြစ်ပွား

**မီလ်ဝေါကီ ဩဂုတ် ၁၄**

လက်နက်ကိုင်ဆောင်တိုက်ခိုက်သူတစ်ဦးဟု သံသယရှိသူအား ကင်းလှည့်ရဲအရာရှိတစ်ဦးက စနေနေ့ညသန်းခေါင်ယံအချိန်တွင် သေနတ်ဖြင့် ပစ်ခတ်လိုက်ပြီးနောက် ဆန္ဒပြဆန့်ကျင်သူများ ထွက်ပေါ်လာပြီး မီလ်ဝေါကီ၌ အုတ်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြကာ သေနတ်များဖြင့်ပစ်ခတ်၍ ဓာတ်ဆီဆိုင်ကိုမီးရှို့ခဲ့ခြင်းများ ဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

အဆိုပါနေ့ညနေခင်းက ယူနီဖောင်းဝတ် ရဲအရာရှိတစ်ဦးသည် သံသယရှိသူအား နောက်မှလိုက်လံဖမ်းဆီးရန် ကြိုးပမ်းခဲ့ပြီး မီးပွိုင့်သို့အရောက်တွင် သေနတ်ဖြင့် ပစ်ခတ်လိုက်ကြောင်း မီလ်ဝေါကီရဲအဖွဲ့က ပြောခဲ့သည်။

သံသယရှိသူမှာ မည်သူဖြစ်ပြီး သေနတ်ပစ်ခတ်ခဲ့သည့် ရဲအရာရှိမှာ မည်သူဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပေ။ သေဆုံးသူမှာ အသက် ၂၃ နှစ်အရွယ်အမျိုးသားတစ်ဦးဖြစ်သည်။ ၎င်းသည် ကြာရှည်စွာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရဖူးသည့် မှတ်တမ်းများရှိပြီး ခိုးယူထားသည့် လက်လုပ်သေနတ်ကို ကိုင်ဆောင်ထားကြောင်း သိရသည်။

ဆန္ဒပြလူအုပ်သည် ဓာတ်ဆီဆိုင်ကို မီးရှို့ကာ ရဲတပ်ဖွဲ့ကားတစ်စီး၏ ပြတင်းမှန်ကိုရိုက်ခွဲခဲ့ပြီး နောက်တစ်စီးကို မီးရှို့ခဲ့သည်။

**(ရိုက်တာ)**






## ဗာဂျီးနီးယား လေယာဉ်ပျက်ကျမှု သေဆုံးသူဦးရေမြင့်တက်

**ဗာဂျီးနီးယား ဩဂုတ် ၁၄**

၁၉၆၉ ခုနှစ်လုပ် အင်ဂျင်နှစ်လုံးတပ်လေယာဉ် Beech 95-B55 လေယာဉ်သည် သောကြာနေ့က ဝါရှင်တန်ဒီစီအနောက်တောင်ဘက် ၅၅ မိုင်အကွာ Shannon လေဆိပ်အစွန်တွင် ပျက်ကျခဲ့ရာ အင်ဒီယားနားမိသားစုဝင်သုံးဦးနှင့် ဂျာမန်ကျောင်းသားတစ်ဦးအပါအဝင် လူခြောက်ယောက် သေဆုံးခဲ့သည်။

လေယာဉ်သည် မွန်းလွဲ ၁၂ နာရီ ၂၄ မိနစ်တွင် သစ်ပင်များအကြား ပျက်ကျခဲ့ပြီး ချက်ချင်းမီးစွဲလောင်ခဲ့ကြောင်း ဗာဂျီးနီးယား ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ Corinne Geller က ပြောပြခဲ့သည်။ လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို ဒေသရဲတပ်ဖွဲ့၊ အမျိုးသား သယ်ယူပို့ဆောင်မှုလုံခြုံရေးဘုတ်အဖွဲ့နှင့် ဖက်ဒရယ်လေကြောင်းစီမံခန့်ခွဲမှုအဖွဲ့က စုံစမ်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(ဘီဘီစီ)**

---

## ဆီးရီးယားနိုင်ငံမှ အဓိကမြို့ အိုင်အက်စ်တို့လက်မှလွတ်မြောက်

**ဒမတ်စကတ် ဩဂုတ် ၁၄**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အဓိကမြို့တစ်မြို့ကိုယခုအခါ၌ အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် တပ်ဖွဲ့ဝင်များက အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ပြီ ဖြစ်သည်။ အိုင်အက်စ်အဖွဲ့သားတို့က လူသားဒိုင်းများအဖြစ် အသုံးပြုထားသည့် ဒေသခံများ လွတ်မြောက်ခဲ့ပြီဖြစ်သည်။ ကာဒ့်နှင့် အခြားသောတပ်ဖွဲ့ဝင်များက တူရကီနယ်စပ်အနီး မြို့တစ်မြို့ဖြစ်သည့် မန်ဘိုင်မြို့ကို အိုင်အက်စ်တို့လက်ထဲမှ ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု သောကြာနေ့က ကြေညာခဲ့သည်။ မန်ဘိုင်မြို့သည် အိုင်အက်စ်အဖွဲ့အတွက် အဓိကမဟာဗျူဟာကျသည့် မြို့တစ်မြို့လည်းဖြစ်သည်။ ယင်းမြို့သည် တူရကီမှတစ်ဆင့် အိုင်အက်စ်တို့ထံသို့ တိုက်ခိုက်ရေးသမားများနှင့် လက်နက်များထောက်ပံ့ရာ၌ အချက်အချာကျသည့် မြို့လည်းဖြစ်သည်။ မန်ဘိုင်မြို့မှဒေသခံ ၂၀၀၀ ကျော်သည် ၎င်းတို့လွတ်မြောက်သွားသည့်အတွက် ဝမ်းမြောက်ခဲ့ကြသည်။ ဗီဒီယိုဖိုင်များ၌ ဒေသခံအချို့က ကာဒ့်တပ်ဖွဲ့ဝင်များကို ဝမ်းပန်းတသာ ပွေ့ဖက်ခဲ့ကြသည်။

ယခုအခါ၌ အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်၊ ဆီးရီးယားနှင့်လစ်ဗျားတို့ရှိ စစ်ပွဲများ၌ ရှုံးနိမ့်ခြင်းများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# ပန်းကလေးများ မနွမ်းကြစေချင်....

**စိမ်း(ဥပဒေ)**

ကလေးဘဝတဲ့။ သိပ်ကိုအပြစ်ကင်းတဲ့ကလေးဘဝ။ စိုင်းထီးဆိုင်ရဲ့သီချင်းထဲ ကလို အပြစ်မသိသေးတဲ့ကလေးလေးဘဝကို တစ်ခါပြန်ပြီးရချင်သေးတယ် ဆိုသလို အကျိုးအပြစ်ကို ကောင်းစွာ နားမလည်တဲ့ကလေးဘဝ၊ မိခင်ဝမ်းက ကျွတ်ပြီး လူသားအဖြစ်မွေးဖွားလာခါစမှာ ဦးနှောက်အသိဉာဏ်ထဲ ပကတိ အဖြူရောင်နဲ့ ကလေးဘဝ။ စိတ်မှာရိုးရှင်းစွာ တွေးခေါ်တဲ့ကလေး ဘဝ။ လောကကြီးရဲ့မာယာတွေကို မသိရှိတဲ့ကလေးဘဝ။

လူတန်းစားအရ၊ မျိုးရိုးအရ၊ ပတ်ဝန်းကျင်အရ မွေးဖွားကြီးပြင်းလာပုံ ကွာခြားပေမယ့် အဖြူရောင်စိတ်ကလေးတွေကတော့ အတူတူပါပဲ၊ ယနေ့ လူငယ် နောင်ဝယ်လူကြီးတဲ့ ၊ ကလေးကောင်းမှ လူကြီးကောင်း၊ လူကြီးကောင်းမှ အားလုံး ကောင်းမယ်တဲ့။ မှန်ပါတယ်။ ယနေ့ ကမ္ဘာပေါ်မှာရှိတဲ့ တိုးတက်ဖွံ့ဖြိုးပြီးဖြစ်တဲ့ နိုင်ငံအတော်များများမှာ ကလေးတွေကို သိပ်တန်ဖိုး ထားကြတာ အထင်အရှားပါ။ ကလေးတွေကို ရှေ့တန်းတင်ကြတယ်။ အနာဂတ် တိုင်းပြည်ရဲ့တိုးတက်မှု၊ အနာဂတ် ကမ္ဘာကြီးရဲ့တိုးတက်မှုဟာ ကလေးတွေရဲ့လက်ထဲမှာပါ။ တစ်နေ့တခြား ဆုတ်ယုတ်ယိုယွင်းလာတဲ့ ကမ္ဘာကြီးကို ကယ်တင်မယ့်သူတွေဟာ ကလေးတွေပါ။

ဒီနေ့ ကမ္ဘာ့ခေါင်းဆောင်တွေဟာ တစ်ချိန်တုန်းက ကလေးပါ။ အမေရိကန်သမ္မတ အိုဘားမားလည်း တစ်ချိန်တုန်းက ကလေးလေးပါ။ ကမ္ဘာက သိတဲ့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလည်း တစ်ချိန်က ကလေးလေးပါ။ ဒီပုဂ္ဂိုလ်တွေဟာ ကလေးဘဝမှာ လွတ်လပ်စွာ ဆော့ကစားရင်းနဲ့ ကြီးပြင်းလာကြပြီး ပင်ကိုဉာဏ်ရည်ထက်မြက်မှု၊ ကောင်းတဲ့ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရမှုတွေကြောင့် ထူးချွန်တဲ့ ခေါင်းဆောင်ကောင်းတွေအဖြစ် ရပ်တည် နေကြတာပါ။

ကမ္ဘာ့ကလေးများနေ့၊ မြန်မာနိုင်ငံကလေးများနေ့ကို သတ်မှတ်ပေးကြတာ ဘာကြောင့်ပါလဲ။ အဖြေကရှင်းပါတယ်။ ကလေးတွေကို တန်ဖိုးထား တတ်စေချင် လို့ပါ။ ကလေးတစ်ယောက်ရဲ့ရပ်တည်ရှင်သန်မှုကို သတိရစေချင်လို့ပါ။

ယနေ့ ကျွန်မတို့ ပတ်ဝန်းကျင်မှာ ကလေးအများအပြားကို နေ့စဉ် မြင်တွေ့ နေရပါတယ်။ မူလတန်းပြ ကျောင်းဆရာမလေးအဖြစ် ရပ်တည်နေတဲ့ ကျွန်မဘဝမှာ ကလေးပေါင်းမြောက်မြားစွာကို နေ့စဉ်မြင်တွေ့နေရပါတယ်။ ဝန်ထမ်းသားသမီး တွေ၊ လက်လုပ်လက်စား ဈေးသည်သားသမီးတွေ၊ အရာရှိသားသမီးတွေ၊ လယ်သမားသားသမီးတွေ အစုံပါပဲ။ မွေးဖွားကြီးပြင်းလာတဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမတူကြပေမယ့် ကျွန်မရဲ့အမြင်မှာတော့ ကလေးတွေဟာ အတူတူ ပါပဲ။ နေ့စဉ် အပြစ်ကင်းတဲ့ အဖြူရောင် မျက်ဝန်းလေးတွေ။ အပြစ်ကင်းတဲ့ အပြုံးလှလှလေးတွေကို ပိုင်ဆိုင်ထားကြတဲ့ ကလေးလေးတွေပါပဲရှင်။ ဒီကလေး တွေသည် နောင်တစ်ချိန်မှာ အနာဂတ်ရဲ့ခေါင်းဆောင်တွေ ဖြစ်လာကြမှာပါ။

နံနက်တိုင်း ကျောင်းတက်ခေါင်းလောင်းထိုးပြီးတာနဲ့ သူတို့လေးတွေ ဘုရားရှိခိုးကြပါတယ်။ ငါးပါးသီလရဲ့ အကျိုးအပြစ်ကို ကျွန်မ မကြာခဏရှင်းပြပေး ပြီး ဆုံးမပါတယ်။ သူတစ်ပါးပစ္စည်းကို သေးသေးလေးကအစမယူဖို့ မသိအောင် ယူတာဟာ ခိုးတာနဲ့ အတူတူပဲ၊ ဒီလိုခိုးရင် ဘယ်လိုအပြစ်မျိုးကို ခံရတတ်တယ်ဆို တဲ့အကြောင်း။ လိမ်ညာမပြောဖို့၊ လိမ်ညာပြောတာကို ဘယ်သူကမှ မနှစ်သက်တဲ့ အကြောင်းလေးကို ကဗျာလေးနဲ့ တစ်မျိုး၊ ပုံပြင်လေးနဲ့ တစ်ဖုံ ကျွန်မပြောပြပါတယ်။

ဒါဟာ ဘာလဲဆိုတော့ ကောင်းသော ပတ်ဝန်းကျင်မှာ ကြီးပြင်းရတဲ့ ကလေးတွေ ဟာ ကောင်းတဲ့စကားကို ကြားရတာပါ၊ အကျိုးအပြစ်ကို ပြောပြတဲ့ မိဘဆရာ သမားတွေနဲ့ ဆုံစည်းရတဲ့ အကျိုးတွေပါ။

ကျွန်မရဲ့ တပည့်လေးတွေလည်း တစ်ခါတစ်ရံ အပြစ်သေးသေးလေးတွေကို ကျူးလွန်တတ်ကြပါတယ်။ ဒါပေမယ့် ကျွန်မတစ်ခါမှ သူတို့လေးတွေရဲ့ စိတ်ကို ဒဏ်ရာအနာတရ ဖြစ်စေလောက်တဲ့၊ အရှက်ရစေလောက်တဲ့ အပြစ်ပေးမှုမျိုးကို မကျင့်သုံးပါဘူး။ ဘာကြောင့်ဆို ကျွန်မက ကလေးသူငယ် အခွင့်အရေးကို အလေး ထားလို့ပါ။ (၁) ရှင်သန်ခွင့် (၂) ဖွံ့ဖြိုးတိုးတက်ခွင့် (၃)ကာကွယ် စောင့်ရှောက်မှု ရပိုင်ခွင့် (၄) ပါဝင်ဆောင်ရွက်ခွင့်ဆိုတဲ့ ကလေးသူငယ်အခွင့်အရေး လေးမျိုးရှိပါတယ်။

ယနေ့ကမ္ဘာပေါ်ရှိ ကလေးများ ဒီကလေးသူငယ်အခွင့်အရေးကို အပြည့်အဝ ဘယ်နှစ်ဦးရရှိနေပါသလဲ။ ဒါမေးစရာပါ။ သိပ်ကိုအရေးကြီးပါတယ်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရတဲ့ ကလေးတွေ၊ ကလေးအလုပ်သမားတွေ ဒုနဲ့ဒေးပါပဲ။ ဒါဆို ဒီကလေးတွေအတွက် ဥပဒေတွေရော မရှိဘူးလား။ ရှိပါတယ်။ ဒီဥပဒေတွေက ကလေးသူငယ်တွေကို အပြည့်အဝကာကွယ် ပေးထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄ မှာ ပြဋ္ဌာန်းထားတဲ့ လူ့သိက္ခာညှိုးနွမ်းသေးသိမ် စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိ။ ကလေးသူငယ် ဥပဒေပုဒ်မ ၁၆ (က) အရ ကလေး သူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကြောင်းမဲ့ ထိပါးခြင်းမခံရစေရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများက ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်ရမည်။

ကလေးသူငယ် နည်းဥပဒေအရ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းသည် ကလေးသူငယ်၏ တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများ ထိခိုက် ဆုံးရှုံးမှု မရှိစေရန် ကာကွယ်စောင့်ရှောက်ပေးရမည်။ နည်းဥပဒေပုဒ်မ ၁၄ အရ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းသည် ကလေးသူငယ်၏ တရားဝင် ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ် ဆုံးရှုံးနစ်နာကြောင်းတွေ့ရှိလျှင် ဆုံးရှုံးနစ်နာသည့် အခွင့် အရေးများ အပြည့်အဝရရှိစေရန် လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထား သည်ကို တွေ့ရပါတယ်။

လတ်တလောလေးမှာ ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာပေါ်မှာ သတင်း တစ်ပုဒ်ဖတ်လိုက်ရပါတယ်။ ....မြို့နယ်အတွင်းက ရွာလေးတစ်ရွာမှာ ခိုးမှု တစ်ခုဖြစ်ပွားခဲ့ပါတယ်။ ပြစ်မှုကျူးလွန်တာက ဆယ့်နှစ်နှစ်အရွယ် ကလေး သူငယ်လေးတစ်ယောက်ပါ။ ဒါကို အဲဒီမြို့က လူတွေက ဘယ်လိုအပြစ်ပေး သလဲဆိုတော့ ကလေးရဲ့လည်ပင်းမှာ စာတန်းတစ်ခု ချိတ်ဆွဲပေးလိုက်ပါတယ်။ “ ငါသူခိုးပါ” တဲ့။ ဒီသတင်းဟာ လူမှုကွန်ရက်စာမျက်နှာမှာအတော်လေးကို ပျံ့နှံ့ နေပါပြီ။ ကျွန်မကိုယ်တိုင်လည်း ဒီသတင်းကိုဖတ်ပြီး အတော်လေးကို စိတ် မကောင်းဖြစ်ရပါတယ်။ ဒီကလေး အမှန်တကယ်ပြစ်မှုကျူးလွန်သည်ပဲထားပါဦး။ ဒီလို လူလယ်ကောင်မှာ အပြစ်ပေးသင့်ပါရဲ့လား။ စဉ်းစားစရာတွေပါ။ ဒီကလေးက ဘာကြောင့် ဒီပြစ်မှုကို ကျူးလွန်ပါသလဲ။ သူ့ရဲ့ မိဘမျိုးရိုးကြောင့်လား၊ သူ့ရဲ့ ပင်ကိုဗီဇကြောင့်လား၊ သူ့ရဲ့ ပတ်ဝန်းကျင်ကြောင့်လား၊ ဘာကြောင့်လဲ။ ကျွန်မတို့ တွေ ဒါကိုအရင်သုံးသပ်ရမယ်ထင်ပါတယ်။

ကလေးတိုင်းရဲ့ပကတိစိတ်ကလေးသည် အဖြူရောင်ပါ။ အဲဒီ အဖြူရောင်ကို အရောင်ဆိုးပေးလိုက်တာက ပတ်ဝန်းကျင်ပါ။ ဒီကလေးရဲ့ စိတ်ကလေးဟာလည်း အဖြူရောင်လေးပါ။ ကလေးတစ်ယောက်ကို လူပုံအလယ်မှာ အရှက်ခွဲသလို အပြစ်မပေးသင့်ဘူးလို့ ကျွန်မထင်ပါတယ်။ သူဒီလိုပြစ်မှုကိုကျူးလွန်ရင် သူ့ကို လူငယ်ထိန်းသိမ်းရေးကျောင်းကိုပို့ပြီး ပြုပြင်ပေးလို့မရဘူးလား။ အခုလိုအပြစ်ပေး ခြင်းဟာ ပဒေသရာဇ်ခေတ်က ရာဇဝတ်သားကို မြို့လယ်ကောင်မှာအပြစ်ပေးခြင်း နဲ့တောင် တူနေသလိုပါပဲ။

ပျက်အစဉ်ပြင်ခဏဆိုတာ အလကားထားခဲ့တဲ့ စကားပုံမဟုတ်ပါဘူး။ ပြင်လို့မရတဲ့ အမှားဆိုတာ မရှိပါဘူး။ ကလေးတစ်ယောက်ရဲ့ လမ်းလွဲနေတာကို တည့်မတ်ပေးရမှာ ကျွန်မတို့ လူကြီးတွေပါ။ ဒီလိုတည့်မတ်ပေးရမှာ ပဲ့ကိုင်ပေးမယ့် ပဲ့ကိုင်ရှင်ဟာ မိဘနဲ့ ဆရာသမားပါ။ မိဘကောင်းနဲ့ မကြီးပြင်းရရင်တောင်မှ ပတ်ဝန်းကျင်ကောင်းနဲ့တော့ ဆုံဆည်းနိုင်လောက်ပါရဲ့။ လောကကြီးမှာ ကျွန်မတို့ မသိသေးတဲ့ ဘဝတွေအများကြီးပါ။ အဲဒီဘဝတွေရဲ့နောက်ကွယ်က ဆေးစက်ကျရာ အရုပ်ထင်ရတဲ့ ကလေးတွေလည်း အများကြီးပါ။ အဲဒီကလေးတွေရဲ့ စုတ်ချက် ကြမ်းကြမ်းတွေနဲ့ လမ်းလွဲနေတဲ့ ပန်းချီကားတစ်ချပ်ကို အသက်ဝင်လာအောင် ကျွန်မတို့အားလုံးဝိုင်းဝန်းပြီးတော့ ပြုပြင်ပေးလို့ ရပါသေးတယ်။

ယခုဖြစ်ရပ်က ကလေးကို ဒီလိုအပြစ်ပေးလိုက်တာဟာ အဲဒီကလေးရဲ့စိတ်ကို သတ်လိုက်သလိုပါပဲ။ ကလေးရဲ့မိမိကိုယ်ကို ယုံကြည်စိတ်တွေ ပျောက်ဆုံးသွားနိုင် ပါတယ်။ ကလေးရဲ့ ဘဝတစ်လျှောက်လုံး အရိပ်မည်းကြီး လွှမ်းမိုး မခံရစေချင်ပါ။ ကလေးရဲ့အနာဂတ်မပျက်သုဉ်းပါစေနဲ့။ ကမ္ဘာကြီးအတွက် လူစွမ်းအား အရင်းအမြစ် တစ်ခု မဆုံးရှုံးပါစေနဲ့။ ကမ္ဘာပေါ်က ပန်းကလေးတစ်ပွင့် မနွမ်းကြေပါစေနဲ့လို့ ကျွန်မဆန္ဒပြုလိုက်ပါတယ်။

**ယနေ့ ကမ္ဘာပေါ်မှာရှိတဲ့ တိုးတက်ဖွံ့ဖြိုးပြီးဖြစ်တဲ့ နိုင်ငံအတော်များများမှာ ကလေးတွေကို သိပ်တန်ဖိုးထားကြတာ အထင်အရှားပါ။ ကလေးတွေကို ရှေ့တန်းတင်ကြတယ်။ အနာဂတ် တိုင်းပြည်ရဲ့တိုးတက်မှု၊ အနာဂတ် ကမ္ဘာကြီးရဲ့တိုးတက်မှုဟာ ကလေးတွေရဲ့လက်ထဲမှာပါ။ တစ်နေ့တခြား ဆုတ်ယုတ်ယိုယွင်းလာတဲ့ ကမ္ဘာကြီးကို ကယ်တင်မယ့်သူတွေဟာ ကလေးတွေပါ။**

# မြန်အောင်၌ သပြေကုန်း-ဒေါင်းကျ ကျေးရွာအုပ်စုချင်းဆက်လမ်းမပေါ် ရေကျော်ပျက်စီးလျက်ရှိ

**မြန်အောင် သြဂုတ် ၁၄**

မြန်အောင်မြို့နယ် အတွင်းရှိ သပြေကုန်း-ဒေါင်းကျ ကျေးရွာအုပ်စု ချင်းဆက်လမ်းမပေါ် ရေကျော်၍ ပျက်စီးလျက်ရှိရာ သွားလာရေး အဆင် မပြေကြောင်း ဒေသခံကျေးရွာပြည်သူ များထံမှ သိရသည်။

သပြေကုန်း-ဒေါင်းကျ ကျေးရွာ အုပ်စုချင်းဆက် လမ်းမပေါ် သာဦး ကုန်းတံတားအနီးနှင့် မဲဇင်းတံတား အနီးတွင် သြဂုတ် ၅ ရက်မှ ၁၃ ရက်အထိ ခုနစ်ရက်ကျော် လမ်းမပေါ် ရေ ကျော်လျက်ရှိရာ ကား၊ ဆိုင်ကယ်နှင့် စက်ဘီးများသွားလာရေး အဆင် မပြေကြောင်း သိရသည်။

မြန်အောင် - ရွှေပြည်သာ - ဒေါင်း ကျ - သပြေကုန်းလမ်းသည် မြန်အောင် မြို့အား မြောက်မှတောင်သို့ ရေကာတာ နှင့်အပြိုင် အလျားလိုက် ဖောက်လုပ် ထားသောလမ်းဖြစ်သည်။

မိုးရာသီတွင် ရေကာတာပေါ် ကားများ သွားလာခြင်းကိုပိတ်ထားရာ မြန်အောင်-ရွှေပြည်သာ-ဒေါင်းကျ- သပြေကုန်းလမ်းကို အဓိကထား၍ ကုန်စည်စီးဆင်းမှု အသုံးပြုလျက်ရှိပြီး လမ်းဘေးဝဲယာ ကျေးရွာအုပ်စုများနေ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုး တက်ရေးအတွက် မြန်အောင်-ရွှေပြည် သာ - ဒေါင်းကျ- သပြေကုန်းလမ်းကို ပြုပြင်ပေးစေလိုကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**



# ဟိုပန်၌ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုဖြစ်

**ဟိုပန် သြဂုတ် ၁၄**

‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်ခရိုင် ဟိုပန်မြို့တွင် သြဂုတ် ၁၄ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် တောင်ကျချောင်း ရေကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ မြို့လယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် နမ့်ဆောင်ချောင်းသည် တောင်ကျချောင်းရေ ကြောင့် ရေကြီးမှုဖြစ်ပွားပြီး ပန်လုံလမ်း၊ ဈေးနှင့် မန်ခွန်ရပ်ကွက် အနိမ့်ပိုင်းနေအိမ်များ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

ရေကြီးနစ်မြုပ်ရာသို့ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ရေဘေးသင့်ပြည်သူများ သည် ရေလွတ်ရာ ဆွေမျိုးများနေအိမ်များတွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် လည်းကောင်း ယာယီတည်းခို နေထိုင်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# သဘာဝသစ်သီး အခြေခံစားသောက်ကုန် ထုတ်လုပ်မှုသင်တန်းဖွင့်

**တပ်ကုန်း သြဂုတ် ၁၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေစုကျေးရွာအုပ်စု ရွှေစုကျေးရွာတွင် သဘာဝသစ်သီးအခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်း (၃/၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၁၃ရက်က အဆိုပါ ကျေးရွာ တောင်သူစိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဟိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါသင်တန်းဖွင့်ပွဲတွင် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ၂၀ နှင့်ဒေသခံပြည်သူ ၇၀ ခန့် တက်ရောက်၍ သင်တန်းကာလမှာ တစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# ရန်ကုန်-ပုသိမ်ကားလမ်း ရေကျော်နေသော်လည်း သွားလာမှုအဆင်ပြေ

**ရန်ကုန် ဩဂုတ် ၁၄**

ယခုလပိုင်း မိုးရွာသွန်းမှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသသွား အဓိက ကားလမ်းဖြစ်သည့် ရန်ကုန်-ပုသိမ် ကားလမ်း၏ ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်အပိုင်း နေရာ အများအပြားတွင် ကားလမ်းရေမြုပ်ပြီး ယာဉ်ငယ်များ ခဲယဉ်းစွာ ဖြတ်ကျော် မောင်းနှင်နေကြရသည်။ အထူးသဖြင့် ဒါးကကျေးရွာ မီးရထားလမ်းနှင့် ကားလမ်းဖြတ်နေရာတွင် ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ညပိုင်းတွင် ကုန်ကားငယ်များ အန္တရာယ်ရှိသဖြင့် စောင့်ဆိုင်းပြီး နံနက်ပိုင်းတွင် မောင်းနှင်ရလေ့ရှိကြောင်း ရန်ကုန်-ပုသိမ်သွား ကုန်ကားလုပ်သားများက ပြောသည်။

ယခုနှစ်ရေကြီးချိန်တွင် ယာဉ်အသွားအလာ ပြတ်တောက်သွားခြင်း မရှိဘဲ ယာဉ်ကြီးများ သတိထားဖြတ်သန်းမောင်းနှင်၍ရကြောင်း သိရသည်။

ရန်ကုန်-ပုသိမ်ကားလမ်း၏ ဒါးကမှ ကံကလေးလမ်းဆုံးအပိုင်းထိ ကားလမ်း ရေကျော်မှုများသဖြင့် ၁၀ ပေ၊ ၁၂ ပေ ကုန်ကားငယ်များရေပြင်တွင် ကားဘီးမြုပ်လုနီးပါးအနေအထားဖြင့် ဖြတ်သန်းနေရာ တင်ဆောင်လာသော ကုန်ပစ္စည်းများရေစိုလျှင် ပစ္စည်းဖိုးပေးလျော်ရမည့် အနေအထားမျိုး ကြုံတွေ့လာရနိုင်သည်ဟု ကုန်ကားများမှ ယာဉ်လုပ်သားများက ပြောသည်။

၂၀၀၈ ခုနှစ် နာဂစ်ဒဏ်ခံစားရပြီးနောက် သက်ဆိုင်ရာမှ ဖောက်လုပ်ပေးခဲ့သော လမ်းကွန်ရက်များကြောင့် ရန်ကုန်မှ ပုသိမ်သို့ အဓိကလမ်းကြောင်းအပြင် ပန်းတနော်မြို့နယ် ဝါးခယ်မလမ်းခွဲမှ ပုသိမ်-ကံကုန်း အကြားလမ်းကြောင်းများဖြင့် ပြောင်းလဲမောင်းနှင်လာနိုင်ကြသည်။

ယခုရက်ပိုင်း ကျောင်းကုန်း-အိမ်မဲလမ်းပိုင်းနှင့် ဒါးကလမ်းပိုင်းတို့တွင် ရေကျော်နေသဖြင့် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-အိမ်မဲ-မရမ်း- ဝါးခယ်မလမ်းဆုံလမ်းအတိုင်း ၁၀ ပေ၊ ၁၂ ပေ ကုန်ကားငယ်များ ပြောင်းလဲမောင်းနှင်မှုများလာကြောင်း သိရသည်။

၂၀၁၆ ဧပြီ ၁ ရက်မှစ၍ လမ်း/တံတားအသုံးပြုခ ကောက်ခံသည့် ဂိတ်ပေါင်း ၁၆၁ ဂိတ် ဖျက်သိမ်းရာတွင် မြစ်ဝကျွန်းပေါ်ဒေသ ကားလမ်းအများအပြားပါဝင်ခဲ့သည်။

ရန်ကုန်-ဟင်္သာတ ကားလမ်းတွင်လည်း ကားလမ်းရေကျော်ခြင်းမရှိသဖြင့် ပုံမှန်ယာဉ်အသွားအလာမပြတ်ရှိနေဆဲဖြစ်သည်။ ဟင်္သာတ -မြန်အောင် ခရီးစဉ်တွင်မူ ပုသိမ်-မုံရွာ-ရေဦးကားလမ်းဘက်မှ မောင်းနှင်သွားလာနေရသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းရှိ ကုန်ကားဂိတ်ပိုင်ရှင်တစ်ဦးက ဩဂုတ် ၁၁ ရက်က ပြောခဲ့သည်။

ဆန်စပါးအများစုထွက်ရှိရာ မြစ်ဝကျွန်းပေါ်မြို့အများစုမှ ရေလမ်းခရီးဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ နေ့စဉ် ဆန်အိတ်ရေအများအပြား ဝင်ရောက်နေဆဲဖြစ်သည်။ ရေလမ်းခရီး ဆန်တစ်အိတ်သဘော်တန်ဆာခမှာ ငွေကျပ် ၃၀၀ ဝန်းကျင်သာရှိပြီး ပုသိမ်-ရန်ကုန် ခရီးစဉ်တွင် ဆန်တစ်အိတ်ကားခမှာ ငွေကျပ် ၅၅၀ ရှိသည်။ ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသများသို့ ကုန်စည်ပို့ဆောင်ခနှုန်းထားများမှာလည်း ပုံမှန်သာရှိပြီး ဈေးနှုန်းတက်လာခြင်းမရှိဟု ကုန်ကားပိုင်ရှင်များ၊ ဂိတ်ပိုင်ရှင်များထံမှ သိရသည်။

ရေကြီးရေလျှံမှုကြောင့် ယခုရက်ပိုင်း ဆန်အဝင်နည်းသည်ဆိုကာ ဆန်ဈေးနှုန်းများ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၊ ၁၅၀၀ ဝန်းကျင် ဈေးမြင့်လာသည်။ သို့သော် ဆန်တင်ပို့ရာလမ်းကြောင်း အများစုတွင် ကုန်စည်ပို့ဆောင်ရေးများနှင့် ကုန်ကားခနှုန်းထားများ ပုံမှန်အနေအထားတွင်သာ ရှိနေသည်။ ရန်ကုန်-ပုသိမ်ကားလမ်း ရေကျော်နေသော်လည်း လမ်းကွန်ရက်များကြောင့် ကုန်ကားငယ်များပင် သွားလာ၍ရရှိနေပြီး လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်၊ ကုန်ကားခနှုန်းမှာလည်း ဈေးမြင့်တက်လာခြင်းမရှိသည်ကို မြင်တွေ့ရသည်။

ဆန်စပါးအများစု တင်ပို့သော မြစ်ဝကျွန်းပေါ်ဒေသမှ မြို့ရွာအများစုတွင် ရေကြီးရေလျှံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိဘဲ ပုံမှန်ရှိနေသည့်အတွက် ရေကြီးရေလျှံဖြစ်စဉ်ကြုံတွေ့ရတိုင်း ကုန်ဈေးနှုန်းအချို့မြင့်တက်လာခြင်းသည် ပုံမှန်ထက်အကျိုးစီးပွား ပိုမိုရယူတတ်သည့် ကုန်ရောင်း-ဝယ်သူအချို့၏ လုပ်ရပ်သာဖြစ်သည်ဟု ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။ **ခင်ဆိုင်**




## တောင်သာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**တောင်သာ ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကျေးရွာ ၁၁ ရွာမှပြည်သူများ ရေလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြသည့် ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီက ကျောဇီကျေးရွာသိမ်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မန္တလေးမြို့တော်ဝန်တို့က ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၆၀၊ ဆီ ၂၄ ပုံး၊ ငါးသေတ္တာ ၆၂၅၂ ဘူးခေါက်ဆွဲခြောက် ၁၄၁၄၂ ထုပ်၊ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းအတွက် ဆန်အိတ် ၅၀၊ ခေါင်းအုံးအလုံး ၃၀ နှင့် ရေဘေးသင့်တိရစ္ဆာန်များအတွက် စပ်စာ ၁၀၆ အိတ်၊ ယူရီးယားသကာ ခဲ ၁၃၅၅ ခဲတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **လင်းလက်ကြယ်(တောင်သာ)**

## ချင်းတွင်းမြစ်တစ်လျှောက် ရေနစ်မြုပ်စိုက်ခင်းများအတွက် စပါးမျိုးတင်း ၆၅၀၀ ကို ပေးပို့သွားရန်စီစဉ်လျက်ရှိ

**မုံရွာ ဩဂုတ် ၁၄**

ချင်းတွင်းမြစ်ရေ နှစ်ပြန်ကြီး၍ နောက်တစ်ကြိမ်ရေသည် ပထမအကြိမ်ထက် ရေပိုမိုများပြားသောကြောင့် မြစ်တစ်လျှောက် မြို့ရွာများရှိ စိုက်ပျိုးခင်းများသို့ ရေဝင်ပျက်စီးမှုများရှိကြောင်း၊ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် သက်လျင်ရက် ၉၀ နှင့် ရွှေသွယ်ရင်မျိုး စပါးအရန်မျိုး တင်း ၆၅၀၀ ကို ပေးပို့သွားရန် စီစဉ်နေကြောင်း၊ လက်ရှိ တိုင်းဒေသကြီးရုံးတွင် မျိုးစပါးတင်း ၂၀၀၀ ရောက်ရှိနေသည့်အတွက် ရေဝင်ပြီး အများဆုံးပျက်စီးသော ဟုမ္မလင်းမြို့နယ်ကို ရေလမ်းကြောင်းမှ ပို့ပေးရန်စီစဉ်နေကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး ဒုတိယဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများသို့ ရေဝင်ရောက်သဖြင့် စိုက်ခင်းများလည်းပျက်စီးရာ စုစုပေါင်း ၂၃၉၉၇ ဧက ရေနစ်မြုပ်ပြီး ဧက ၉၆၅၀ ရေပြန်ပေါ်ရာ ၇၉၇၆ ဧက ထိခိုက်ပြီး ဧက ၁၈၃၀ ပျက်စီးကာ မိုးစပါးငါးဧကခန့်သာ ပြန်လည်စိုက်ပျိုးနိုင်သေးကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ထိုသို့ရေနစ်မြုပ်ရာတွင် မိုးစပါးဧကမှာ ၁၁၉၉၇ ဧကဖြင့် အများဆုံးဖြစ်ပြီး မိုးနှမ်းမှာ ၇၈၃၄ ဧကဖြင့် ဒုတိယအများဆုံးနစ်မြုပ်ခဲ့ကာ မိုးစပါးပျိုးခင်း ၁၇၂၂ ဧကလည်း ရေနစ်မြုပ်ခဲ့သည်။ ရေနစ်မြုပ်ရာတွင် နွေစပါး ၁၅-၁၆ ၊ မိုးစပါးများအပြင် မိုးစပါးပျိုးခင်း အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ မိုးနှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နေကြာ အခြားရာသီသီးနှံနှင့် အခြားနှစ်ရှည်သီးနှံများ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။
**မျိုးဝင်းထွန်း (မုံရွာ)**

## ဒါးကမြစ်ရေကြီးမှုကြောင့် ကျောင်းကုန်းမြို့တွင် တယ်လီနောဖုန်းလိုင်း ပြတ်တောက်မှုဖြစ်

**ကျောင်းကုန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေလျှံတက်လာမှုကြောင့် ကျောင်းကုန်းမြို့တွင်းလမ်းများနှင့် ကျေးရွာပေါင်း ၃၇ ရွာ ရေနစ်မြုပ်လျက်ရှိသည်။ တစ်မြို့နယ်လုံးရှိ စာသင်ကျောင်းများအားလုံး ဩဂုတ် ၁၀ ရက်မှစ၍ ယာယီပိတ်ထားရသည်။ စိုက်ပျိုးပြီး လယ်မြေဧက ၂၅၀၀၀ ခန့် ရေနစ်မြုပ် ပျက်စီးလျက်ရှိသည်။

ကျောင်းကုန်းမြို့ အမှတ်(၂) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ တယ်လီနောတိုင်၏ စက်ခန်းများ ရေနစ်မြုပ်ပြီး ဩဂုတ် ၁၂ ရက် နံနက်ပိုင်းမှစ၍ ကျောင်းကုန်းမြို့တွင် တယ်လီနောဖုန်းလိုင်းပြတ်တောက်သွားခဲ့သည်။



GSM တိုင်နှင့် အော်ရီဒူးတိုင်များ၏အောက်ခြေတွင် ရေဝင်နေပြီဖြစ်သော်လည်း စက်ခန်းများ ရေလွတ်နေသဖြင့် ဆက်သွယ်၍ရသေးသည်။ ၁၉၉၁ ခုနှစ် ထိန်ငူတာကျိုးသည့်ရေသည် ကျောင်းကုန်းမြို့တွင် အကြီးဆုံး ထိခိုက်ပျက်စီးခဲ့ရပြီး ယခု ၂၀၁၆ ခုနှစ်ရေသည် ၁၉၉၁ ခုနှစ်ရေကိုမီရန် တစ်ပေခွဲခန့်သာလိုတော့သဖြင့် ဒုတိယအကြီးဆုံး ရေကြီးမှုဒဏ်ခံနေရရာ ရေဘေးရှောင်ပြည်သူများလည်း ကယ်ဆယ်ရေးစခန်းသို့ တိုး၍ရောက်ရှိလာသဖြင့် အလှူရှင် များ လိုအပ်လျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မန္တလေးမြို့၌ မိုးသည်းထန်မှုကြောင့် လမ်းများနှင့် ရပ်ကွက်အချို့ရေကြီးခဲ့

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးမြို့၌ ဩဂုတ် ၁၃ ရက်ည ၁၀ နာရီကျော်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် လမ်းများနှင့် ရပ်ကွက်တွင်းနေအိမ်အချို့ ရေလွှမ်းခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရေများကျဆင်းသွားကြောင်း သိရသည်။

ယင်းနေ့က မိုးရေချိန် ၆လက်မကျော်ရွာသွန်းခဲ့ပြီး ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်များအနက် အမြင့်ဆုံးရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

“ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ မုတ်သုံလေအားကောင်းနေလို့ မြန်မာနိုင်ငံမှာ မိုးရွာသွန်းမှုတွေ ရှိလာတယ်။ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ နေရာကျဲကျဲရွာမယ်လို့ ခန့်မှန်းထားပြီး မန္တလေးမှာ ရွာသွန်းတာတော်တော်များတယ်”ဟု မိုး/ဇလမှ ဦးသန်းဇော်က ပြောသည်။

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အောင်မြေသာစံမြို့နယ် ၈၆ လမ်း၊ ၂၄ လမ်းနှင့်၊ လမ်း ၂၀ နှင့် ၂၁ လမ်းကြား၊ မဟာအောင်မြေမြို့နယ် ၈၅လမ်း၊၄၂ လမ်းနှင့် ၄၃ လမ်းကြားတို့တွင် သစ်ပင်ကြီးအချို့ လဲကျသည့် အပြင် ၇၈ လမ်းနှင့် ၄၂လမ်းအနီး မင်္ဂလာတူးမြောင်း မြင်ကွင်းကာ အုတ်တံတိုင်း ပြိုလဲခဲ့ကြောင်း၊ မြို့တော်စည်ပင်သာယာမှ ပြိုလဲခဲ့သည့် သစ်ပင်များ ဖယ်ရှားခဲ့ပြီး ရေလွှမ်းခဲ့သည့် နေရာများတွင် ရေကျဆင်းစေရန် စက်ယန္တရားများနှင့် ဝန်ထမ်းအင်အားသုံးကာ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“မနက်ပိုင်းမှာ ရေများနေပေမယ့် ချက်ချင်းပဲ စည်ပင်သာယာဝန်ထမ်းတွေနဲ့ စက်ယန္တရားတွေအကူအညီယူပြီး ရေနုတ်မြောင်းတွေ ဆယ်ယူတယ်။ လဲကျသွားတဲ့ သစ်ပင်တွေ ရှင်းတယ်။ ရေဝင်တဲ့ရပ်ကွက်တွေမှာ ရွှေ့ပြောင်းရေစုပ်စက်တွေသုံးပြီး စုပ်ထုတ်ပေးခဲ့တယ်။ ရေဆိုးထုတ်စက်ရုံတွေကလည်း စွမ်းအားပြည့်မောင်းနှင်ပြီး ရေထုတ်ပေးနေတယ်။ ဒါကြောင့် မွန်းလွဲပိုင်းမှာ ရေကျသွားပါတယ်”ဟု မြို့တော်စည်ပင်သာယာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မိုးရွာသွန်းမှုမှာ ဩဂုတ် ၁၃ ရက် ည ၁၀ နာရီကျော်မှ ၁၄ ရက် နံနက် ၃ နာရီခန့်ထိ သည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့တွင်းလမ်းအချို့ နေရာများ၌ နှစ်ပေခန့်နှင့် ရပ်ကွက်အချို့ နေအိမ်များတွင် တစ်ပေခန့်ထိ ရေဝင်ရေလွှမ်းခဲ့ကြောင်း သိရသည်။
**မင်းထက်အောင်(မန်းကိုယ်ပွား)**



ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၆၂×၆၆ လမ်းတစ်လျှောက် ရေလွှမ်းနေစဉ်

## စလင်း-စေတုတ္တရာကားလမ်းမှ ပဇောချောင်းတံတား ပြုပြင်ပြီးစီး

**စေတုတ္တရာ ဩဂုတ် ၁၄**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ စလင်း-စေတုတ္တရာ ဆက်သွယ်သည့် ကားလမ်းမှ မိုင်တိုင်အမှတ် (၃၂/၂)အနီး(ညောင်အိုင်ကျေးရွာနှင့် မကြီးစုကျေးရွာအကြားရှိ) ပဇောချောင်းတံတားသည် ဇူလိုင် ၃၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားသဖြင့် တံတားနှင့် ချဉ်းကပ်လမ်း ပြိုကျပျက်စီးခဲ့ရာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရသည်။

အဆိုပါတံတားကို တံတားအထူးအဖွဲ့(၃) ပခုက္ကူက ဩဂုတ် ၅ ရက်မှစ၍ အရှည်ပေ ၁၂၀၊ အကျယ် ၁၂ ပေရှိ ဘေလီသံပေါင်တံတားကို အမြန်ပြန်လည်တည်ဆောက်ခဲ့ရာ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် တည်ဆောက်ပြီးစီး၍ စေတုတ္တရာ-စလင်း-မင်းဘူး-မကွေး ယာဉ်လိုင်းနှင့် ဆိုင်ကယ်များ ပုံမှန်ပြန်လည် ပြေးဆွဲသွားလာနေပြီဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

## ကမ္ဘာ့ ရတနာဘဏ်နှင့်ပရဟိတအဖွဲ့များ ရေဘေးသင့်ရွာများသို့ လှူဒါန်းလျက်ရှိ

**ပခုက္ကူ ဩဂုတ် ၁၄**

ကမ္ဘာ့ရတနာနှလုံးသားဦးဆောင်မှုဖြင့် ကမ္ဘာ့ရတနာဘဏ်ပခုက္ကူဘဏ်ခွဲ၊ ကျောက်ပန်းတောင်းဘဏ်ခွဲ၊ မြိုင်ဘဏ်ခွဲတို့ပူးပေါင်း၍ ပခုက္ကူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ ဩဂုတ် ၁၃ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

တောင်ငူ GTI/ EGTI/ GTU ကျောင်းသားဟောင်းများ၊ မိတ်ဆွေများနှင့် ဆွေမျိုးများ၏လှူဒါန်းငွေကျပ် ၃၄၀၀၀၀၀ ဖြင့် ညောင်ဦး-တောင်သာ-ပခုက္ကူမြို့နယ် ပခုက္ကူကျွန်းရွာများသို့ ဆန်၊ ဆီ၊ ပဲ၊ ရေသန့်၊ မုန့်၊ စာရေးကိရိယာများထောက်ပံ့ပြီး ရွှေသိမ်တော်ရေဘေးရှောင်စခန်းတွင် ရေတိုင်ကီတစ်လုံးစာဖိုး ငွေကျပ် ၃၀၀၀၀၀၊ ပါရမီရိပ်သာရေဘေးရှောင်ပြည်သူများအတွက် တစ်သိန်းကျပ်ဖိုး ညနေစာများ လှူဒါန်းကြကြောင်း သိရသည်။ **ကိုဇော်(ခတု)**

# တောင်ငူမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားနှစ်သောင်းကျော်ဖမ်းဆီးရမိ

**တောင်ငူ ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ဩဂုတ် ၁၄ ရက် နံနက် ၁နာရီခွဲက တောင်ငူ- သံတောင်ကားလမ်း လေးမိုင် စစ်ဆေးရေးဂိတ်တွင် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးသည့်အဖွဲ့က ပါဂျဲရိုးကားအား ရပ်တန့်စစ်ရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သောင်းကျော် စံချိန်တင် ဖမ်းဆီးရမိခဲ့သည်။

တောင်ငူ-သံတောင်ကားလမ်း လေးမိုင် စစ်ဆေးရေးဂိတ်တွင် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စောသန်းလွင် ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်နှင့် ရဲအုပ် စိုးသီဟန်လင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် လွိုင်ကော်-သံတောင်ဘက်မှ တောင်ငူသို့ မောင်းနှင်လာသော ပါဂျဲရိုး မစ်ဆူဘီရှိ GDI ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း ဂျန်ဂျေး(ခ)ဇော်လွင်ဦးနှင့် ဖားထူး တောင်ငူမြို့နေသူ နှစ်ဦးတို့မှာ အခင်းဖြစ်ရာနေရာမှ ထွက်ပြေးသွားပြီး ယာဉ်ပေါ်လိုက်ပါလာသူ မြင့်သူနှင့် ကျော်ဇင်ဦး တောင်ငူမြို့နေသူ နှစ်ဦးအား ဆက်လက်ရှာဖွေစစ်ဆေးရာ ကားခေါင်းခန်းရှိ ထိုင်ခုံကြားမှ ပလတ်စတစ်အိတ် ၁၀ အိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စီပါ ၁၀ ထုပ် စုစုပေါင်းဆေးပြား ၂၀၀၀၀၊သစ်သားဒင်တပ် ဘေးဆွဲလေသေနတ် နံပါတ်တစ်တစ်လက်၊ အရိုးအသွား သုံးပေခန့် ဦးချွန်ဓားတစ်ချောင်း၊ အရိုးအသွား တစ်ပေခွဲခန့် ဦးချွန်ဓားတစ်ချောင်းတို့ကို ဖမ်းဆီးရမိခဲ့သည်။ နံနက်ပိုင်းတွင် ယာဉ်အတွင်း ဆက်လက်ရှာဖွေရာ မော်တော်ယာဉ်အင်ဂျင်ခန်းအတွင်း စိတ်ကြွရူးသွပ် ဆေးပြား ၁၃၅၉ ပြားကို ထပ်မံတွေ့ရှိခဲ့သည်။



ယင်းမူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ မြင့်သူနှင့် ကျော်ဇင်ဦး (ဝဲပုံ)၊ ဂျန်ဂျေး (ခ)ဇော်လွင်ဦးနှင့် ဖားထူး(ဖမ်းမမိသေး) တို့အား အရေးယူပေးရန် ရဲအုပ် စိုးသီဟန်လင်းက တရားလိုပြုလုပ်၍ တောင်ငူ အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ ဩဂုတ် ၁၂ ရက်က ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူတပ်ဖွဲ့နှင့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့ မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များသည် ရေတာရှည်မြို့နယ်ကို ဖြတ်သန်းသွားသည့် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း မိုင်တိုင်(၁၈၄/၁)အနီး ရေငန်းမြောင် တဲစု၊ ရက္ကန်းစင်-ယင်ကွဲတောင် စိုက်ကွင်းအမှတ်(၂၅)ရှိ ကိုတင်လှိုင်(ခ) ကိုအောင်ကြည်နေအိမ်၌ သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ကိုတင်လှိုင်(ခ) ကိုအောင်ကြည်နှင့် ဇနီးဖြစ်သူ ဒေါ်တင်အေး(၅၁ နှစ်)တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၂၃၈၀ ဆေးရှူရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့၍ မြို့လှနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**သူရ (တောင်ငူ)၊ ကိုလွင်(ဆွာ)**



# ဘိလပ်မြေအိတ်များ တင်ဆောင်လာသော ၁၂ ဘီးယာဉ် ဘရိတ်ပေါက်ပြီး လမ်းဘေးထိုးကျတိမ်းမှောက်

**ကျောက်တံခါး ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရဲစခန်း၏မြောက်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၇/၄)နှင့် (၁၁၇/၅) ကြား ရင်းတိုက်ကုန်း သံလမ်းခုံးအနီးတွင် ဩဂုတ် ၁၄ ရက် နံနက် ၁၁နာရီခွဲက ဘိလပ်မြေအိတ်များ တင်ဆောင်လာသော ၁၂ဘီးယာဉ်မှာ ဘရိတ်ပေါက်ကာ လမ်းဘေးထိုးကျ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ညီညီ(၂၄နှစ်) လမ်းမတော်ရပ်ကွက် အလုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ယာဉ်အမှတ် 7A/---- နီဆန်း ၁၂ ဘီးယာဉ်သည် ဘိလပ်မြေအိတ်များ တင်ဆောင်လာစဉ် လမ်းအကွေ့တွင် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ညီညီမှာ ထိခိုက်ဒဏ်ရာမရရှိသော်လည်း ယာဉ်မှာပျက်စီး၍ ဘိလပ်မြေအိတ် ၃၀ မှာ ပျက်စီးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ညီညီအား အရေးယူပေးရန် ဒုရဲအုပ်ရန်မျိုးအောင်က တရားလိုပြုလုပ်၍ ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၄**

နယ်မြေခံတပ်နှင့် သုံးဆူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် သုံးဆူမြို့ အနောက်မြောက်ဘက် သုံးမိုင်ခန့်ရှိ ရွာသစ်ကျေးရွာနေ နိုင်မွန်အောင်(ခ)ဝင်းအောင်၏ နေအိမ် ကိုရှာဖွေရာ ၎င်းနှင့် ဇနီးဖြစ်သူ မရွှေမိအားတွေ့ရှိပြီး အိုက်စ် ၄၂ ဒသမ ၃ ဂရမ်၊ M 16 သေနတ် သုံးလက်၊ ကျည်အိမ် ခုနစ်ခု၊ Sea Hawk ပွိုင့် ၄၅ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ပွိုင့် ၃၂ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၅၁၁၅ တောင့်၊ ၇ ဒသမ ၆၅ ကျည် ၁၅ တောင့်၊ ပွိုင့် ၄၅ ကျည် ၂၅ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ မြန်မာငွေကျပ် ငါးသိန်းနှင့် မော်တော်ယာဉ်တစ်စီးတို့ ကို သိမ်းဆည်းရမိသည်။

**(သတင်းစဉ်)**

# မိုးရွာနေစဉ် လမ်းချော်မှုကြောင့် ရဲအချုပ်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**တံတားဦး ဩဂုတ် ၁၄**

တံတားဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်(၂၅၀/၇)နှင့်(၂၅၁/၀) အကြားတွင် ယနေ့နံနက် ၉ နာရီကျော်က ရဲအချုပ်ယာဉ် တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တိုးလွင်နှင့်တပ်ဖွဲ့ဝင်များ၊ စကားအင်း အမြန်လမ်းရဲစခန်းနှင့် တံတားဦးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ စကားအင်းအမြန်လမ်း မီးသတ်စခန်း လက်ထောက်မီးသတ်ဦးစီးမှူး ဟိန်းသက်ဆွေနှင့် တပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နေပြည်တော်မှ မန္တလေးဘက်သို့ ပျဉ်းမနားမြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မျိုးဦးစီးတပ်ဖွဲ့ဝင်လေးဦးနှင့်အဖွဲ့သည် ထောင်ကျတရားခံအမျိုးသား ခြောက်ဦးနှင့်အတူ ပျဉ်းမနားရဲစခန်းနေ ယာဉ်မောင်း ရဲတပ်ကြပ်သောင်းထိုက် မောင်းနှင် လာသော 5H/- - - - ဆူဇူကီးအပြာရောင်ရဲအချုပ်ယာဉ်ဖြင့် လိုက်ပါလာစဉ် မိုးရွာနေသဖြင့် လမ်းချော်ပြီး လမ်း၏ယာဘက် မြေသားလမ်းပေါ်သို့ တိမ်းမှောက်ခဲ့ရာ **(ယာပုံ)** ယာဉ်ပေါ်ပါ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အချုပ်တရားခံအမျိုးသားခြောက်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**







## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၉၉၃၀၀ Honda Wave- 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/5112 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဝင်း ၈/မကန(နိုင်)၀၀၈၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၉၅၈၇ Yamaha- 110 /ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့် ၉/ရမသ(နိုင်)၀၈၄၆၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
Saloon,Van
(ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

အခမဲ့ အိမ်ခြံမြေ အမေးအဖြေ
ကြည်စိုး I.C
ကိုယ်တိုင်ဖြေသည်
တနင်္လာမှ သောကြာ၊ ည ၈ မှ ၁၀ ထိ ၀၉ ၅၁၈ ၁၉၇၂
(စနေ၊ တနင်္ဂနွေ သင်တန်းရှိ၍ အမေးအဖြေနားသည်)

အိမ်ခြံမြေ Since 1990
သင်တန်း
ဩဂုတ် (၂၀)ရက် နံနက် (၉း၀၀)နာရီ
၀၉ ၅၁၀ ၄၀ ၄၁၊ ၀၉ ၅၁၈ ၁၉၇၂
ဆွေးနွေးသည်၊ အဝေးသင်သည်။ PAGE Kyisoe ic

## ORTHODONTICS

## ဉာဏ်သစ်လောင်းသင်တန်း

**PROGRESSIVE ORTHODONTICS SEMINAR (POS)**

ဉာဏ်သစ်လောင်းသင်တန်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ/ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်ရန်ရှိပါ၍ စိတ်ပါဝင်စားသူ သွားဘက်ဆိုင်ရာဆရာဝန်များ စုံစမ်း/စာရင်းပေးသွင်းနိုင်ပါသည်။

**ဖုန်း-၀၁-၅၃၉၃၁၂၊ ၀၉-၄၅၀၀၆၆၀၈၇**

**(ကြိုတင်ဆက်သွယ်ထားပြီးသူများ ထပ်မံစာရင်းပေးသွင်းရန် မလိုအပ်ပါ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၈၁၅၂ Luojia - 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင်ဦး ၉/ပဘန(နိုင်)၁၈၈၁၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

# ရှမ်းယူနိုက်တက်နှင့် မကွေး အရှုံး/အနိုင်မပေါ်

**တောင်ကြီး ဩဂုတ် ၁၄**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းကကျင်းပရာ သုံးပွဲစလုံး သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်နှင့် မကွေးအသင်း ဂိုးမရှိ သရေကျသွားသည်။ ယခုရာသီတွင် မကွေးအသင်းနှင့် တွေ့ဆုံတိုင်း နိုင်ပွဲမရသေးသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင်လည်း အိမ်ကွင်း၌ သရေတစ်မှတ်သာ ရယူနိုင်ခဲ့ပြီး နှစ်ကျော့စလုံး သရေကျခဲ့သည်။ မကွေးအသင်းသည် ဒုတိယနေရာအတွက် အမှားမခံတော့ဘဲ အဝေးကွင်း၌ ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့ပြီး သရေရလဒ်ကြောင့် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲရယူနိုင်ရန် အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့သလို မကွေးအသင်းသည် ရှုံး/ထွက် ဗိုလ်လုပွဲကစားရန်ရှိသော်လည်း လူစုံအသုံးပြုခဲ့သည်။ ဒုတိယနေရာအတွက် အမှတ်လိုနေသည့် မကွေးအသင်းသည် အဝေးကွင်းတွင် ရှမ်းယူနိုက်တက်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံး အခွင့်အရေးများ အသုံးမချနိုင်သောကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် ကြိုးပမ်းခဲ့ရာ အကြိတ်အနယ်ရှိခဲ့သည်။ မကွေးအသင်းသည် ရှမ်းယူနိုက်တက်အသင်း၏ဂိုးပေါက်ကို ပိုမိုခြိမ်းခြောက်နိုင်ခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်း၏ ခံစစ်ပိုင်း အမှားအယွင်းမရှိခဲ့သလို ပယ်နယ်တီရနိုင်သည့် အခွင့်အရေးတစ်ကြိမ်ကိုလည်း ကွင်းလယ်ဒိုင်က ငြင်းဆန်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သောကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။



ရှမ်းယူနိုက်တက်အသင်းနှင့် မကွေးအသင်း ယှဉ်ပြိုင်နေစဉ်

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ချင်းယူနိုက်တက်အသင်းနှင့် Southern အသင်းတို့ ဂိုးမရှိ သရေကျသွားသည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် Horizon အသင်းနှင့် ရခိုင်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ တန်းဆင်းအန္တရာယ်ရှိနေသည့် ရခိုင်အသင်းရော Southern အသင်းပါ သရေကျခဲ့သောကြောင့် လက်ကျန်တစ်ပွဲအလိုတွင် ရခိုင်အသင်းက တန်းဆင်းဇုန်မှလွတ်ရန် သေချာသလောက် ရှိသွားပြီဖြစ်သည်။ ရခိုင်အသင်းသည် Southern အသင်းထက်သုံးမှတ်ဖြင့် ဂိုးကွာခြားချက်တွင်လည်း များစွာအသာရထားရာ နောက်ဆုံးပွဲ၌ ရှုံးပွဲကြုံတွေ့သည့်တိုင် တန်းဆင်းဇုန်မှ လွတ်ရန်အခြေအနေကောင်းနေခြင်းဖြစ်သည်။

ပွဲစဉ်(၂၁)အပြီးတွင် ချန်ပီယံရတနာပုံအသင်းက ၅၁ မှတ်၊ မကွေးအသင်းက ၃၉ မှတ်၊ ရန်ကုန်အသင်းက ၃၆ မှတ်၊ ရွှေဝတီအသင်းက ၃၄ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဇေယျာရွှေမြေအသင်းက ၃၂ မှတ်၊ ဟံသာဝတီအသင်းက အမှတ် ၃၀၊ ဇွဲကပင်အသင်းက ၂၅ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ Southern အသင်းက ၁၄ မှတ်၊ Horizon အသင်းက ခုနစ်မှတ်ရရှိထားသည်။ ရန်ကုန်နှင့် ဇေယျာရွှေမြေအသင်းသည် ပွဲ ၂၀ စီသာ ကစားရသေးသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှု

၁၄-၈-၂၀၁၆

| အမှတ်စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၄ | ၁၈ | ၁၈ | ၆၀ |
| ၂ | တရုတ် | ၁၃ | ၁၁ | ၁၇ | ၄၁ |
| ၃ | ဂရိတ် ဗြိတိန် | ၁၀ | ၁၃ | ၇ | ၃၀ |
| ၄ | ဂျပန် | ၇ | ၃ | ၁၄ | ၂၄ |
| ၅ | ရုရှား | ၆ | ၉ | ၈ | ၂၃ |
| ၆ | သြစတြေးလျ | ၆ | ၇ | ၉ | ၂၂ |
| ၇ | အီတလီ | ၆ | ၇ | ၅ | ၁၈ |
| ၈ | ပြင်သစ် | ၅ | ၈ | ၅ | ၁၈ |
| ၉ | ဂျာမနီ | ၈ | ၅ | ၃ | ၁၆ |
| ၁၀ | တောင်ကိုရီးယား | ၆ | ၃ | ၄ | ၁၃ |
| ၁၁ | ကနေဒါ | ၂ | ၂ | ၈ | ၁၂ |
| ၁၂ | ဟန်ဂေရီ | ၅ | ၃ | ၃ | ၁၁ |
| ၁၃ | နယ်သာလန် | ၃ | ၂ | ၃ | ၈ |
| ၁၄ | နယူးဇီလန် | ၂ | ၆ | ၀ | ၈ |
| ၁၅ | ကာဇက်စတန် | ၂ | ၂ | ၃ | ၇ |
| ၁၆ | ဒိန်းမတ် | ၁ | ၂ | ၃ | ၆ |
| ၁၇ | တောင်အာဖရိက | ၀ | ၅ | ၁ | ၆ |
| ၁၈ | စပိန် | ၃ | ၀ | ၂ | ၅ |
| ၁၉ | ဆွီဒင် | ၁ | ၃ | ၁ | ၅ |
| ၂၀ | မြောက်ကိုရီးယား | ၁ | ၂ | ၂ | ၅ |

ဩဂုတ် ၁၄ ရက် ည ၁၀ နာရီခွဲအထိ နိုင်ငံအလိုက် ရွှေရရှိမှုဖြစ်သည်။

# တက္ကသိုလ်ဒီဂရီကောလိပ်များနှင့် ကောလိပ်များ အမျိုးသားစစ်တုရင်ပြိုင်ပွဲ ဩဂုတ် ၁၇ ရက်တွင် ကျင်းပမည်

**မန္တလေး ဩဂုတ် ၁၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးရုံးခွဲကကြီးမှူး၍ အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အမျိုးသားစစ်တုရင်ပြိုင်ပွဲကို မန္တလေးမြို့ ၆၂ လမ်းရှိ နိုင်ငံခြားဘာသာတက္ကသိုလ်ခန်းမ၌ ဩဂုတ် ၁၇ ရက်တွင်စတင်၍ ကျင်းပမည် ဖြစ်သည်။ ပြိုင်ပွဲဝင်စစ်တုရင်အသင်းများဖြစ်သော ရေနံချောင်းဒီဂရီကောလိပ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်၊ မြင်းခြံဒီဂရီကောလိပ်၊ မန္တလာဒီဂရီကောလိပ်၊ မန္တလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၊ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)၊ ဆေးတက္ကသိုလ်(မန္တလေး)၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၊ နည်းပညာတက္ကသိုလ်(မုံရွာ)၊ နည်းပညာတက္ကသိုလ်(မကွေး)နှင့် မန္တလေးနည်းပညာတက္ကသိုလ် စသည့်အသင်း ၁၈ သင်းတို့မှ စစ်တုရင်အားကစားသမား ၉၀ တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မန်ယူတို့ ဘုန်းမောက်ကိုအနိုင်ယူပြီး ပရီမီယာလိဂ်နိုင်ပွဲစတင်

၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရာသီ ပွဲစဉ်(၁) လက်ကျန်ပွဲအဖြစ် ဘုန်းမောက်နှင့် မန်ယူတို့ ဩဂုတ် ၁၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

နည်းပြသစ် မော်ရင်ဟိုလက်ထက်ခေါ်ယူထားသော ကစားသမားသစ်များဖြစ်သည့် ဘိုင်းလီနှင့် အီဗရာဟီမိုဗစ်တို့ ပါဝင်ကစားခဲ့သည်။ မန်ယူတို့ ယခုပွဲအနိုင်ရရှိရေးအတွက် ကြိုးစားခဲ့သည်။ ပထမပိုင်း မိနစ် ၄၀ တွင် ကွင်းလယ်ကစားသမား မာတာက ဘုန်းမောက် ဂိုးသမားနှင့် နောက်ခံလူတို့ကြားမှ ထွက်လာသည့်ဘောလုံးကို အသာပိတ်သွင်းယူပြီး အဖွင့်ဂိုးရရှိခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မန်ယူတို့ ဂိုးရရှိရေး ကြိုးစားခဲ့ရာ ၅၉ မိနစ်တွင် မန်ယူအသင်းခေါင်းဆောင် ရွန်းနီက ခေါင်းတိုက်သွင်းယူခဲ့၍ ဒုတိယဂိုးရရှိခဲ့သည်။ **(ယာပုံ)** တိုက်စစ်မှူး အီဗရာဟီမိုဗစ်က ၆၄ မိနစ်တွင် တတိယဂိုး သွင်းယူခဲ့သည်။ မိုဗစ်မှာ မန်ယူအတွက် ကစားသည့်ပွဲတိုင်း ဂိုးသွင်းယူခဲ့သည်။ ဘုန်းမောက်အတွက် ချေပဂိုးကို ၆၉ မိနစ်တွင် အဒမ်စမစ်က သွင်းယူပေးသည်။ ပွဲအပြီးတွင် မန်ယူတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ်ရာသီအစ တာထွက်ကောင်းခဲ့သည်။ **သီဟ**





Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-1:00-3:00pm 1,29 Aug
Mon to Thurs-3:00-5:00pm 1,22 Aug
Mon to Thurs-7:30-9:30am 8,29Aug,5Sep
Mon to Thurs-5:30-7:00pm 22 Aug
Sat & Sun-9:00-12:00 pm 27 Aug
Sat & Sun-12:30-3:30 pm 27 Aug
Sat & Sun-3:45-6:45 pm 27 Aug
Mon to Thurs-10:00-12:00am 29 Aug
Pre-Intermediate English
Mon to Thurs-10:00-12:00am 22 Aug
Mon to Thurs-1:00-3:00pm 29 Aug
Intermediate English
Mon to Thurs-1:00-3:00 pm 22 Aug
Basic Writing Course
Sat & Sun-12:30-3:30pm 27 Aug
Mon to Thurs-10:00-12:00am 29 Aug
Vocabulary Enrichment Course
Sat & Sun - 10:00 - 12:00 am 20 Aug
Mon to Thurs-3:30-5:00pm 29 Aug

Grammar Foundation Course
Mon to Thurs-10:00-12:00am 1 Aug
Sat & Sun - 9:00 - 12:00 am 6 Aug
Mon to Thurs-3:30-5:00pm 29 Aug
Structure & Written Expression
Sat & Sun - 12:30 - 3:30pm 20 Aug
Mon to Thurs-1:00-3:00pm 22 Aug
Mon to Thurs-5:30-7:00pm 29 Aug
Academic Preparation For IELTS (API)
Mon to Thurs - 10:30 - 12:30am 22 Aug
SAT Mon to Thurs -3:30-5:00pm 22 Aug
IELTS(Foundation) Mon to Thurs 5:30 to 7pm 22 Aug
IELTS(Test Practice) Sat&Sun 10:30 to12:30am 20Aug
IELTS(Speaking) Sat&Sun 1:00to3:30pm 20 Aug
Academic Writing Course
Sat & Sun - 5:00 - 7:00 pm 20 Aug
NEW SAT Sat & Sun -5:00-7:00pm 27Aug

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910



ကမ္ဘာသို့ တက်လှမ်း မြန်မာတို့ တက်ကျမ်း လူငယ်တို့ လျှောက်စမ်း
နိုင်ငံတကာသတင်းဂျာနယ်
တပ်မတော်အစိုးရ ရေးဆွဲသော ပွဲ့စည်းပုံအခြေခံဥပဒေ ထိုင်းတို့ထောက်ခံ
အတွေးအမြင် ဆောင်းပါးများအမြွှာ
အနာဂတ်အတွက် လူငယ်တွေကို ပြုစုပျိုးထောင်ရုံမျှမက နေရာလည်းပေးကြ
ပြည်တွင်းစစ်ရပ် ကျင့်ကြံအပ်ရာ "သမ္မဒိ"တည်း
အမေရိကန်နဲ့ တရုတ်တို့ စစ်ထဖြစ်လိုက်ကြလို့ကတော့
အပါအဝင် နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးဆောင်းပါးများ ဝဝဝဆာဆာ
ဘာသာပြန်စာပေပွဲ့ ပြိုးရေး လူငယ်များထံမှ စာမူကောင်းများပိတ်ခေါ်လျှာ
တနင်္လာနေ့တိုင်း ထွက်ပြီ
နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ိ/-
ကြော်ငြာနှင့် ဖြန့်ချိရေး – အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
နေပြည်တော် – ရုံးအမှတ်(၇)၊ internationaljournalmm@gmail.com
ဖုန်း – ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇



**ပျောက်ဆုံး**
ကျွန်တော် မောင်ရဲနိုင်ထွန်း CDC-၁၀၂၄၃၄ ၏ BST လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ ဖုန်း-၀၉-၇၉၂၆၇၉၇၀၄


**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဗဟန်းမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၇**

ဒေါ်မြင့်မြင့်ဦး **နှင့်** ဒေါ်ခင်စန်းကြည်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်၁၈(ဘီ-၂)၊ ပထမထပ် ခေါင်းရင်းခန်းနေ ဒေါ်ခင်စန်းကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက ငွေကျပ် ၁၀၀၀၀၀၀၀ိ/(ကျပ်သိန်းတစ်ရာတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၉ ရက် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဗဟန်းမြို့နယ်တရားရုံး**


**အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 5F/4331 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

**အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် FF/5154 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

**အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 9D/7271 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၉ယ/၃၄၅၃၂ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထက်ကျော် ၉/မဟမ(နိုင်)၀၄၉၇၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## သတင်းတိုများ

### ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေ သန်ချဆေးတိုက်ကျွေး

အသက် ငါးနှစ်အောက်ကလေးငယ်များ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဗီတာမင်အာဟာရများ ပြည့်ဝမှုရရှိစေရန်အတွက် ပင်လည်ဘူးမြို့နယ် ကျန်းမာရေးဌာနက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအရ ဗီတာမင်အေ သန်ချဆေးများကို ဩဂုတ် ၁၁ ရက်က တိုက်ကျွေးခဲ့ကြောင်း သိရသည်။ ဗီတာမင်အေ သန်ချဆေးများ တိုက်ကျွေးရာတွင် အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်အေအားဆေးများနှင့် အသက်နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များကိုလည်း ဗီတာမင်အေ သန်ချဆေးများ တိုက်ကျွေးခဲ့သည့်အပြင် ဆေးတိုက်လာသော ကလေးငယ်များအား လက်မောင်းပတ်တိုင်းခြင်း၊ အရပ်တိုင်းခြင်းစသည့် အာဟာရဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

### ပညာ့ဗိမာန်စာကြည့်တိုက်တွင် စာဖတ်အားအကောင်းဆုံးဆုချီးမြှင့်

ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာအုပ်စု သဖန်းကျေးရွာ ပညာ့ဗိမာန်စာကြည့်တိုက်၌ စာဖတ်အားအကောင်းဆုံး ကျောင်းသားကျောင်းသူများအား ဆုပေးပွဲကို ဩဂုတ် ၁၀ ရက်က ပြုလုပ်ခဲ့ကာ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှူး ဒေါ်မြင့်မြင့်သန်းက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်း အမှာစကားပြောကြားပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသော စတုတ္ထတန်းမှ မစုမြတ်နိုး၊ ဒုတိယဆုရရှိသော သတ္တမတန်းမှ မောင်အောင်ထက်လင်းနှင့် တတိယဆုရရှိသော ပဉ္စမတန်းမှ မမြတ်နိုးခင်တို့အား ဆုများပေးအပ်ခဲ့သည်။ သဖန်းကျေးရွာ ပညာ့ဗိမာန်စာကြည့်တိုက်သည် သဖန်းဈေးနှင့် သဖန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အနီးတွင်ရှိ၍ ကျောင်းသား ကျောင်းသူများ အလွယ်တကူ လာရောက်လေ့လာဖတ်ရှုနိုင်သည့်နေရာကာ အဆိုပါစာကြည့်တိုက်သို့ အရှေ့စံပြ၊ အလယ်စံပြ၊ အနောက်စံပြမှ ကျောင်းသူ၊ ကျောင်းသားများ၊ ပန်းကြိုင်ကျေးရွာ၊ ရှားတောကျေးရွာ၊ အိုမတွေ့ကျေးရွာနှင့် ငါးဆက္ကန်ကျေးရွာတို့မှ ပြည်သူများလည်းလာရောက်၍ စာအုပ်များ ဖတ်ရှုကြကြောင်း သိရသည်။ **ဒွေးလှိုင်(ဝမ်းတွင်း)**

### ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပထမရက် ၁၀၀ စီမံချက်အရ ဖြူးမြို့ပေါ် ရပ်ကွက်များအတွင်းရှိ ပျက်စီးယိုယွင်းနေသော မြေသားလမ်းများနှင့် တံတားများကို ပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းမှစ၍ ဖြူးမြို့မ အနောက်ရပ်ကွက်မှ အရှည်ပေ ၇၈၀ ရှိ ထန်းတပင်(၃)လမ်းကို မြေသားလမ်းအဖြစ်မှ အကျယ် ၁၀ ပေရှိ ကျောက်ချောလမ်းအဖြစ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်ခိုင်၏ ကြီးကြပ်မှုဖြင့် ခင်းကျင်းလျက်ရှိကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

## AIDS ရောဂါပိုးတွေ့ရှိသူ အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**မိတ္ထီလာ ဩဂုတ် ၁၄**

မိတ္ထီလာအကျဉ်းထောင်တွင် AIDS ရောဂါပိုးတွေ့ရှိသည့် အကျဉ်းသူအကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ခရိုင်အထွေထွေဆေးရုံကြီး ခုခံအားကျကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ ဆရာဝန်ကြီးနှင့်အဖွဲ့က ဩဂုတ် ၁၂ ရက်တွင် လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မိတ္ထီလာခရိုင် အထွေထွေဆေးရုံကြီး ခုခံအားကျကာလသားရောဂါ တိုက်ဖျက်ရေးဌာနမှ ဆရာဝန်ကြီး ဒေါက်တာအေးအေးကျော် ဦးဆောင်သောအဖွဲ့က မိတ္ထီလာမြို့ အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဌေးနှင့် ဝန်ထမ်းများနှင့် ပူးပေါင်း၍ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသူ အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် HIV ပိုးနှင့် AIDSရောဂါရှိမရှိ စစ်ဆေးမှုများ ပြုလုပ်ပေးပြီး AIDSရောဂါ ခံစားနေရသော အမျိုးသား ၃၁ ဦးနှင့် အမျိုးသမီးသုံးဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကာ ရောဂါဝေဒနာရှင်များ လိုအပ်သည့် ART ဆေးဝါးများကိုလည်း အခမဲ့ပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေး

**ကျောက်တန်း ဩဂုတ် ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ကျောက်တန်းမြို့နယ်များရှိ မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအေးကိုကိုနှင့်အဖွဲ့က ဩဂုတ် ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်လည်း တွေ့ဆုံခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီး တိုင်းဒေသကြီး ဒုတိယဦးစီးမှူးဦးကျော်ကျော်၊ ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးဦးထွန်းမြင့်တို့ ပါဝင်သည့်အဖွဲ့က တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာနှင့် ကျောက်တန်းမြို့အရှေ့ပိုင်း (ပါဒ၀)ကွင်းတို့၌ စိုက်ပျိုးထားသည့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း၊ မိုးစပါးစံပြစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။ ဒေသခံတောင်သူများနှင့် တွေ့ဆုံရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က သန်လျင်နှင့်ကျောက်တန်းဒေသအတွင်း အသုံးပြုရန်လိုအပ်သည့် မျိုးကောင်းမျိုးသန့်စပါးများ စနစ်တကျ ထုတ်လုပ်ရန် နည်းပညာရပ်များကို စိုက်ပျိုးရေးဌာနမှ ပညာပေးညွှန်ပြလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းများဖြင့် ထုတ်လုပ်ရေးလုပ်ငန်းအပေါ် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။ **စိုးဝင်း(ကျောက်တန်း)**

# ကြံခင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက်ကျဆင်းသွား

**ကြံခင်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်၌ ဧရာဝတီမြစ်ရေသည် ဩဂုတ် ၁၁ ရက်တွင် စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားပြီဖြစ်ကြောင်းနှင့် ရေဘေးရှောင် ပြည်သူများအနေဖြင့် နေရပ်များသို့ ပြန်လည်သွားရောက် နေထိုင်ကြပြီဖြစ်ကြောင်း သိရသည်။

မြစ်ရေမြင့်တက်ခဲ့သည့် ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ အချိန်အတွင်း မြို့နယ်အတွင်းမှ ရေဘေးရှောင်ပြည်သူ ၂၂၀၀ ကျော်မှာ ရေဘေးကယ်ဆယ်ရေးစခန်း ရှစ်ခုတွင် ရောက်ရှိနေထိုင်ခဲ့ကြကြောင်း သိရသည်။ ထိုအချိန်အတွင်း ရေဘေးရှောင်ပြည်သူများ၏ နံနက်စာနှင့် ညစာအတွက် ကုန်ကျငွေ ကျပ်သိန်း သုံးရာကျော်ကို ကမ္ဘောဇ အနာဂတ် အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းက မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး စီမံခန့်ခွဲမှုကော်မတီနှင့် ဆက်သွယ်ကာ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



မြစ်ရေသည် မြို့၏ စိုးရိမ်ရေမှတ်ဖြစ်သည့် ၆၉ ဒသမ ၀၁ ပေအောက်သို့ ကျဆင်းသွားခဲ့ခြင်းဖြစ်ပြီး ရေဘေးရှောင်ပြည်သူများအနေဖြင့် ဩဂုတ် ၁၁ ရက် ညနေပိုင်းနှင့် ၁၂ ရက် နံနက်ပိုင်းမှစ၍ ၎င်းတို့နေရပ်များသို့ ပြန်လည်သွားရောက် နေထိုင်ကြပြီဖြစ်သည်။

(၀၆၉)

# ချတ်ယွင်းသွားသော ထရန်စဖော်မာအစား အားကောင်းသောထရန်စဖော်မာသစ် လဲလှယ်တပ်ဆင်ပြီးစီးပါက မြို့နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးနိုင်မည်

**မြောင်းမြ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင်းသို့ ဖြန့်ဖြူးပေးလျက်ရှိသော (၆၆)ဓာတ်အားခွဲရုံမှ 4MVA ထရန်စဖော်မာတစ်လုံး ချတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး မြို့နေပြည်သူများမှာ လျှပ်စစ်ဓာတ်အားကို ရပ်ကွက်များအတွင်း အလှည့်ကျအသုံးပြုနေကြရာမှ ဩဂုတ် ၁၁ ရက်တွင် 5MVA ထရန်စဖော်မာတစ်လုံး အစားထိုးလဲလှယ်တပ်ဆင်လျက်ရှိပြီး ပြီးစီးပါက မြောင်းမြမြို့နေ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ 5MVA ထရန်စဖော်မာကို ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ညွှန်ကြားရေးမှူးနှင့် ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်၍ အစားထိုးလဲလှယ်ခဲ့ပြီး ရန်ကုန်မြို့ Test Lab လျှပ်စစ်စမ်းသပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ရောက်ရှိစစ်ဆေးကာ အမြန်ဆုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထရန်စဖော်မာ အသစ်လဲလှယ်တပ်ဆင်သည့် လုပ်ငန်းများပြီးစီးပါက 4MVA တစ်လုံးနှင့် 5MVA ထရန်စဖော်မာနှစ်လုံး စုစုပေါင်း 14MVA ပမာဏဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ မြို့နေပြည်သူများအနေဖြင့် ယခင်ထက် ဓာတ်အားပိုမိုရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**မြိတ် ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ကလေးငယ်များအား အာဟာရများတိုက်ကျွေးခြင်း၊ ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့် စံမီအာဟာရချက်ပြုတ်နည်းစနစ်များ ပြသပညာပေးခြင်းလုပ်ငန်းများကို မြိတ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဩဂုတ် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

မြိတ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ပြုလုပ်ခဲ့သည့် အခမ်းအနားသို့ မြိတ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်၊ မြိတ်ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ နို့တိုက်မိခင်များ တက်ရောက်ကြပြီး မြိတ်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်မေလှိုင်နှင့် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာသွယ်သွယ်မြင့်တို့က ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအနေဖြင့် ဆင်ခြင်နေထိုင်ရမည့် အချက်များနှင့် အာဟာရပြည့်ဝစွာစားသုံးရန် လိုအပ်ပုံများ၊ ကလေးငယ်များအား မိခင်နို့ကို ပြည့်ပြည့်ဝဝ တိုက်ကျွေးရန် လိုအပ်ပုံများကို ပညာပေးဟောပြောကာ စံပြမိခင်ဆုရရှိသော မိခင်များအား ဆုများချီးမြှင့်ပေးပြီး လိုအပ်သောဆေးဝါးများလည်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး မိသားစုက မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ ပန်ကာတစ်စုံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားသို့ လာရောက်သော ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား အာဟာရများတိုက်ကျွေးကာ စံမီအာဟာရ ချက်ပြုတ်မှုများကို လက်တွေ့ပြသပြီး ကျန်းမာရေးစမ်းသပ်စစ်ဆေးမှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**



# ကျွန်တော်နဲ့ ဆင်းရဲသူတွေ ချမ်းသာပြီ



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

တိုက်ဆိုင်မှုဆိုတာ ဆန်းကြယ်လှတယ်။ ကျွန်တော်စနေနေ့က နေပြည်တော်မှာ ကျင်းပတဲ့ပွဲတစ်ပွဲမှာ စကားပြောခွင့်ရခဲ့တယ်။ တနင်္ဂနွေနေ့မနက်မှာ ဇနီးနှင့်သမီးလေးနဲ့အတူ ဦးနော ဘုရားကျောင်းမှာ လစဉ် ပထမတနင်္ဂနွေတိုင်းကျင်းပတဲ့ ဝတ်ပြုအစည်းအဝေးနဲ့ပွဲတော်ယူတဲ့ အခမ်းအနားကို တက်ခဲ့တယ်။ ကျွန်တော့်ရဲ့ ဇနီးက ကရင်လူမျိုး ခရစ်ယာန် ဘာသာဝင်၊ အပတ်စဉ် တနင်္ဂနွေတိုင်း ဦးနောအသင်းတော်မှာ ဘုရားရှိခိုးတာ။ ဘုရားကျောင်းနဲ့ ကျွန်တော် မစိမ်းပါဘူး။ ငယ်ငယ်တုန်းက ရန်ကုန်မြို့ အင်္ဂလိပ်မက်သဒစ် အထက်တန်းကျောင်းမှာ တက်ခဲ့တယ်။ ကျောင်းက ခရစ်ယာန်သာသနာပြုအဖွဲ့က တည်ထောင်ခဲ့တာ။ တစ်ချိန်တုန်းက ရန်ကုန်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့မှာရှိတဲ့ နာမည်ကြီးကျောင်းတွေဟာ သာသနာပြုကျောင်းတွေ ဖြစ်ကြတယ်။

ကျွန်တော်တို့ တစ်ပတ်တစ်ကြိမ် ကျောင်းဝင်းအတွင်းမှာရှိတဲ့ ဘုရားကျောင်းတက်ရတယ်။ အခုလို တက်တဲ့နေရာမှာ ဘာသာရေးနဲ့မဖက်ဘဲ ကျောင်းသူ ကျောင်းသားတိုင်း တက်ရတာ ။ အခုလို တက်ခဲ့ရလို့ ဓမ္မသီချင်းတွေလည်း ဆိုတတ်တယ်။ ဘုရားရှိခိုးတာကိုလည်း ယနေ့အထိ အလွတ်ရနေခဲ့တယ်။

မိဘတွေကလည်း ဗုဒ္ဓဘာသာတွေဖြစ်ကြပေမယ့် အခုလို ခရစ်ယာန်ဘုရားကျောင်းမှန်မှန်တက်တာကို ဘာမှမပြောကြဘူး။ ထူးဆန်းတဲ့ အချက်တစ်ခုက သာသနာပြုကျောင်းလို့သာ အမည်တပ်ထားတာ။ ကျွန်တော်တို့ကို ခရစ်ယာန်ဘာသာဝင်အဖြစ် ဘာသာပြောင်းဖို့ တစ်ကြိမ်တစ်ခါမျှ မစည်းရုံးခဲ့ဘူး။ မိဘတွေအနေနဲ့ကလည်း ပညာရေးကောင်းကောင်းပေးနိုင်တဲ့ ကျောင်းကိုထားတဲ့ သဘောပါပဲ။ ကျွန်တော် ဒီကျောင်းတက်နေတဲ့အချိန်က နိုင်ငံ့ခေါင်းဆောင် သားသမီးတွေအားလုံးလိုလို ဒီကျောင်းမှာ တက်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ ကလေးတွေ၊ ဝန်ကြီးချုပ်ရဲ့ ကလေးတွေ ၊ ဝန်ကြီးကလေးတွေ၊ တပ်မတော်အရာရှိကြီးတွေရဲ့ကလေးတွေ ပွဲတော်ရက်ဖြစ်တာမို့ ဝတ်ပြုကိုးကွယ်မှုက အချိန်ပိုယူတယ်။ ချီးမွမ်းတဲ့တေးသီချင်းတွေဆိုကြတဲ့အခါ သီချင်းတစ်ပုဒ်မှာပါတဲ့ စာပိုဒ်ကလေးတစ်ခုကို သတိထားမိတယ်။ “ဆင်းရဲသူတွေချမ်းသာပြီ ” အမှန်တော့ နေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ ပွဲရဲ့အခြေခံဟာလည်း ကျွန်တော်တို့နိုင်ငံမှာ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို အဖြေရှာတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ ဒီပွဲကို အပြည်ပြည်ဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုနဲ့ မဇ္ဈိမသတင်းမီဒီယာအဖွဲ့တို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တယ်။ မဇ္ဈိမက ဦးစိုးမြင့်က ညှိနှိုင်းပွဲတစ်ခုမှာ တွေ့တုန်း အကူအညီတောင်းခဲ့တာ။ အစကတော့ တစ်ပတ်စောပြီးလုပ်ဖို့ နောက်မှရက်ရွှေ့လိုက်တော့ ကျွန်တော့်အတွက် အဆင်ပြေသွားတာ။ အဆင်ပြေတယ်လို့သာ ပြောရတာ ကျွန်တော့်နိုင်ငံခြားခရီးစဉ်က ပွဲလုပ်မယ့်နေ့မတိုင်မီ ပြန်လာခဲ့တာမို့ နည်းနည်းတော့ ပင်ပန်းပါတယ်။ ဒါပေမယ့် ကတိပေးခဲ့တာမို့ အားထည့်ပြီး သွားခဲ့တယ်။

ပွဲရဲ့ခေါင်းစဉ်က ပေါ်လစီ အပြန်အလှန်ဆွေးနွေးမှု (Policy Dialogue) ဒုတိယအကြိမ်လုပ်တဲ့ပွဲ။ ပထမအကြိမ်တုန်းက ရန်ကုန်မှာလုပ်ခဲ့တာ။ အပြန်အလှန်ဆွေးနွေးတဲ့ အကြောင်းအရာကတော့ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်တဲ့နေရာမှာ ပြည်တွင်းဘဏ္ဍာငွေစုဆောင်းမှုနဲ့ အစိုးရနဲ့ဘဏ္ဍာငွေသုံးစွဲမှုတို့ရဲ့ အရေးပါမှုဖြစ်တယ်။ ပွဲကို နှစ်ပိုင်းခွဲခြားထားခဲ့တယ်။ နံနက်မှာ အဖွင့်အမှာစကားတွေပြောကြားပြီး လက်ဖက်ရည်သောက်ပြီးချိန်မှာတော့ ပညာရှင်တွေ ပါဝင် ဆွေးနွေးကြမှာဖြစ်တယ်။ ကျွန်တော်က ရန်ကုန်မှာ ကိစ္စတစ်ခုနဲ့မို့ ဒုတိယပိုင်း မနေနိုင်ကြောင်း ဦးစိုးမြင့်ကို ကြိုတင်ပြီးခွင့်တောင်းခဲ့ပါတယ်။

ပထမပိုင်းမှာ တာဝန်ရှိတဲ့သူက အဖွင့်အမှာစကားပြောပြီး ဆရာကြီး ဦးဝင်းထိန်၊ ဆရာကြီး ဦးအေးသာအောင်၊ဒုတိယဝန်ကြီးနှစ်ဦး၊ ကုန်သည်များနဲ့ စက်မှုလုပ်ငန်းရှင်အသင်းချုပ်မှ ဒေါ်ခိုင်ခိုင်နွယ်နဲ့ ကျွန်တော်တို့ ခြောက်ဦးက ရှုထောင့်မျိုးစုံနဲ့တင်ပြဆွေးနွေးခဲ့ကြတယ်။ ဆရာကြီးဦးဝင်းထိန်ဟာ အလွန်အရေးကြီးလှတဲ့ နိုင်ငံရေးအခြေခံတွေ အစိုးရသစ်ရဲ့ လုပ်ဆောင်မှုတွေကို တင်ပြခဲ့တယ်။ ဆရာကြီးဦးအေးသာအောင်အနေနဲ့လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို အကျယ်တဝင့်တင်ပြသွားကြတယ်။ ဒုတိယဝန်ကြီးနှစ်ဦးကတော့ ဘဏ္ဍာရေးနဲ့ စိုက်ပျိုးရေးကဏ္ဍအကြောင်းတင်ပြခဲ့ပြီး ဒေါ်ခိုင်ခိုင်နွယ်ကတော့ လုပ်ငန်းရှင်တွေရဲ့ ရှုထောင့်ကို ဖော်ပြခဲ့ပါတယ်။

ဒီပွဲမှာ ပြောရမယ်ဆိုတာသိတော့ ပွဲရဲ့ခေါင်းစဉ်နဲ့ကိုက်ညီမှုရှိအောင် တင်ပြနိုင်ဖို့ ကျွန်တော်စဉ်းစားခဲ့ပါတယ်။ ဆွေးနွေးပွဲမှာအမှန်တော့ အပိုင်းနှစ်ပိုင်းပါဝင်တာ တွေ့ရတယ်။ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးမှု၊ နိုင်ငံတော်ဘဏ္ဍာငွေတိုးမြင့်မှုနဲ့ ထိရောက်သောဘဏ္ဍာငွေသုံးစွဲမှုတို့ ဖြစ်ကြတယ်။ ဒီခေါင်းစဉ် သုံးရပ်ကို အခြေခံပြီးကျွန်တော်က စဉ်းစားတွေးခေါ်မှု ပါရာဒိုင်းပြောင်းလဲမှုလိုအပ်တာကိုတင်ပြခဲ့ပါတယ်။ ပထမပါရာဒိုင်းက နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး စဉ်းစားပုံ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို ပုံမှန်အားဖြင့် ဝင်ငွေပေတံနဲ့ တိုင်းလေ့ရှိတယ်။ တစ်နည်းပြောရရင် တစ်ဦးချင်းဝင်ငွေမြင့်မားတဲ့နိုင်ငံကို ချမ်းသာတဲ့နိုင်ငံတစ်ခုအဖြစ် သတ်မှတ်ကြတယ်။ ဂျီဒီပီမြင့်တဲ့နိုင်ငံဟာ ချမ်းသာတယ်လို့ မှတ်ယူကြတယ်။ ဒီပါရာဒိုင်းကို ၁၉၉၀ ပြည့်နှစ်မှာ ပါရာဒိုင်းအသစ်တစ်ခုနဲ့ ချေဖျက်ခဲ့တယ်။ ဒီအတွေးအခေါ်ကို လူသားဖွံ့ဖြိုးမှုလို့ မှတ်ယူ ကြပါတယ်။ လူသားဖွံ့ဖြိုးမှုပေတံအရ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ ကျန်းမာရေး၊ ပညာရေးနဲ့ ဝင်ငွေပေတံသုံးခုကို ပေါင်းစပ်ပြီး ချိန်ဆတာဖြစ်တယ်။ နောက်ပုံစံတစ်မျိုးကတော့ အားလုံးပါဝင်တဲ့ ကြွယ်ဝချမ်းသာမှုဖြစ်တယ်။ ဒီအယူအဆအရ နိုင်ငံတစ်နိုင်ငံမှာ အရင်းအနှီးသုံးရပ်ရှိတယ်။ သဘာဝအရင်းအနှီး၊ ထုတ်လုပ်မှုအရင်းနှီးနဲ့ လူသားအရင်းနှီးတို့ဖြစ်တယ်။ ဒီအရင်းနှီးသုံးရပ်ကို ဟန်ချက်ညီညီ မြှင့်တင်နိုင်မှ နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးမယ်လို့ ယူဆကြတယ်။ ၂၀၀၀ ပြည့်နှစ်က ကမ္ဘာ့နိုင်ငံအသီးသီးဟာ ထောင်စုနှစ် ရည်မှန်းချက် ရှစ်ချက်ကို သဘောတူလက်ခံခဲ့ကြတယ်။ ဒီထောင်စုနှစ်ရည်မှန်းချက်တွေကို ၂၀၁၅ ခုနှစ်အတွင်း ပြည့်မီအောင် ကြိုးစားကြဖို့ သဘောတူညီခဲ့ကြတယ်။ ၂၀၁၅ ခုနှစ်အကုန်မှာတော့ ဒီထောင်စုနှစ်ရည်မှန်းချက် ရှစ်ချက်ကိုစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် (၁၇) ချက်နဲ့ အစားထိုးခဲ့ပြီး ရည်မှန်းချက်ကာလဟာ ၂၀၃၀ ပြည့်နှစ်အထိဖြစ်တယ်။ ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး အရေးပါတဲ့ ပါရာဒိုင်းအသစ်ကတော့ အားလုံးပါဝင်မှုဖြစ်တယ်။ နိုင်ငံတိုင်းလိုလိုမှာ ဆင်းရဲချမ်းသာကွာဟမှုတွေ တိုးပွားနေတာတွေ့ရတယ်။ ဒီလိုဖြစ်တာကြောင့် စီးပွားရေးအတွက် သာမက နိုင်ငံရေးအတွက်လည်း အရေးပါတာတွေ့ရတယ်။ ဒါကြောင့်လည်း တတ်နိုင်သမျှ ကွာဟမှုကိုရင်ဆိုင်ဖြေရှင်းနိုင်ဖို့လိုတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ညီတာနဲ့မျှတာကို ခွဲခြားတတ်ဖို့လိုတယ်။ ကွာဟမှုကို လျှော့ချဖို့အားလုံးကို အတူတူညီအောင်၊ ဆင်းရဲအောင်လုပ်လို့မဖြစ်ပါဘူး။ တရုတ်နိုင်ငံမှာ ယဉ်ကျေးမှုတော်လှန်ရေးကို အခုလို မှားယွင်းတဲ့ အတွေးအခေါ်နဲ့ ဆောင်ရွက်ခဲ့ကြတာမို့ ပြည်သူတွေအကြီးအကျယ် ဒုက္ခရောက်ခဲ့ရပါတယ်။

ညီတာနဲ့ မျှတာမတူတာကို ကျွန်တော်အကျယ်တဝင့် တင်ပြခဲ့တယ်။ နိုင်ငံတော်အစိုးရတိုင်းဟာ ပြည်သူအားလုံးအတွက် ညီတဲ့အခွင့်အရေးတွေပေးဖို့ တာဝန်ရှိတယ်။ လူတိုင်းကို ပညာသင်ခွင့်ပေးရမယ်။ အရည်အသွေးမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံရမယ်။ ဒါပေမယ့် လူတိုင်းပညာတတ်တယ်။ လူတိုင်းကျန်းမာဖို့တော့ တာဝန်မယူနိုင်ဘူးဆိုတာကို သဘောပေါက်ကြဖို့လိုအပ်တယ်။ ထူးချွန်တဲ့သူကို အခွင့်အရေးပေးတာ မျှတတယ်။ တော်တဲ့သူကို ချီးမြှောက်ရမယ်။ တော်တော်ညံ့ညံ့အားလုံးကို တန်းတူဆက်ဆံတာဟာ မတရားတဲ့ကိစ္စ။ အမှန်တော့ နိုင်ငံရေးဘောဂဗေဒကို အလေးထားဖို့ လိုအပ်တာကို ကျွန်တော်တင်ပြခဲ့တာဖြစ်ပါတယ်။ နိုင်ငံရေးမပါတဲ့စီးပွားရေးဟာ မပြည့်စုံသလို စီးပွားရေးမပါတဲ့ နိုင်ငံရေးဟာလည်း အဓိပ္ပာယ်မဲ့ပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံစိန်ခေါ်မှုဟာ သုံးရပ်ရှိပါတယ်။ ပထမ အချက်ကတော့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒုတိယက ဖွံ့ဖြိုးမှုဖြစ်ပြီး နောက်ဆုံးကတော့ နိုင်ငံရေးဖြစ်တယ်။ ဒီစိန်ခေါ်မှုသုံးရပ်ဟာ ဒွန်တွဲနေတယ်။ ခွဲခြားလို့မရနိုင်ဘူး။ တိုင်းပြည်မငြိမ်းချမ်းလို့ ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသလို ဆင်းရဲတဲ့အတွက် နိုင်ငံရေးကိုဖြေရှင်းတဲ့အခါ ပိုပြီးခက်ခဲတာတွေ့ရတယ်။ ဒါကြောင့် စီးပွားရေးတိုးတက်တဲ့နိုင်ငံ၊ လူတိုင်း ပါဝင်ပတ်သက်တဲ့ လူ့အသိုင်းအဝိုင်းနဲ့ဒီမိုကရေစီစနစ်ကိုအခြေခံတဲ့ နိုင်ငံရေးဘဝကို ထူထောင်ဖို့လိုအပ်ကြောင်း တင်ပြခဲ့ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာလည်း အချက်သုံးခုကို တစ်ပြိုင်နက်ဖြစ်ဖို့ အရေးကြီးလှပါတယ်။

> **ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး အရေးပါတဲ့ ပါရာဒိုင်းအသစ်ကတော့ အားလုံးပါဝင်မှုဖြစ်တယ်။ နိုင်ငံတိုင်းလိုလိုမှာ ဆင်းရဲချမ်းသာကွာဟမှုတွေ တိုးပွားနေတာတွေ့ရတယ်။ ဒီလိုဖြစ်တာကြောင့် စီးပွားရေးအတွက် သာမက နိုင်ငံရေးအတွက်လည်း အရေးပါတာတွေ့ရတယ်။ ဒါကြောင့်လည်း တတ်နိုင်သမျှ ကွာဟမှုကိုရင်ဆိုင်ဖြေရှင်းနိုင်ဖို့လိုတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ညီတာနဲ့မျှတာကို ခွဲခြားတတ်ဖို့လိုတယ်။**

ဒုတိယပါရာဒိုင်းကတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေရရှိမှုဖြစ်တယ်။ ဘဏ္ဍာငွေဇာစ်မြစ်အနေနဲ့ ပြည်တွင်းနဲ့ပြည်ပရှိတယ်။ ပြည်တွင်း ဘဏ္ဍာငွေရဖို့ အခွန်အကောက်ဟာ အဓိကဖြစ်တယ်။ ဒါကြောင့်လည်း အစိုးရအသစ်အနေနဲ့ အခွန်စနစ်ကိုပြုပြင်ဖို့စီစဉ်လျက်ရှိတယ်။ အခွန်စနစ်ကိုပွင့်လင်းမြင်သာဖို့၊ မျှတဖို့ လိုအပ်တယ်။ အထူးသဖြင့် နည်းပညာတိုးတက်မှုကိုအခြေခံပြီး အခွန်စနစ်ကောက်ခံမှုကို ပြုပြင်ဖို့လိုအပ်တယ်။ အဂတိလိုက်စားမှုကိုလည်း ဖြေရှင်းဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် အခွန်ကိုအစိုးရရဲ့ ဝင်ငွေ တစ်ရပ်အနေနဲ့ စဉ်းစားရုံမလုံလောက်ဘဲ အခွန်ဆောင်တဲ့သူတွေ အခွန်ပေးဆောင်ပေးချင်အောင် ဖန်တီးဖို့လိုတယ်။ အခွန်စည်းကြပ်တဲ့နေရာမှာ အခွန်နှုန်းနဲ့ အခွန်ပမာဏကို ခွဲခြားဖို့လိုတယ်။ တစ်ချိန်က အခွန်နှုန်းကို တိုးမြှင့်လိုက်တဲ့အတွက် အိမ်ခြံမြေ လုပ်ငန်းရှင်များအခွန်မဆောင်ကြတာမို့ အစိုးရရဲ့ ဘဏ္ဍာငွေလျော့ကျခဲ့တယ်။ အခွန်နှုန်းကိုလျော့ရင် အခွန်ဆောင်တဲ့သူက ပိုပြီးပေးချင်စိတ်ရှိလာတာမို့ အခွန်ပမာဏဟာ တိုးပွားလာမှာ ဖြစ်တယ်။

ဒါ့ကြောင့် အခွန်ကို ဝင်ငွေတစ်ခု အနေသာမကြည့်ဘဲ မက်လုံးအနေနဲ့လည်း သုံးသပ်ဖို့လိုအပ်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့အချက်တစ်ခုက နိုင်ငံခြားမှာ အလုပ်လုပ်နေကြသူတွေ ပြည်တွင်းမှာရှိတဲ့ မိသားစုများထံငွေပို့တာကို ဂရုစိုက်ပြီး ချောမွေ့အောင် ဖန်တီးဖို့လိုတယ်။ ဟွန်ဒီရိုက်နေတဲ့စနစ်ကို အစားထိုးရမယ်။ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယ နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတွေမှာ အခုလိုငွေပို့မှုကို အဆင်ပြေအောင် ဆောင်ရွက်နေတာတွေ့ရပါတယ်။

နောက်ဆုံးအပိုင်းကတော့ အစိုးရအသုံးစရိတ်ဖြစ်တယ်။ ဒီနေရာမှာလည်း ပါရာဒိုင်းပြောင်းဖို့လိုအပ်ကြောင်း တင်ပြခဲ့တယ်။ စရိတ်သက်သာအောင်လုပ်ရုံနဲ့ မလုံလောက်ပါဘူး။ ကုန်ကျစရိတ်လျော့မှုဟာ ဦးတည်ချက်မဖြစ်သင့်ဘူး။ အဓိကအာရုံပြုရမှာက ထိရောက်မှုပဲဖြစ်တယ်။ စရိတ်သက်သာအောင် လုပ်ရုံမဟုတ်ဘဲ ကုန်ကျသမျှဟာ အကျိုးရှိရှိသုံးစွဲမှုရှိ မရှိကို ဂရုပြုရမှာဖြစ်တယ်။ ကျွန်တော်ပြောနေကျအတိုင်း အလုပ်လုပ်ကြတဲ့နေရာမှာရလဒ်ကို အခြေခံပြီး စီမံတတ်ဖို့လိုအပ်ပါတယ်။ စရိတ်ချွေတာမှုတစ်ခုတည်း ကြည့်လို့မဖြစ်ဘူး။ စရိတ်သက်သာပြီး ခဏခဏအစားထိုးနေရရင် နစ်နာမှုရှိပါတယ်။

ပါရာဒိုင်း အတွေးအခေါ်ပြောင်းဖို့ အခြေခံကတော့ ခေါက်ရိုးကျိုးနေတာကို ပြင်ဖို့ဖြစ်တယ်။ စည်းဘောင်အပြင်ထွက်ပြီး စဉ်းစားတတ်ရမယ်။ မေးခွန်းထုတ်တတ်တဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်ဖို့လိုအပ်တယ်။ အထက်ကချတဲ့ အမိန့်ကို ရိုသေစွာနာခံရုံနဲ့ မလုံလောက်ပါဘူး။ အခုလို ပါရာဒိုင်းတွေပြောင်းပြီး ကျွန်တော်တို့နိုင်ငံမှာ ဓမ္မသီချင်းထဲကအတိုင်း “ဆင်းရဲသူတွေ သူဌေးဖြစ်ပြီ” ဆိုတဲ့ ရည်မှန်းချက်အမြန်ဆုံး ပြည့်မီအောင် အားလုံးကြိုးစားကြဖို့ တိုက်တွန်းမိပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ ထပ်မံရှင်းလင်းပွဲကျင်းပ

**ပဲခူး ဩဂုတ် ၁၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၁) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို တိုင်းဒေသကြီးတရားသူကြီးချုပ်ဦးမောင်မောင်ရွှေက ထပ်ဆင့်ရှင်းလင်းမှာကြားပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းအတွင်းရှိ တရားရေးအရာရှိများ စုစုပေါင်း ၁၀၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန့်ဇင် (ပဲခူး)**




အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

## (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

(၃၄)ကြိမ်မြောက်အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးဆိုင်ရာ စတုတ္ထအကြိမ်ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ရက်နံနက် ၁၀နာရီကနေပြည်တော်ရှိလျှပ်စစ်နှင့်စွမ်းအင်ဝန် ကြီးဌာန ရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာသော ဆပ်ကော်မတီအသီးသီးမှ အစည်းအဝေးကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများကိုတင်ပြပြီးလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဖေဇင်ထွန်းက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပရာတွင် အိမ်ရှင်နိုင်ငံရဲ့ဝတ္တရားအားလုံးကျေပွန်စေရန် ဘက်စုံထောင့်စုံမှစဉ်းစားပြီး ယခင်ရှိပြီးသားအတွေ့အကြုံများကိုပေါင်းစပ်၍ အောင်မြင်အောင် ဆောင်ရွက်ရေး၊ လုံခြုံရေး အထူးဂရုပြု အာဆီယံဆုတံဆိပ်ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီအသင်းအဖွဲ့များ ပိုမိုပူးပေါင်းပါဝင်လာအောင် အသိပညာပေးခြင်းများဆောင်ရွက်ရေးနှင့် ဘဏ္ဍာငွေသုံးစွဲမှုများကို စိစစ်သုံးစွဲကြရေးတို့ကို ဖြည့်စွက်မှာကြားသည်။

အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကိုယခုနှစ် ဇူလိုင် ၁၂ရက်မှ ၁၅ ရက်အထိ နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အာဆီယံစွမ်းအင်ဝန်ကြီးများစတုတ္ထအကြိမ်အစည်းအဝေးကိုလာမည့် စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီးပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကာ ယခုကျင်းပသည့်အစည်းအဝေးကို ဦးဆောင်ကော်မတီနှင့်ဆပ်ကော်မတီ ၁၃ ခုမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျိုက်မရောမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**မော်လမြိုင် ဩဂုတ် ၁၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း၊ ကျိုက်မရောမြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်ဦး ဦးဆောင်သော နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၅ ရက်မှစတင်၍ ကျိုက်မရောမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာနေ အငှားလိုက် မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ ကိုယ်ပိုင်မောင်းနှင်သည့်မော်တော်ဆိုင်ကယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မော်တော်ယာဉ်ဥပဒေများ သိရှိရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် အသိပညာပေးဟောပြောပွဲများကို ဆက်တိုက်ကျင်းပလျက်ရှိသည်။

ဟောပြောပွဲများကို ကျိုက်မရောမြို့နယ် ရေတွင်းကုန်းကျေးရွာ၊ ခနောင်ကျေးရွာ၊ တောင်ကလေးကျေးရွာ၊ ပိန်းနဲကုန်းကျေးရွာနှင့် ရန်မျိုးအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျင်းပခဲ့သည်။

ထို့နောက် မြို့ဝင်/မြို့ထွက်မော်တော်ဆိုင်ကယ် မောင်းနှင်သူများနှင့် ယာဉ်မောင်းများအား ကျိုက်မရောမြို့ စက်လမ်းခွ၊ နတ်စမ်းကျေးရွာထိပ်၊ ပိန်းနဲကုန်းကျေးရွာထိပ်တွင် မော်တော်ယာဉ်များ ရပ်တန့်စစ်ဆေးမှုပြုလုပ်ကာ ပညာပေးအဆင့်အဖြစ် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



## ပန်လုံ၌ ရေဆင်း(၁၀)အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ်လုပ်ငန်း လက်တွေ့ပြသ

**ပန်လုံ ဩဂုတ် ၁၄**

‘ ဝ ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့၌ ရေဆင်း(၁၀) အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်မှု လက်တွေ့ပြသခြင်းကို ဩဂုတ် ၁၁ ရက်က မုန်းကွန်ကျေးရွာအုပ်စု လုံတုံးရွှေကျေးရွာရှိ တောင်သူဦးအိုက်ကတ်နှင့် ဦးအိုက်နပ်တို့၏ ယာမြေနှစ်ကေတွင် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်က မျိုးစေ့ထုတ်လုပ်ခြင်း ဆောင်ရွက်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အမလိုင်းမှ အဖိုနှံများကို ဖယ်ရှားခြင်းနှင့် စနစ်တကျ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို လက်တွေ့ပြသ ရှင်းလင်းဆွေးနွေးခဲ့သည်။ဆက်လက်၍ ခရိုင်မျိုးစေ့ထုတ်တာဝန်ခံ ဦးစိုင်းမြအေးက မျိုးစေ့ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သော်တာထွန်းက အစေ့ထုတ် မျိုးစေ့ထုတ်လုပ်ရာတွင် ကျရောက်တတ်သော ရောဂါပိုးမွှားများအကြောင်းကို လည်းကောင်း၊ ပန်လုံမြို့စိုက်ပျိုးရေးဦးစီးမှူး ဦးချိုလေးက အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ်လုပ်ငန်းကိုလုပ်ကိုင်မည့် တောင်သူများအား နည်းပညာပေးဆောင်ရွက်သည့်အနေဖြင့် လက်တွေ့ပြသဆောင်ရွက်ခဲ့ရာ ပန်လုံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုပန်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သာယာဝတီ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**သာယာဝတီ ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်လျှပ်စစ်အင်ဂျင်နီယာအုပ်ချုပ်မှု နယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သာယာဝတီမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ်လဒုတိယပတ်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဘေဘီနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်လာသူများအား ပြည်သူများလျှပ်စစ်အသုံးပြုလျက် သတိပြု ဖွယ်ရာ အချက်များပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး ကျောင်းရှေ့တွင်လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## လက်ပံတန်းမြို့နယ်တွင် ကျေးရွာမြေပုံဂရန်များပေးအပ်

**လက်ပံတန်း ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ထိပ်နီကုန်းကျေးရွာနေ ဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲကို ဩဂုတ်လဒုတိယပတ်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ ယင်းအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ကျေးရွာ မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထိပ်နီကုန်းကျေးရွာတွင် မြေငှားဂရန် လျှောက်ထားသူ ၂၀ အတွက် ၁၀နှစ်မြေငှားဂရန်စာချုပ်များထုတ်ပေးခဲ့ပြီး ကျန်သောလယ်မြေ ၅ ဒသမ ၅၇ ဧကတွင်နေထိုင်သော ပြည်သူများကိုလည်း လယ်ယာမြေဥပဒေ ပုဒ်မ (၃၀) အရအခြားနည်းလမ်းအသုံးပြုခွင့်ရရှိလျှင် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## စလင်းတပ်နယ်မှ ရေဘေးသင့်ပြည်သူများအား ဆန်နှင့်ရေသန့်ထောက်ပံ့

**စလင်း ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ တပ်နယ်မှတပ်မတော်သားများက ရေဝတီရေဘေးသင့်ပြည်သူများအား ဆန်နှင့်ရေသန့်ဘူးများထောက်ပံ့ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမှတ် ၂၅၃ ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး စိုးသီဟက အမှတ် (၁၀၁) တပ်မဌာနချုပ်မှ ပေးလှူသော ဆန်နှင့်သောက်ရေသန့်ဘူးများ ကို တောကြီးကျေးရွာအုပ်စု ကတို့ပေါက်ရွာရှိ အိမ်ထောင်စု ၉၀ လူဦးရေ ၃၅၂ ဦး၊ သရက်တောကျေးရွာရှိ အိမ်ထောင်စု ၄၇ စု၊ လူဦးရေ ၂၀၇ ဦးတို့အား တစ်ဦးလျှင် ဆန်နှစ်ပြည်၊ သောက်ရေသန့်ခြောက်ဘူးပါ တစ်ကတ်နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၅၃၀၀၀ ဖိုး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**




## ရက် ၁၀၀ စီမံချက်ကာလအတွင်း ကျေးရွာမြေငှားဂရန်များ ပိုင်ရှင်များထံသို့ ပေးအပ်

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ ကျေးရွာမြေငှားဂရန်များအား မြေပိုင်ရှင်လက်ဝယ်သို့ပေးအပ်ခြင်း အခမ်းအနားကို လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ်လပထမပတ်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကျေးရွာမြေငှားဂရန် ဆောင်ရွက်ပြီးစီးသည့် လှည်းကူးမြို့နယ် ဆင်ဖုံကျေးရွာမှ မြေပိုင်ရှင်များ တစ်ဦးချင်းသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများကပေးအပ်ခဲ့ကြောင်း သိရသည်။

**မီးမီးလှိုင်**

# မြန်အောင် တာမိုင်(၆/၃)အနီး ကမ်းပြို၍ ကာကွယ်ရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်လျက်ရှိ

**မြန်အောင် ဩဂုတ် ၁၄**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက် မြန်အောင် တာမိုင်(၆/၃)အနီး ဩဂုတ် ၁၂ ရက်က ကမ်းပြိုမှုဖြစ်ပွားလာသောကြောင့် ဆက်လက်ပြိုကျမည့်အရေးမှ ကာကွယ်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်း ခလရ(၅၁)မှ ဗိုလ်ကြီးမျိုးကျော်သက် ဦးဆောင်သော တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကံမြင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုသူ ဦးဆောင်သော မီးသတ် တပ်ဖွဲ့ဝင်များနှင့် မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးမြတ်သူလွင်တို့ ဦးဆောင်သော ဆည်မြောင်းဝန်ထမ်းများ စုစုပေါင်း အင်အား ၁၀၀ ခန့်ဖြင့် ကမ်းပြိုခြင်းကာကွယ်ရန်အတွက် ရေတောင်ဝှေးချခြင်း၊ ရေပေါ်ရေလွှဲတန်းပြုလုပ်ခြင်း၊ ဝါးလုံး သစ်ကိုင်းများ ခုတ်ပေးခြင်း၊ သယ်ယူခြင်း၊ သစ်တိုင်များရိုက်ခြင်းနှင့် သဲအိတ်များချပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်လျက်ရှိကြသည်။

ပြီးခဲ့သည့်ရက်အတွင်းက မြန်အောင်တာမိုင်(၆/၃) မကျီးစုတာအနီးရှိ စွန့်ပစ်တာ ကမ်းပြိုလာမှုကြောင့် ရေပေါ်ရေလွှဲတန်းနှင့် ဖြတ်တာပြုလုပ်ခြင်းလုပ်ငန်းများကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စက်အင်အား၊ လူအင်အားများဖြင့် ဆောင်ရွက်လျက်ရှိကာ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေစဉ် ဩဂုတ် ၁၂ ရက်တွင် တာမိုင်(၆/၃)အနီးတွင် ကမ်းပြိုမှု ဖြစ်ပွားလာခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများပေးအပ်

**မကွေး ဩဂုတ် ၁၄**
မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို မကွေးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာခြောက်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကိုးခု၊ မျက်မမြင်ကျောင်း တစ်ကျောင်းနှင့်



ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၅၂ ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၈၄၀၅၅၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာနအစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များအား မွန်မြတ်သည့်ပရဟိတစိတ်အခြေခံပြီး ရပ်ရွာ၏အားကိုယူကာ ဆောင်ရွက်နေကြသည့် ဘိုးဘွားရိပ်သာများ၊ မျက်မမြင်ကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအနေဖြင့် ပရဟိတလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက် ထောက်ပံ့ငွေများကို ပေးအပ်ရာ မကွေးခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ၄၄၆၃၁၀၀၀ ကျပ်၊ မင်းဘူးခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ကျပ် ၆၀၀၀၀၀၀၊ ပခုက္ကူခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ၂၁၆၉၉၀၀၀ ကျပ်၊ သရက်ခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ၇၄၆၀၀၀၀ ကျပ်၊ ဂန့်ဂေါခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ၄၂၆၅၀၀၀ ကျပ်တို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေစကြိုမြို့ ဒေါ်ဦးဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**သန်းနိုင်ဦး(ဇဖဲ)**

# ရွှေဘိုအကျဉ်းထောင်တွင် တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုကွင်းဆင်းဆောင်ရွက်

**ရွှေဘို ဩဂုတ် ၁၄**
ရွှေဘိုခရိုင်နှင့် မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ပူးပေါင်းကာ ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသားများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဩဂုတ် ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်းကုသရေးအဖွဲ့တွင် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယ တိုင်းရင်းဆေးမှူး ဒေါ်ခင်ခင်သဲ၊ ရွှေဘိုတိုင်းရင်းဆေးရုံမှ ဒုတိယဆေးရုံအုပ်ဒေါ်မြမြခိုင်နှင့် ဒုတိယ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်သန်းဦးတို့ ဦးဆောင်၍ အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်းပြီး ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား ၁၃၀ ဦး၊ အကျဉ်းသူ ၃၀ ဦးတို့၏ ကျန်းမာရေးအခြေအနေများကိုစစ်ဆေးကာ တိုင်းရင်းဆေးပညာဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

ကျန်ရှိနေသေးသော အကျဉ်းသားများနှင့် အကျဉ်းသူများကိုလည်း ဆက်လက်၍ တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ မိမိတို့အကျဉ်းထောင်သို့ လာရောက်ပြီး တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးသော တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တာဝန်ရှိဝန်ထမ်းများအား အကျဉ်းဦးစီးဌာနမှ ကျေးဇူးတင်ရှိကြောင်း အကျဉ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဂျူနိုင်း**

# ပြည်ခရိုင်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ဧရာဝတီဖောင်ဒေးရှင်း ထောက်ပံ့လှူဒါန်း

**ပြည် ဩဂုတ် ၁၄**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၆၀၀ ကျော်နှင့် စားဆီများကို ဧရာဝတီဖောင်ဒေးရှင်းက ဩဂုတ် ၁၀ ရက်တွင် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများကို မြို့နယ်အလိုက် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပြည်မြို့နယ်အတွက် ဆန်အိတ် ၁၄၀ နှင့် ဆီပိဿာချိန် ၂၈၀၊ ပန်းတောင်းမြို့နယ်အတွက် ဆန်အိတ် ၂၈၀ နှင့် ဆီပိဿာ ၅၆၀၊ ရွှေတောင်မြို့နယ်အတွက် ဆန်အိတ် ၂၅၀နှင့် ဆီပိဿာ ၅၀၀ တို့ကို မြို့နယ်အလိုက်ဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေး ယာယီစခန်းများသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး (ပြန်/ဆက်)**

# ကျောင်းမုန့်ဈေးတန်းမှ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးဟောပြော

**မြင်းခြံ ဩဂုတ် ၁၄**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျောင်းကျန်းမာရေးသီတင်းပတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ကျောင်းမုန့်ဈေးတန်းမှ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြင်းခြံခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက်နှင့် ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းဌေးတို့က အမှာစကားပြောကြားခဲ့ကြပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေသီဝင်းမောင်က ကျောင်းမုန့်ဈေးတန်း၌ ရောင်းချနေသည့် အစားအသောက်များတွင် ဘေးအန္တရာယ်ဖြစ်စေသော ဆိုးဆေးများအကြောင်း၊ ရက်လွန်(သက်တမ်းလွန်)မုန့်များ ရောင်းချမှုမရှိစေရေးနှင့် ဈေးသည်များအနေဖြင့် ရောင်းချသည့်အစားအစာများကို သန့်ရှင်းသပ်ရပ်စွာ ရောင်းချရေးစသည့် အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းကျန်းမာရေးသီတင်းပတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ပြသထားသော ကျန်းမာရေးပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ မြို့နယ်တိုင်းရင်းဆေးကုဌာနက ကွင်းဆင်းပြုလုပ်ပေး

**အောင်လံ ဩဂုတ် ၁၄**
အောင်လံမြို့၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကုသိနာရုံဘုရားစောင်းတန်းတွင် လာရောက်၍ ရေဘေးရှောင်နေကြသော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်တိုင်းရင်းဆေးကုဌာနက ဩဂုတ် ၁၂ ရက်တွင် လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဆေးမှူး ဒေါ်ခင်အေးအေးနိုင်နှင့် ဝန်ထမ်းများက ရေဘေးရှောင်ပြည်သူများအား တိုင်းရင်းဆေးဖြင့် စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးသကဲ့သို့ ဆေးကုသပေးနေစဉ်အတွင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ရေဘေးရှောင်ပြည်သူများအတွက် ရွေ့လျားစာကြည့်တိုက်ကို ဖွင့်လှစ်၍ စာအုပ်စာဆောင်များကို ငှားရမ်းပေးခဲ့သည်။ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်ကလည်း ရေဘေးရှောင်ပြည်သူများအား စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် မြို့နယ်စာကြည့်တိုက်တွင် စာအုပ်စာစောင်များကို လာရောက်ငှားရမ်းဖတ်ရှုလေ့လာနိုင်ကြောင်း ဟောပြောပြီး ရောဂါများစစ်ဆေးကုသနေစဉ်အတွင်း ပြည်သူများ စာအုပ်စာပေများ ဖတ်ရှုနိုင်စေရန် စာအုပ်များငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**သိန်းလွင် (ပြန်/ဆက်)**

# ကွမ်းစားခြင်းအန္တရာယ်များ အသိပညာပေးဟောပြော

**ဝက်လက် ဩဂုတ် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပိတောက်ခြံကျေးရွာနေ ပြည်သူများအား ကွမ်းစားခြင်းကြောင့် ဖြစ်ပွားနိုင်သော ရောဂါများနှင့် ကွမ်းစားခြင်း၏ ဆိုးကျိုးများအကြောင်း သိရှိရှောင်ရှားနိုင်စေရန် ရည်ရွယ်၍လည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျေးရွာစာကြည့်တိုက် ရှင်သန်ရေးအတွက် ရည်ရွယ်၍လည်းကောင်း အသိပညာပေးဟောပြောပွဲကို ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဩဂုတ် ၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းမြင့်နှင့် ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက် ရေရှည်ရှင်သန်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကွမ်းစားခြင်းအန္တရာယ်များအကြောင်းတို့ကို အသိပညာပေးဟောပြောကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းခဲ့သည်။

ထို့နောက် နယ်လှည့်စာကြည့်တိုက်ကို ဖွင့်လှစ်ပြီး ဒေသခံပြည်သူများအား သုတရသ စာအုပ်များကို ငှားရမ်းပေးခဲ့ကာ နံရံကပ်ဓာတ်ပုံပြပွဲကိုလည်း ဆက်လက် ပြုလုပ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု ဆောင်ရွက်ခဲ့စဉ်က မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ပြသခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပြီးစီး

**အောင်လံ ဩဂုတ် ၁၄**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအတွက် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို အောင်လံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေ ၁၇ ရက်က စတင်ထုတ်ပေးခဲ့ရာ ယခုအခါ ချေးငွေအားလုံး ထုတ်ပေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချေးငွေထုတ်ပေးရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု ၉၇ စုရှိ အစုအဖွဲ့ ၆၅၇၅ ဖွဲ့မှ အဖွဲ့ဝင်တောင်သူလယ်သမား ၁၉၂၁၁ ဦးအတွက် ချေးငွေများ ထုတ်ပေးခဲ့ကြောင်း၊ စပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၃၄၂၀၈ ဧကအတွက် ထုတ်ပေးခဲ့ကြောင်း၊ အခြားသီးနှံများအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ပေးခဲ့ရာ မြေပဲ ၂၄၆၆၈ ဧက၊ နှမ်း ၄၀၃၆၉ ဧက၊ ပဲတီစိမ်း ၁၅၇၇၆ ဧကနှင့် ပဲစဉ်းငုံ ၃၃၆၃ ဧကအတွက် ထုတ်ပေးနိုင်ခဲ့ကြောင်း၊ စုစုပေါင်း သီးနှံစိုက်ဧက ၁၁၈၃၈၄ ဧကအတွက် ထုတ်ပေးခဲ့ပြီး ထုတ်ပေးငွေစုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၆၈၁၄၇ ဒသမ ၂ ဖြစ်ကြောင်း၊ ချေးငွေများကို ဩဂုတ် ၈ ရက်က အပြီးသတ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သိန်းလွင် (ပြန်/ဆက်)**

## ရီယိုအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဘရာဇီး၊ ဆွီဒင်၊ ကနေဒါနှင့် ဂျာမနီတို့ အကြိုဗိုလ်လုပွဲတက်

သီဟ

ဘရာဇီးနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အိုလံပစ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အမျိုးသမီးပွဲစဉ်အဖြစ် အိမ်ရှင်ဘရာဇီးနှင့် ဩစတြေးလျတို့ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ ပွဲကစားချိန်အတွင်း ဂိုးမရှိ သရေဖြစ်ပြီး အချိန်ပို ၁၅မိနစ်စီကစားသော်လည်း အရှုံးအနိုင်မပေါ်ခဲ့သော ကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပယ်နယ်တီကန်သွင်းရာတွင် ဘရာဇီး က ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အမေရိကန်နှင့် ဆွီဒင်**

အမေရိကန်နှင့် ဆွီဒင်တို့ပွဲတွင်လည်း တစ်ဖက်တစ်ဂိုးစီသရေကျပြီး ပယ်နယ်တီဖြင့် အဆုံးအဖြတ်ခံယူရာတွင် ဆွီဒင်က လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ကနေဒါနှင့် ပြင်သစ်**

ကနေဒါနှင့်ပြင်သစ်တို့ပွဲတွင် ကနေဒါက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**တရုတ်နှင့် ဂျာမနီ**

အာရှမှ တရုတ်နှင့် ဥရောပနာမည်ကြီး ဂျာမနီတို့ပွဲတွင် ဂျာမနီက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၁၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဘရာဇီးနှင့် ဆွီဒင်၊ ကနေဒါနှင့် ဂျာမနီတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။


အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည့် ဘရာဇီးအမျိုးသမီးဘောလုံးအသင်း




# ချန်ပီယံလိဂ်ခြေစစ်ပွဲ ရှုံးထွက် ပထမအကျော့မှာ အသင်းကြီးတွေ ရလဒ်ကောင်းနိုင်ပါ့မလား

ဥရောပတစ်ခွင်မှာတော့ ပြည်တွင်းလိဂ်ဘောလုံးပြိုင်ပွဲတွေ စတင်နေပြီဖြစ်လို့ ပရိသတ်တွေအတွက် ရသမျိုးစုံကို ခံစားကြည့်ရှုခွင့်ရနေပြီဖြစ်ပါတယ်။ စနေ၊ တနင်္ဂနွေပွဲတွေအပြီး ကြားရက်မှာတော့ ချန်ပီယံလိဂ်ခြေစစ်ပွဲ ရှုံးထွက် ပထမအကျော့ပွဲတွေကစားဖို့ရှိနေတာမို့ ပွဲကောင်းတွေကိုအားပေးဖို့ ပရိသတ်တွေ အားမွေးရပါဦးမယ်။ အသင်းကြီးတွေ ပါဝင်ကြမယ့် ဒီပွဲစဉ်မှာလည်း ဘယ်အသင်းတွေ ခြေစစ်ပွဲအောင်ဖို့ ဖြစ်လာမလဲဆိုတာ ရင်ခုန်စရာကောင်းနေပြန်ပါတယ်။

**စတူအာဘူခါရက်နှင့် မန်စီးတီး**

ချန်ပီယံလိဂ် ခြေစစ်ပွဲကို ရှုံးထွက်အဆင့်က စတင်ယှဉ်ပြိုင်ရတဲ့ မန်စီးတီးတို့အတွက်ကတော့ စတူအာဘူခါရက်တို့က အတားအဆီး တစ်ရပ်ပါပဲ။ ရိုမေးနီးယားကလပ်စတူအာဘူခါရက်တို့ဟာ ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲမှာ ချက်ကလပ် စပါတာပရပ်ကို အနိုင်ယူပြီး ဒီအဆင့်ကို ရောက်ရှိလာတာဖြစ်ပါတယ်။ စတူအာဘူခါရက်တို့ရဲ့ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ရှုံးပွဲ၊ သရေပွဲမရှိဘဲ နိုင်ပွဲတွေချည်းရရှိထားပါတယ်။ ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်ထားတဲ့ မန်စီးတီးအတွက် ဒီပွဲကို နည်းပြဂွာဒီယိုလာက မဖြစ်မနေနိုင်ပွဲရအောင် စီမံပါလိမ့်မယ်။ ဂိုးမပြတ်ပေမယ့် မန်စီးတီးရဲ့နိုင်ပွဲဖြစ်သွားမှာပါ။

**ကိုပင်ဟေဂင်နှင့် အေပိုးလ်**

ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်တို့က လောလောဆယ်မှာ ခြေစွမ်းကောင်းတွေပြသနေတဲ့ အသင်းဖြစ်ပြီး ဆိုက်ပရက်ကလပ် အေပိုးတို့ကလည်း အခုတစ်လော နိုင်ပွဲတွေ ဆက်နေတဲ့အသင်းဖြစ်ပါတယ်။ ကိုပင်ဟေဂင်ကွင်းမှာ ကစားမယ့် အခုပွဲဟာ အေပိုးလ်အတွက် အကျပ်အတည်း တွေ့နိုင်တဲ့အနေအထားရှိပြီး တတိယအဆင့်မှာ ရိုစင်ဘော့အသင်းကို ဖြတ်ကျော်လာတဲ့ အေပိုးလ်ကလည်း ခြေစစ်ပွဲအောင်ဖို့ အားထည့်လာမှာဖြစ်ပါတယ်။ နှစ်သင်းစလုံး ခြေစွမ်းကွာဟမှုမရှိပေမယ့် အိမ်ရှင်ကိုပင်ဟေဂင်တို့ အခြေအနေကောင်းသွားနိုင်ပါတယ်။

**ဒိုင်နမိုဇာဂရက်နှင့် ဆဲလ်ဘတ်**

ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်ဟာ ခြေစစ်ပွဲ တတိယအဆင့်မှာ ဂျော်ဂျီယာကလပ် တီဘီလစ်ဆီအသင်းကို ကျော်ဖြတ်လာတဲ့အသင်းဖြစ်ပြီး ကစားအားလည်း ကောင်းတဲ့အသင်းဖြစ်လို့ အခုလိုအဆင့် ရောက်ခဲ့တာဖြစ်ပါတယ်။ ဒိုင်နမိုဇာဂရက်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲခြေစွမ်းကိုကြည့်ရင် ဆလာဗန်၊ တီဘီလစ်ဆီ၊ ဆီဘာလီယာ အသင်းတွေကို နိုင်ပွဲတွေရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ခြေစွမ်းက အသိအမှတ်ပြုစရာပါပဲ။ ဆဲလ်ဘတ်တို့ကလည်း စိန့်ပိုလ်တန်၊ တီရာနာနဲ့ ဝုဗ်ဘာဂါအသင်းတွေကို နိုင်ပွဲတွေရအောင် အားထုတ်နိုင်ခဲ့တာမို့ အခုပွဲဟာ ခြေစွမ်းပိုင်း တူညီနေတဲ့အတွက် အကြိတ်အနယ်ရှိလာပါလိမ့်မယ်။ ဒီပွဲရလဒ်က သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**အေဂျက်စ်နှင့် ရော့စ်တော့ဗ်**

ရော့တာဒမ်နဲ့ PAOK အသင်းတွေကို ဆက်တိုက်နိုင်ပွဲတွေ ရယူထားတဲ့ နယ်သာလန်ကလပ် အေဂျက်စ်တို့က အိမ်ကွင်းမှာဆိုရင် ခြေစွာတဲ့အသင်းဖြစ်ပါ တယ်။ ဂရိကလပ် PAOK အသင်းကို တတိယအဆင့်မှာ နှစ်ဂိုး- တစ်ဂိုးနဲ့ အနိုင်ယူပြီး ဒီအဆင့်ရောက်ရှိလာတဲ့ အေဂျက်စ်တို့က ရုရှားကလပ် ရော့စ်တော့ဗ်ကို အသာစီးရယူပြီး အနိုင်ရလဒ်ကို ဖော်ထုတ်သွားဖို့ပြင်ဆင်နေပြီဖြစ်ပါတယ်။ အေဂျက်စ်ဟာ ချန်ပီယံလိဂ်မှာ ပါဝင်ကစားခွင့်ရဖို့အတွက် အိမ်ကွင်းမှာ ယှဉ်ပြိုင်ရမယ့် အခုပွဲမှာ ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။


**ယန်းဘွိုင်းနှင့် ဂလက်ဘတ်**

ဆွစ်ဇာလန်ကလပ် ယန်းဘွိုင်းတို့က တိုက်စစ်အားကောင်းသလို ခံစစ်ပိုင်းလည်း လုံခြုံအောင် ကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ယန်းဘွိုင်းဟာ ရှက်တာဒိုးနက်အသင်းကို နှစ်ဂိုးပြတ်သွင်း အောင်ပွဲခံပြီး အခုအဆင့်ကို ရောက်လာတာဖြစ်လို့ ဂလာဘတ်တို့ ပွဲမချောင်ပါဘူး။ ချန်ပီယံလိဂ်ခြေစစ်ပွဲကို ရှုံးထွက်အဆင့်က ကစားခွင့်ရတဲ့ ဂလက်ဘတ်တို့ကလည်း ပြိုင်ဘက်အသင်းရဲ့ကစားအားကိုလိုက်ပြီး ထိန်းချုပ်အသာစီးယူနိုင်တဲ့ ခြေစွမ်းရှိတာမို့ ယန်းဘွိုင်းတို့ အိမ်ကွင်းဆိုပေမယ့် စိတ်ကြိုက်ကစားကွက်တည်ပြီး ထိုးဖောက် တိုက်စစ်ဆင်ဖို့ မလွယ်ပါဘူး။ ဒီပွဲဟာ နှစ်သင်းစလုံး ခြေစွမ်းကောင်းတွေရရှိနေလို့ သရေရလဒ်ထွက်ပေါ်နိုင်တဲ့ အခြေအနေဖြစ်နိုင်ပါတယ်။ ။

❐ မိုးမြင့်လင်းလက် ❐

## ကမ္ဘာကျော်ရေကူးချန်ပီယံ မိုက်ကယ်ဖဲလ် အနားယူပြီ


အမေရိကန် ရေကူးချန်ပီယံမိုက်ကယ်ဖဲလ်ဟာ အိုလံပစ်ရွှေတံဆိပ်ဆုကို စံချိန်တင်ဆွတ်ခူးခဲ့သူပါ။ သူဟာ ဘရာဇီးနိုင်ငံ ရီယိုအိုလံပစ်မှာ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲအတွင်း ရွှေတံဆိပ်နဲ့ လွဲချော်ခဲ့ပြီးနောက် ရေကူးအားကစားသမားဘဝကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်။ သူဟာ (၂၃)ခုမြောက် အိုလံပစ်ရွှေတံဆိပ်ဆုဆွတ်ခူးဖို့ ကြိုးစားခဲ့တာပါ။ ဒီပွဲမှာ စင်ကာပူမှ ဂျိုးဆက်စကူးလင်းက ရွှေတံဆိပ်ဆွတ်ခူးခဲ့ပါတယ်။ မိုက်ကယ်ဖဲလ်ဟာ ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ဂျိုးဆက်စကူးလင်းဟာ ၅၀ ဒသမ ၃၉ စက္ကန့်နဲ့ ရွှေတံဆိပ်ဆုဆွတ်ခူးသွားခဲ့ပါတယ်။ သူဟာ ရှစ်နှစ်တာအတွင်း ရေကူးအားကစားသမားဖြစ်လာပြီးနောက် အိုလံပစ် ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိ အမေရိကန်ရေကူးအားကစားသမား မိုက်ကယ်ဖဲလ်ဟာ ၅၁ ဒသမ ၁၄ စက္ကန့်နဲ့ ဒုတိယဆုသာ ရခဲ့ပါတယ်။ သူဟာ ဒုတိယဆုရပြီးနောက် ရေကူးအားကစားသမားအဖြစ်မှ အနားယူဖို့ ကြေညာခဲ့ပါတယ်။



ကောင်းမြတ်သူ

## အိုလံပစ်မှာ ဆုရရှိမှုစံချိန်သစ်တင်တဲ့ ဗြိတိန်စက်ဘီးစီး အားကစားသမား

စက်ဘီးစီးအားကစားသမား ဆာဘရက်ဒလေ ဝက်ဂျင်းဟာ ဗြိတိန်နိုင်ငံသား တစ်ဦးအနေနဲ့ အိုလံပစ်အားကစားမှာ ဆုတံဆိပ် ရှစ်ခုအထိ စံချိန်တင်ဆွတ်ခူးခဲ့တဲ့ အားကစားသမား ဖြစ်လာခဲ့ပါတယ်။ အသက် ၃၆ နှစ်အရွယ်ရှိတဲ့ ဝက်ဂျင်းဟာ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ်တစ်ခုနဲ့ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူဟာ ဆာခရစ်ဟွိုင်းရဲ့ ဆုတံဆိပ်ခုနစ်ခုအထိ ဆွတ်ခူးခဲ့မှုကို ကျော်လွန်ခဲ့ပါတယ်။ သူဟာ အက်ကလန်စီ၊ အိုဝိန်းဒူးလ်နဲ့ စတီဗင်ဘူကီတို့နဲ့အတူ ၄ ကီလိုမီတာ ပြိုင်ပွဲမှာ သုံးမိနစ်အတွင်း ၅၀ ဒသမ ၂၆၅ စက္ကန့်နဲ့ ပန်းဝင်ပြီး ဩစတြေးလျ စက်ဘီးစီးအသင်းကို ကျော်ဖြတ်ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဝက်ဂျင်းဟာ ၂၀၀၀ ပြည့်နှစ် ဆစ်ဒနီအိုလံပစ်ကတည်းက အိုလံပစ်အားကစားပြိုင်ပွဲမှာ ပါဝင်ကစားခဲ့ပြီး ၂၀၀၈ ပေကျင်း အိုလံပစ်မှာ ရွှေတံဆိပ်ဆုနှစ်ဆုဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။



# ရေဘေးရှောင် ကျွဲ၊ နွားများအတွက် အစာများလိုအပ်နေ

**မင်းလှ ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၌ ဧရာဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် ကျေးရွာများမှ ရေဘေးရှောင်ပြည်သူများ၏ ကျွဲ၊ နွားများအတွက် အစာများ လိုအပ်လျက်ရှိနေကြောင်း သိရသည်။

ရေဘေးရှောင် ကျွဲ၊ နွားများအတွက် အစာရေစာ လိုအပ်ချက်များ ရှိနေသဖြင့် အလှူရှင်များ လိုအပ်နေကြောင်းနှင့် နွားစာအလှူရှင်များက လှူဒါန်းလိုပါက ရေဘေးရှောင် ကျွဲ၊ နွားများ ရှိရာနေရာများသို့ အလှူရှင်များအား မင်းလှမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက လိုက်လံပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မင်းလှမြို့၌ ဧရာဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် ကျေးရွာများမှ ရေဘေးရှောင်ပြည်သူများ၏ ကျွဲ၊ နွားများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ ကုသပေးခြင်းတို့ကိုလည်း ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ကွင်းဆင်းဆေးကုသမှုများကို မင်းလှမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်း ဦးဆောင်သောအဖွဲ့က ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ဩဂုတ် ၁၂ ရက်တွင် ရှားတောကွင်းကျေးရွာအုပ်စုအတွင်းရှိ ရေဘေးရှောင် ကျွဲ၊ နွားများကို ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးပေးကာ လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးထိုးရန်ကျန်ရှိသည့် ကျွဲ၊ နွားများကိုလည်း ကာကွယ်ဆေးများ ဆက်လက်၍ ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ရထားပေါ်မှ ခြေချော်ကျ၍ ရထားကြိတ်မိမှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးဘူတာမှ ရန်ကုန်ဘူတာဘက်သို့ ဩဂုတ် ၁၂ ရက် နေ့လယ် ၂ နာရီ ၅၅ မိနစ်အချိန်က ထွက်ခွာလာသော ညောင်ရမ်း(၆) ရွာသာကြီး-ရန်ကုန် လူစီးလော်ကယ်ရထားပေါ်မှ လူတစ်ဦးခြေချော်ပြုတ်ကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရထားသည် ရွာသာကြီးဘူတာမှ ထွက်ခွာလာစဉ် ညနေ ၃ နာရီ ၂၅ မိနစ်အချိန် တိုးကြောင်ကလေးဘူတာနှင့် ငမိုးရိပ်ဘူတာကြား မိုင်တိုင်အမှတ် (၆/၂၃) နှင့် (၆/၂၄)ကြားအရောက်တွင် ရထားတွဲ(၁) အနောက်ဘက် ဘယ်ဘက်ခြမ်းအပေါက်မှ စီးနင်းလာသူ ညောင်လေးပင်မြို့ စာတိုက်ကြီးကျေးရွာနေ မောင်လင်းအောင်မှာ ရထားပေါ် မှ ချော်ကျ၍ ရထားကြိတ်မိမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားကြိတ်မိမှုကြောင့် မောင်လင်းအောင်တွင် ဘယ်ဘက်ဒူးခေါင်းအောက်ပိုင်းမှ ပြတ်သည့်ဒဏ်ရာအပါအဝင် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ပြီး လူနာအား အချိန်မီ ဆေးကုသပေးနိုင်ရေးအတွက် ရထားရဲတပ်ဖွဲ့ အမှတ်(၁၂)တပ်ခွဲ တပ်စု(၂) တိုးကြောင်ကလေးတပ်စုမှ တပ်စုမှူး ဒုရဲအုပ်သန်းအေးနှင့် ရထားရဲတပ်ဖွဲ့ဝင်များ၊ တိုးကြောင်ကလေး ဘူတာမှ ဝန်ထမ်းများ ပူးပေါင်း၍ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံသို့ နာရေးကူညီမှုအသင်း မော်တော်ယာဉ်ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# မော်လမြိုင်ကျွန်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသော်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းမရှိ

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဩဂုတ် ၁၁ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိသော်လည်း မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းမရှိကြောင်းနှင့် မိုးစပါးစိုက်ခင်းများတွင်လည်း ရေလွှမ်းခြင်းကြောင့် ပျက်စီးမှုများမရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ငွေးကလည်း ယခုနှစ်မိုးစပါးစိုက်ရာသီတွင် မော်လမြိုင်ကျွန်းမြို့နယ်တစ်ခုလုံး၌ မိုးစပါး ၂၂၇၅၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ဩဂုတ် ၁၁ ရက်အထိ မိုးစပါး ၂၁၅၀၀၀ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ဩဂုတ်လအတွင်း မိုးအဆက်မပြတ်ရွာနေသော်လည်း မြို့နယ်အတွင်းရှိ စိုက်ပျိုးပြီး စပါးခင်းများတွင် ရေလွှမ်းပျက်စီးမှုဖြစ်ပွားခြင်း လုံးဝမရှိကြောင်း ပြောကြားသည်။

ယခုအချိန်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ်အချို့တွင် မိုးသည်းထန်ခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသော်လည်း မော်လမြိုင်ကျွန်းမြို့နယ်တွင်မူ မိုးမပြတ်ရွာနေသည့်တိုင် ရေကြီးရေလျှံမှု မရှိခြင်းနှင့် စပါးစိုက်ခင်းများတွင် ရေလွှမ်းမှု မရှိခြင်းမှာ မော်လမြိုင်ကျွန်းမြို့နယ်သည် ပင်လယ်နှင့် ထိစပ်နေခြင်း၊ ဒီရေအတက်အကျ ရှိခြင်းနှင့် မြို့နယ်အတွင်း မြစ်ချောင်းများ ပေါများခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်း ဆောင်ရွက်

**ရိုခေါဒါရ် ဩဂုတ် ၁၄**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိုခေါဒါရ်မြို့၌ ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်းများကို ရိုခေါဒါရ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၁၀ ရက်က ပြုလုပ်ခဲ့သည်။




ဟောပြောပွဲတွင် ရိုခေါဒါရ်တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာစိုးသီဟက ကျန်းမာရေးအတွက် နေ့စဉ်ကျင့်သုံးလိုက်နာရမည့် အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်များအကြောင်းကို ဟောပြောပြီး ဆေးမှူး ဗိုလ်ကြီးတင်အောင်လတ်က ကျန်းမာရေးအတွက် ဆောင်ရန်ရှောင်ရန်အချက်များ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးလုပ်ငန်းများအကြောင်းကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် တိုက်နယ်ဆေးရုံတာဝန်ခံနှင့် သူနာပြုဆရာမများက ကျောင်းသားကျောင်းသူ ၁၄၅ ဦးအား သန်ချဆေးတိုက်ကျွေးခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေး စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကာ လိုအပ်သော ဗီတာမင်အားဆေးများ ပေးအပ်ခဲ့သည်။

ကျောင်းကျန်းမာရေး စစ်ဆေးခြင်း ပြုလုပ်ရာတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ပြီး လာမည့်အပတ်များတွင်လည်း ရိုခေါဒါရ်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများသို့ ဆက်လက်သွားရောက်ကာ ကျောင်းကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်သွားရန်စီစဉ်ထားကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရံနှင့် လက်သမားပညာသင်တန်းဖွင့်

**ကျောက်ဆည် ဩဂုတ် ၁၄**

ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ကျေးလက်နေပြည်သူများအတွက် လက်မှုပညာသင်တန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စဉ်ဆက်မပြတ် အခမဲ့ ဖွင့်လှစ်ပေးလျက်ရှိရာ ကျောက်ဆည် မြို့နယ်တွင်လည်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရံနှင့် လက်သမားပညာသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးမြင့်က "ကျွန်တော်တို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်သူတွေ လိုအပ်ချက်ဖြစ်မယ့် သဘာဝမြေဩဇာထုတ်လုပ်ပုံများ၊ ဘွဲ့ရလူငယ်တွေအတွက် ကွန်ပြူတာသင်တန်း၊ ဒေသနဲ့ကိုက်ညီတဲ့ ဆင်ရုပ်လုပ်ငန်းတွေအပြင် အခု ပန်းရံ၊ လက်သမား သင်တန်းတွေကို အခမဲ့ စာတွေ့လက်တွေ့ ဖွင့်လှစ်ပေးလျက်ရှိပါတယ်"ဟု ပြောသည်။

သင်တန်းလာတက်သည့် သင်တန်းသားတစ်ဦးကလည်း "အရင်တုန်းက အိမ်ဆောက်မယ်ဆိုရင် လက်သမားတို့၊ ပန်းရံဆရာတို့ ပြောသမျှ အကုန်ဝယ်ပေးရတော့ ပစ္စည်းတွေ လေတာတွေရှိတာပေါ့။ အခုဒီပညာတတ်ထားတော့ ပစ္စည်းဆုံးရှုံးမှုတွေ မရှိတော့ဘူးလေ"ဟု သင်တန်းနှင့်ပတ်သက်၍ ၄င်း၏အမြင်ကို ပြောကြားသည်။

**သက်မောင်(ကျောက်ဆည်)**



**ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံကွန်ပျူတာတက္ကသိုလ်၌ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က ကျင်းပရာ အမှတ်(၃၁) မူးယစ်ရဲတပ်ဖွဲ့စု(ဘားအံ)မှ ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးထွန်းထွန်းဦးက 'ကမ္ဘာ့ပြဿနာ မူးယစ်ဆေး တစ်ကမ္ဘာလုံးက တိုက်ဖျက်ပေး' ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား ဟောပြောစဉ်။**
စောမျိုးမင်းသိန်း(ပြန်/ဆက်)

# မိုးစပါးစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများ ထုတ်ချေးပြီး

**ရမ်းဗြဲ ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းမှ ဒေသခံတောင်သူများအတွက် မိုးစပါးနှင့် မိုးသီးနှံ စိုက်ပျိုးစရိတ် ချေးငွေများကို မေလ ၂၃ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ ဩဂုတ် ၁၂ ရက်တွင် ချေးငွေအားလုံး ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၁၂ ရက်တွင် လက်ပံကျေးရွာအုပ်စုမှ တောင်သူ ၂၅၃ ဦးအတွက် ချေးငွေများကို နောက်ဆုံးထုတ်ပေးခဲ့ကြောင်းနှင့် စုစုပေါင်း ချေးငွေထုတ်ပေးမှုမှာ ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုရှိ တောင်သူအစုအဖွဲ့ ၃၀၉၃ ဖွဲ့မှ တောင်သူ ၉၀၂၆ ဦး၏ လယ်မြေဧက ၂၉၅၄၂ ဧကအတွက် ချေးငွေကျပ် သိန်းပေါင်း ၄၄၃၁၃ သိန်းကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်နိုင်(ပြန်/ဆက်)**


oppo
F1s
THE NEXT SELFIE ဘုရင်
LAUNCH ON
16.8.2016

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)တို့မှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၅-၈-၂၀၁၆ ရက်မှ ၁၈-၈-၂၀၁၆ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၈-၈-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီဖြစ်ပါသည်။

၃။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၈)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံစီမံကိန်းတွင် ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများအတွက်၆"×၉" ကျောက်ကြီးအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/ အချိန်** - ၁၀-၈-၂၀၁၆ ရက်၊ နံနက် ၉း၃၀ နာရီ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၈)၊ ဂန့်ဂေါမြို့

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၈-၂၀၁၆ ရက်၊ ညနေ ၁၆း၀၀နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၈-၂၀၁၆ ရက်၊ နံနက် ၉း၃၀နာရီ

၆။ **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (၁)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၈)၊ ဂန့်ဂေါမြို့

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၂-၅၀၄၇၃၊ ၀၆၂-၅၀၀၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်လွှတ်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ တိုင်းရင်းသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၂၃-၈-၂၀၁၆ ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် ဝယ်ယူရရှိနိုင်ပါကြောင်းနှင့် ၂၅-၈-၂၀၁၆ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရခိုင်ပြည်နယ်လွှတ်တော်ရုံး ဖုန်း-၀၉-၇၉၅၆၆၈၅၈၄၊ ၀၉-၄၅၀၅၆၃၄၁၉၊ ၀၉-၄၂၁၇၃၀၆၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရခိုင်ပြည်နယ်လွှတ်တော်ရုံး**
**စစ်တွေမြို့**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါမော်တော်ယာဉ် ပြုပြင်ရာတွင် သုံးစွဲမည့်စက်ပစ္စည်းနှင့် ယာဉ်အပိုပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Car Painting Machine & Accessories | (၁)စုံ |
| (ခ) | Car Alignment Machine (Digital) & Alignment Link | (၁)စုံ |
| (ဂ) | တာယာမျိုးစုံ | (၁၅၀)လုံး |
| (ဃ) | ဘက်ထရီမျိုးစုံ | (၇၀)လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံ တစ်စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင် တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းမည့်ရက်** - ၂၂-၈-၂၀၁၆ရက်မှ ၉-၉-၂၀၁၆ရက်ထိ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၃-၉-၂၀၁၆ရက် ၁၃း၀၀နာရီ

၆။ **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂၊ ၀၁-၆၅၁၀၃၉

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၄) အကြီးစားစက်ရုံ (ဒဂုံ)၊ တောင်ဒဂုံစက်မှုဇုန် (၁)ရှိ အောက်ပါအလုပ်ရုံကို နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဘို့၊ နပ်၊ ဘက်ထရီအိုးခွံနှင့် ဝိုင်ယာနန်းဆွဲအလုပ်ရုံ

၂။ တင်ဒါများကို ဆောင်ရွက်လိုသည့်လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာနှင့် တစ်နှစ်ငှားရမ်းခ (ကျပ်သန်း)အဆိုပြုလွှာဟူ၍ စာအိတ်နှစ်အိတ်ဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အောက်ပါအတိုင်း ဝယ်ယူတင်သွင်းနိုင်ပါသည်-

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၆-၈-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၀-၈-၂၀၁၆ရက်၊ ၁၆း၀၀နာရီ
**စီမံရေးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၃၇၂**

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် အမျိုးသားတိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (National Institute of Metrology-Myanmar)ကို နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများပါဝင်သော အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအတွက် လိုင်စင်ရသည့်ဆောက်လုပ်ရေးကုမ္ပဏီများအားအိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

(က) ၃ထပ်အဆောက်အအုံ+မြေအောက်(၁)ထပ် (၁၄၀'×၁၁၄') (စတုရန်းပေ-၄၇၁၄၆)

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၆ရက် ၉း၃၀နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၇-၉-၂၀၁၆ရက် ၁၆း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက စီမံရေးရာဌာနခွဲ၊ အထွေထွေလုပ်ငန်းဌာနစုသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်း-၀၁-၆၆၃၂၅၈၊ ၀၁-၆၆၄၈၁၇၊ ၀၁-၆၆၃၀၂၆

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## ဝန်ကြီးရုံး
## တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဝန်ကြီးရုံးတွင် အသုံးပြုရန်အတွက် ရုံးသုံးစာရေးကိရိယာပစ္စည်း (၄၅)မျိုးနှင့် Copier/ Printer Toner Cartridge (၁၃)မျိုးအားဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၁၅-၈-၂၀၁၆ရက်မှစ၍ ၃၀-၈-၂၀၁၆ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစား၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းချက်များအား "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့်နည်းပညာဌာန၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်"တွင် တစ်စောင်စီလျှင် ငွေကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပြီး ၃၀-၈-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၃၅၀နှင့် ၀၆၇-၄၃၁၃၅၁တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ CPD
## ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ CPD ဟောပြောပွဲကို အသင်း၏နာယက ဆရာဦးဝင်းသင်မှ Public Company IPO and Listing ခေါင်းစဉ်ဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၈ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမတွင် ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီထောက်ခံချက် (၄)နာရီ ရရှိမည်ဖြစ်ပါသည်။ အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဟောပြောပွဲရက်မတိုင်မီ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များအပါအဝင် ရုံးချိန်အတွင်း ၂၆-၈-၂၀၁၆ရက်(သောကြာနေ့) နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်ပြီး မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း ဟောပြောပွဲ ကျင်းပသည့်ရက်တွင် မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်ခြင်းကို (လုံး၀)လက်ခံမည်မဟုတ်ကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၁၄၆၅၃၊ ၀၉-၃၁၇၁၈၁၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
## ဟောပြောပွဲကျင်းပမည်

**ဟောပြောပွဲခေါင်းစဉ်** - Good Corporate Governance: Role of Professional Accountants
**ဟောပြောမည့်သူ** - ပါမောက္ခဒေါက်တာအောင်ထွန်းသက်
**ကျင်းပမည့်ရက်နှင့်အချိန်** - ၂၁-၈-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
**ကျင်းပမည့်နေရာ** - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၊ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်ရမည့်သူ** - ဦးအောင်နိုင်ထွန်း၊ ဖုန်း-၀၉-၄၂၁၁၀၂၂၈၂၊ ၀၁-၈၆၁၀၃၆၂၊ MICPA ရုံးခန်း ဖုန်း-၀၉-၃၁၇၁၈၁၄၉

## တစ်ဦးတည်းဖြစ်ကြောင်း

လွိုင်ကော်မြို့ စိန်လုံဂရီကျေးရွာနေ မောင်မလန်တူးထန် ၁/မကန(နိုင်)၁၇၃၆၇၅၏ဖခင်မှာ ဦးနော်ဘောက်နှင့် ဦးမလန်ဘောက်နော် ၁/မမန(နိုင်)၀၁၄၂၀၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးနော်ဘောက်(ခ) ဦးမလန်ဘောက်နော်**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့ အထကကျောင်းမှ (ဘ) ဦးဝင်းဇော်၏သား မောင်မိုးစက်အား ပုံစံ ၆၆/၆ နှင့် ၅/အတန(နိုင်)၁၀၈၉၅၆အရ မောင်မိုးစက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၂-၂၀၀၇ ဖြစ်ပါကြောင်း။

## REQUEST FOR EXPRESSIONS OF INTEREST
## Ministry of Agriculture, Livestock and Irrigation
## (Department of Rural Development)
## National Community Driven Development Project
## (IDA Grant H814-MM)
## Assignment Title: Consulting Firm for Finance Software Package and Customization
## Reference No: C-72

The Republic of the Union of Myanmar has received financing from the World Bank towards the cost of the National Community Driven Development Project. The Department of Rural Development (DRD) of the Ministry of Agriculture, Livestock and Irrigation, which implements the National Community Driven Development Project, intends to apply part of the proceeds for the hiring of Technical Services.

The objectives of assignment include the supply of suitable accounting software, customizing the project financial report templates both internal and external, set up of the software using the NCDDP Chart of Accounts, installation of the software, preparation of user manual, training of relevant finance staff and maintenance of the system within the warranty period.

The Department of Rural Development invites expressions of interest (EOI) from qualified and experienced Local NGOs/Firms/Companies. Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services.

Expressions of Interest must be submitted in a written form to the address below (in person, or by mail, or by e-mail) by Monday 29 August 2016.

A consultant will be selected in accordance with the CQS method set out in the Consultant Guidelines.

Further information and a copy of the detailed Terms of Reference (TOR) may be obtained from the NCDD webpage: http://www.cdd.drdmyanmar.org or the address below during office hours from 09:00 to 16:00, Monday through Friday, except public holidays.

**Attn: U Kyaw Swa Aung (Director),**
**NCDD Project Secretariat Office,**
**Department of Rural Development, Ministry of Agriculture, Livestock and Irrigation**
**Office No. 14, Nay Pyi Taw, Myanmar.**
**Tel & Fax: 067-409071,**
**Email addresses:unioncddprocurement@gmail.com**

## ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ဖွံ့ဖြိုးရေးအသင်း
## (Ecosystem Conservation and Community Development Initiative)
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အသင်းဝင်များ၏ သားသမီးများအား ပညာရေးထူးချွန်ဆုချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများအားလုံး စုံညီစွာ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေရာ** - အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၊ အမှတ်(၈၈)၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
**နေ့ရက်** - ၂၇-၈-၂၀၁၆ရက်
**အချိန်** - နံနက် ၈း၃၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ

တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူး (၃)ဘာသာနှင့်အထက်ဖြင့် အောင်မြင်ထားသူများ၏ အသင်းဝင်မိဘများသည် အသင်းရုံးသို့ ၂၂-၈-၂၀၁၆ရက်ကို နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားပေးပါရန်။**ဖုန်း-၀၁-၅၀၄၂၂၅၊၀၁-၅၁၀၉၀၂**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက ၁၊ တက္ကသိုလ်ဝင်တန်း (အတွဲ-၁၊ H)မှ နော်ဇူလိုင်မိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ စောဖာထေး ဖြစ်ပါကြောင်း။
**စောဖာထေး**
**၆/မအရ(နိုင်)၀၉၈၂၈၇**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက-၁၊ တက္ကသိုလ်ဝင်တန်း(အတွဲ-၁၊ C)မှ မချစ်ချစ်စရာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်ကို ဖြစ်ပါကြောင်း။
**ဦးမြင့်ကို**
**၆/တသရ(နိုင်)၀၃၅၅၁၃**

## Great Hor Kham Public Co., Ltd
## ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီလီမိတက်
## တတိယအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

Great Hor Kham Public Co., Ltd ၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်းနှင့် အစည်းအဝေးတွင်အောက်ပါအကြောင်းအရာများအား အတည်ပြုဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ကုမ္ပဏီအစုရှယ်ယာရှင်များ ကြိုတင်သိရှိထားနိုင်ပါရန်နှင့် အစည်းအဝေးသို့ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာအသိပေးဖိတ်ကြားအပ်ပါသည်။

**နှစ်ပတ်လည်အထွေထွေအစည်းအဝေးအစီအစဉ်**

**ကျင်းပမည့်ရက်** ။ ။ ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့)
**ကျင်းပမည့်အချိန်** ။ ။ နံနက် ၉း၀၀နာရီမှ မွန်းလွဲ ၁း၀၀နာရီအထိ
**ကျင်းပမည့်နေရာ** ။ ။ ကုမ္ပဏီစီမံကိန်းရုံး(ဆင်းရွှေလီခန်းမ)၊ ငွေဆင်အိမ်ရာလမ်း၊ ကောင်းမူးတုံရပ်ကွက်၊ မူဆယ်မြို့

**အစည်းအဝေးဖိတ်စာ**

- အစည်းအဝေးဖိတ်စာကို ၂၀-၈-၂၀၁၆ရက်မှစတင်၍ အစုရှယ်ယာရှင်များထံသို့ပေးပို့ဖိတ်ကြားသွားပါမည်။
- အစည်းအဝေးသို့ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိက အစည်းအဝေးဖိတ်စာတွင်ပူးတွဲပေးပို့မည့် ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ လွှဲစာအား အစည်းအဝေးမတိုင်မီ ကုမ္ပဏီရုံးချုပ်သို့ ကြိုတင်ပေးပို့၍လည်းကောင်း၊ အစည်းအဝေးသို့ကိုယ်စားလှယ်နှင့်အတူတစ်ပါတည်းထည့်ပေး၍လည်းကောင်း ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အစည်းအဝေးတွင်အတည်ပြုဆုံးဖြတ်သွားမည့်အကြောင်းအရာများ**

(က) ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းနှင့် ၂၀၁၆နှစ်ပတ်လည်အစီရင်ခံစာကိုအတည်ပြုခြင်းကိစ္စ။
(ခ) ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်း ၈၇၊ ၈၈၊ ၈၉၊ ၉၂ပါ အပိုဒ်များအရ ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်မှုနှင့် တာဝန်ထမ်းဆောင်မှုကို အတည်ပြုခြင်းကိစ္စ။
(ဂ) စတော့အိပ်ချိန်းသို့ဝင်ရောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ယခင်မူလက ကျပ်တစ်သိန်း သတ်မှတ်ထားသော အစုရှယ်ယာ(၁)စုအား ကျပ်တစ်ထောင်တန်သော အစုရှယ်ယာ(၁၀၀)စုအဖြစ်သို့ ခွဲခြမ်းစိတ်ဖြာ သတ်မှတ်သွားမည့်ကိစ္စ။
(ဃ) Zin & Friends Audit Firm အား ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက်စာရင်းစစ်အဖြစ်ခန့်အပ်ရန်ကိစ္စ။

**အမြတ်ဝေစုခံစားခွင့်နှင့်ထုတ်ယူခြင်း**

- ၂၀၁၅-၂၀၁၆ခုနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ကို ၃၁-၈-၂၀၁၅ရက်အထိ ဝယ်ယူပိုင်ဆိုင်ခဲ့ရသော အစုရှယ်ယာများအတွက်သာ ထုတ်ယူခွင့်ရှိမည်ဖြစ်သည်။
- အမြတ်ဝေစုထုတ်ယူရမည့်ကာလကို နှစ်ပတ်လည်အစည်းအဝေးတွင် ကြေညာပေးသွားပါမည်။
- အမြတ်ဝေစုထုတ်ယူရာတွင် ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီရုံးချုပ်သို့ ကြေညာသတ်မှတ်ကာလ၏ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း အစုရှယ်ယာလက်မှတ် သို့မဟုတ် အစုရှယ်ယာထည့်ဝင်ထားသည့် လက်ခံပြေစာနှင့်အတူ ကိုယ်တိုင်လာရောက်ထုတ်ယူရပါမည်။

**မေးခွန်းများမေးမြန်းခြင်း**

- အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းလိုသည့်အချက်များရှိပါက ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီလီမိတက်သို့ ၂၅-၈-၂၀၁၆ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ မေးခွန်းလွှာများကို ပေးပို့ကြရန်ဖြစ်ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**Great Hor Kham Public Co.,Ltd**

**Great Hor Kham Public Co.,Ltd**
**မူဆယ်ရုံးချုပ်-အမှတ် (ကလ/၁၅)၊ ကောင်းမူးလွယ်နယ်မြေ၊ ကောင်းမူးတုံရပ်ကွက်၊ မူဆယ်မြို့**
**ဖုန်း-၀၈၂-၅၂၂၆၆၊ ၀၈၂-၅၂၅၅၁**
**web:greathorkham.com,Email: info@greathorkham.com**

ကမ္ဘာ့အကောင်းဆုံး စီမံခန့်ခွဲမှုသင်တန်းကျောင်းကြီးများ၏ သင်ရိုးညွှန်းတမ်းများနှင့်အညီရေးဆွဲထားသော မြန်မာနိုင်ငံ၏ပထမဦးဆုံးသင်တန်း

## Management Skills for General Managers Part (I)

သင်ကြားပို့ချမည့်သူ > ပါမောက္ခဦးအေးကျော် Founder and Principal (MLMI), (FCMI, UK), (FABE, UK), (FCAM, UK), (ACIPD, UK)

**တက်ရောက်သင့်သူများ**

၁။ မည်သည့် Management သင်တန်းကိုမှ မတက်ရောက်ရသေးသော ဘွဲ့ရမန်နေဂျာများ၊ မိသားစုလုပ်ငန်းပိုင်ရှင်များ
၂။ GM ၊ DyGM ၊ AGM ရာထူးသို့ အမြန်ဆုံးတက်ရောက်ရန် ကြိုးစားနေသော မန်နေဂျာများ
၃။ မိမိလက်အောက်ရှိ ဝန်ထမ်းများကို ခေတ်မီနိုင်ငံတကာအဆင့် နည်းစနစ်များဖြင့်စီမံခန့်ခွဲလိုသော GM / DyGM /AGM များ
၄။ လုပ်ငန်းတစ်ခုလုံးကို စီမံခန့်ခွဲနေရသော အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ တာဝန်ခံများ၊ အကြီးအကဲများ၊ ဦးစီးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းမန်နေဂျာ/ပြည်နယ်မန်နေဂျာများ
၅။ မိရိုးဖလာနည်းလမ်းများထက် ပိုမိုစနစ်ကျသောနည်းလမ်းများဖြင့် စီမံခန့်ခွဲလိုသော အသေးစားနှင့် အလတ်စား(SME)လုပ်ငန်းပိုင်ရှင်များ
၆။ AFTA နှင့် AEC တို့၏ အခွင့်အလမ်းများကိုရယူပြီး စိန်ခေါ်မှုများကို ရင်ဆိုင်အနိုင်ယူရန် ပညာဖြည့်လိုသော မိသားစုလုပ်ငန်းပိုင်ရှင်များ

သင်တန်းသား အနည်းဆုံး(၃)ဦးနှင့် အထက်စေလွှတ်သော ကုမ္ပဏီများ၊ မိသားစုလုပ်ငန်းများ Discount 10% ရရှိပါမည်။

သင်ကြားမည့် ခေါင်းစဉ်များ > 1. Duties and Responsibilities of Senior Management 2. 21st Century Leadership Challenges 3. Managing Rewards, Motivation and Engagement 4. Building Human Capital

သင်တန်းချိန်နှင့် နေ့ရက် > ၂၁.၈.၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၃၀ မှ ညနေ ၅း၃၀ နာရီ
သင်တန်းအပ်ရန် နောက်ဆုံးရက်မှာ (၁၉.၈.၂၀၁၆ သောကြာနေ့) ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသည်။

ကုမ္ပဏီ/လုပ်ငန်းတစ်ခုချင်းစီ၏လိုအပ်ချက်အရ စီမံခန့်ခွဲမှုပညာသင်တန်းများကို လုပ်ငန်းခွင်အရောက်သင်ကြားပို့ချပေးလျက်ရှိပါသည်။
**Myanmar Leadership & Management Institute**, Building(4), Room (10), MICT Park, Hlaing Campus, Yangon.
Tel : 01-2305188, 09 5045551, 09 2600 34160 E-mail : enquiry@myanmarlmi.com
Facebook : www.facebook.com/myanmarleadershipandmanagement



**ချာချီးယား ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862


**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဦးဆန်းထွန်း ၉/သစန(နိုင်)၀၁၆၀၉၂၏သား မောင်မင်းနွယ်ထွန်းနှင့် မောင်မင်းနွယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်မင်းနွယ် ၉/သစန(နိုင်)၁၅၂၄၅၅**


ပိုက်ကြိုးလစ်/လေစီးအား/Fully Auto
**ကွန်ဒိုတဲရစ် အုတ်ရိုက်စက်**
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884


**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးစိုးသွင် ၁၀/မလမ(နိုင်)၀၆၇၈၃၄ ၏ (Passport No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ထွန်းလင်းကျော် ၁၁/ရသတ(နိုင်)၀၈၅၂၀၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၂၉၄၆၇၂၆


**မီကို မှသဘာဝဘေးအလှူ-အထူးအစီအစဉ်**

- သဘာဝဘေးအလှူရှင်များ နှင့်အတူမီကိုမှ ၁၀% ပါဝင်သည့်အစီအစဉ်
- ကိုယ်တိုင်သွားရောက်ရန်ခက်ခဲသူများအတွက် တာဝန်ယူလှူဒါန်းပေးသည်
- အလှူရှင်များ၏ အမှတ်တံဆိပ်ကိုလည်း (1C) အခမဲ့တံဆိပ်ရိုက်နှိပ်ပေးသည်
- ယခုအစီအစဉ်အတွက် အထည် တစ်သိန်းသာ ကန့်သတ်ထားပါသည်
- နယ်မှအလှူရှင်များလွယ်ကူစေရန် ဖုံးဖြင့်မှာယူနိုင်ပြီးအခမဲ့ပို့ပေးပါသည်

MiCO Better Choice
T-Shirt = 650 ks အလှူ → 585 ks
01 430916 / 095141086 - 02 78983 / 09 6800559
mico.tmy@gmail.com



**ကုံကော်စက်ဝန်း**
နှင့် အိပ်မက်လွန်ကဗျာများ နိုးထမှု
**အေအာမ်တီ**




# နဂါးနှစ်ကောင်ကုမ္ပဏီ

နဂါးနှစ်ကောင်အချိုရည်သည် ကျန်းမာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စည်ပင်ဝန်ကြီးဌာန၊ အခွန်ဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၊ FDA ၏ခွင့်ပြုချက်အမှတ် စ၄/၁၁၀၆၅/ထလနှင့် စ၄/၁၅၀၉၆/ထလ/အစစ်ဆေးခံပြီး ကျန်းမာရေးနှင့်ညီညွတ်သော အချိုရည်ဖြစ်ပါသည်။

နဂါးနှစ်ကောင် အချိုရည်နှင့်ပုံစံတူ၊ အရောင်တူ၊ ဆင်တူယိုးမှားများ ထွက်ရှိနေပါသဖြင့် အောက်တွင်ပြထားသော နဂါးနှစ်ကောင်အချိုရည် ဖာခွံပုံပေါ်တွင် တွေ့ရှိရသော စ၄/၁၁၀၆၅/ထလ နှင့် စ၄/၁၅၀၉၆/ထလ ထောက်ခံချက်အမှတ်ပါမှသာလျှင် နဂါးနှစ်ကောင်အချိုရည်ပစ္စည်းအစစ်အမှန်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

နဂါးနှစ်ကောင်အချိုရည်သည် မြန်မာပြည်တွင်းထုတ်အချိုရည်အမှန် ဖြစ်သည်။ တရုတ်ပြည်မှသွင်းကုန်ပစ္စည်းမဟုတ်ကြောင်း အာမခံအသိပေးပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော အချိုရည်ဖြစ်သောကြောင့် ကလေးသူငယ်လူမျိုးမရွေး သောက်သုံးနိုင်ပါသည်။

**နဂါးနှစ်ကောင်အချိုရည်စက်ရုံများတည်နေရာ**
**လားရှိုးစက်ရုံ ။ ။ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၇)၊ အိမ်အမှတ် ၅၊ သံလွင်လမ်း။**
**မန္တလေးစက်ရုံ ။ ။ ၁၆မိုင်အနီး၊ ကျောက်ချောကျေးရွာ၊ မန္တလေးမြို့။**
**တာဝန်ခံဖုန်း-၀၉-၂၃၀၅၈၉၂၊ ၀၉-၅၂၃၁၇၂၀**




**နဂါးနှစ်ကောင်ကုမ္ပဏီထုတ်အချိုရည်ပစ္စည်းပုံအမှန်**
**ကုမ္ပဏီတာဝန်ခံ**

## ဒေါ်စန်းစန်းညွန့်
### အသက်(၄၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ညိမ်းညိမ်းစံ စားသောက်ဆိုင်နေ (ဦးစန်းအောင်)-ဒေါ်ခင်ညွန့်တို့၏သမီး၊ ဗိုလ်မှူးကြီးသက်ထွန်း(ငြိမ်း)၊ ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်သူ)-ဒေါ်ခမ်းနုတို့၏ညီမ၊ ဦးနေဝင်းအောင်၏အစ်မ၊ ကိုအေးချမ်းအောင်-မဖြူသီဟန်၊ မဟန်နီထွန်းတို့၏မိခင်၊ မအိမ့်အခရာ၏အဘွားသည် ၁၄-၈-၂၀၁၆ရက် နံနက် ၃း၀၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းစန်းညွန့်
### အသက်(၄၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ညိမ်းညိမ်းစံ စားသောက်ဆိုင်နေ ဗိုလ်မှူးကြီးသက်ထွန်း(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကိုအေးချမ်းအောင်-မဖြူသီဟန်၊ မဟန်နီထွန်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်စန်းစန်းညွန့်သည် ၁၄-၈-၂၀၁၆ရက် နံနက် ၃း၀၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး ဒေါ်အေးအေးသန်း မိသားစု**
**နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၁၇၃၀/က၊ မြေကွက်တည်နေရာအမှတ် ၁၇၃၀/က၊ သာလွှာဝတီ၆လမ်း၊ ၁၀/တောင်၊ (၁၄)ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးသိန်းစိုး ISN-၀၆၄၈၉၃၊ (၂) ဒေါ်မြင့်ကြည် CA- ၀၃၃၂၃၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဒေါ်သဇင်မော်က ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၁၆၉ဖြင့် ဦးသိန်းစိုး၊ ဒေါ်မြင့်ကြည်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာရခဲ့သည့် အနိုင်ဒီကရီနှင့် ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ် ၁၁ အမိန့်တို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်အေးအေးမြင့် ၁၂/သကတ(နိုင်)၀၀၅၄၆၀က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆စီ၂၊ မြေကွက်အမှတ် ၂၅၂၊ မြေကွက်တည်နေရာအမှတ် ၈၀၊ ရတနာပုံလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်အုန်းတင် (AA-၀၂၂၅၅၀) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းတင်(မိခင်)နှင့်(ဖခင်)ဦးတင်မောင် ကွယ်လွန်သဖြင့် ဒေါ်နီနီဝင်း ၁၂/ကမတ(နိုင်)၀၁၉၄၃၆၊ ဒေါ်အေးအေးမြင့် ၁၂/ကမတ(နိုင်)၀၁၉၄၃၅၊ ဦးဝင်းအောင် ၁၂/ကမတ(နိုင်)၀၁၉၄၃၇တို့က ကွယ်လွန်သူတို့၏ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် လျှောက် ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၊ မြေကွက်အမှတ်၆၇/ခ၊ မြေကွက်တည်နေရာအမှတ် ၆၇/ခ၊ ပဲခူးလမ်းသွယ် ၃လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာ (ဦးမောင်မောင်)အမည်ပေါက် ပါမစ်မြေအား ဦးမောင်မောင်ထံက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စိန်စိန် ၁၂/အစန(နိုင်)၁၂၄၉၀၅မှ မြေချပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၆၄၀၊ မြေကွက်တည်နေရာအမှတ် ၆၄၀၊ အေးရိပ်သာ(၂)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက် ဦးဝင်းကြည်(KPW-၁၁၆၀၈၄)အမည်ပေါက် နှစ်၆၀ဂရန်မြေအား တရားလိုများဖြစ်သော ဒေါ်ခိုင်မာလှတင် (ခ)ဂလိုရီယာ(ခ)မူမူပါ(၂)မှ ဦးဝင်းကြည်အပေါ် တရားပြိုင်ထားကာ စွဲဆိုခဲ့သော ဒဂုံမြောက်ပိုင်းမြို့နယ်၊ တရားမရုံး တရားမကြီးမှုအမှတ် ၁၁/၂၀၁၆၏ ၁၇-၂-၂၀၁၆ ရက်စွဲပါ ပဋိညာဉ် အတိုင်း မြေနှင့်အိမ်ရာ အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုခဲ့ခြင်းအပေါ် ချမှတ်သည့် စီရင်ချက်ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၂၃/၂၀၁၆တို့အားတင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နီလာခင် ၁၂/မဂဒ(နိုင်)၀၉၈၉၀၁မှ အဆိုပါစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ-၁၆)၊ အတွင်းပဒ်၊ မြေကွက်အမှတ် (၁၉၅/ခ) (ပေ၂၀×ပေ၆၀) ရှိထားသူအမည်ပေါက် ဦးမောင်ဝင်း ၁၂/မရက(နိုင်)၀၃၄၆၆၄ပိုင်ဆိုင်သော မြေကွက်အား စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ညို ၁၂/အစန(နိုင်)၁၇၁၈၆၃နှင့် ဒေါ်သန်းငွေ (ISN-၅၇၄၄၅၆)တို့မှ ပိုင်ဆိုင်မှုအတွက် မြေချပါမစ်ထုတ်ယူခွင့်ပြုရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ လှိုင်သာယာမြို့နယ်၊ မြေယာရုံးခွဲ(၁၀)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မြေယာရုံးခွဲ(၁၀)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လှိုင်သာယာမြို့နယ်**

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရှုခင် (သုံးခွ၊ ဥက္ကံ)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဇီဇဝါလမ်း၊ အမှတ် ၃၈နေ (ဦးရန်ငါး-ဒေါ်ရာ)တို့၏သမီး၊ ဒေါ်ရှုတင်၏ညီမ၊ (ဦးဟုန်စိန်)၏ဇနီး၊ ဒေါ်ကြည်ကြည်မြင့် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန]၊ (ဦးအောင်နိုင်)၊ ဒေါ်ရီရီမြင့်(အထက-၄၊ ပုဇွန်တောင်)၊ ဒေါ်အေးအေးမော်(အထက-၂၊ ဗိုလ်တထောင်)တို့၏ချစ်လှစွာသောမိခင်သည် ၁၄-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်နွဲ့ (ရွှေကျင်)
### (ရွှေကျင်မြို့နယ်အသင်းဝင်)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်းအထက်၊ အမှတ် ၂၄၁/၇ (ခ)နေ (ဦးမောင်တင်-ဒေါ်ဖွားညွန့်)တို့၏သမီး၊ (ဦးအောင်မြတ်)၏ဇနီး၊ ဦးသိန်းငွေ(လှိုင်သာယာ၊ သ/မဦးစီး)-ဒေါ်သီသီမြတ်(ရန်ကုန်တိုင်းဒေသကြီး သ/မဦးစီးဌာန)၊ ကိုဇော်လင်းအောင်-မမီးမီး၊ ကိုသန်းထိုက်အောင်(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ကိုနိုင်လင်းအောင်-မဝါဝါစိုးတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၃-၈-၂၀၁၆ရက် ည ၁၀း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ရက် မွန်းလွဲ ၂း၃၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းစန်း
### အသက်(၇၆)နှစ်

သူငယ်ချင်း ဗိုလ်မှူးဇော်ထွန်းနိုင်(ငြိမ်း)-ဒေါ်ခင်သီတာအေးတို့၏မိခင် ဒေါ်စန်းစန်းသည် ၁၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်စိုးခင်အေး (နွားထိုးကြီးမြို့)
### အသက်(၇၄)နှစ်

ဝဏ္ဏကျော်ထင် ဦးတင်အေး (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၏ ဇနီး၊ ဒေါ်စိုးခင်အေး(နွားထိုးကြီးမြို့)သည် ၁၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားသူကြီးချုပ်**
**တရားလွှတ်တော်တရားသူကြီးများနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်စိုးခင်အေး (နွားထိုးကြီးမြို့)
### အသက်(၇၄)နှစ်

ဝဏ္ဏကျော်ထင် ဦးတင်အေး (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၏ ဇနီး၊ ဒေါ်စိုးခင်အေး (နွားထိုးကြီးမြို့)သည် ၁၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခရိုင်တရားသူကြီး**
**တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများ**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်စိုးခင်အေး (နွားထိုးကြီးမြို့)
### အသက်(၇၄)နှစ်

ဝဏ္ဏကျော်ထင် ဦးတင်အေး (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၏ ဇနီး ဒေါ်စိုးခင်အေး (နွားထိုးကြီးမြို့)သည် ၁၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခရိုင်တရားသူကြီး**
**တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများ**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်စိုးခင်အေး (နွားထိုးကြီးမြို့)
### အသက်(၇၄)နှစ်

ဝဏ္ဏကျော်ထင် ဦးတင်အေး (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၏ ဇနီး၊ ဒေါ်စိုးခင်အေး (နွားထိုးကြီးမြို့)သည် ၁၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးနှင့် မြောက်ပိုင်းခရိုင်တရားရုံး**
**တရားရေးအရာရှိများ**

## အရာခံဗိုလ်ကိုကိုလွင်
### ကပ-၈၆၂၃၈၇
### အသက်(၅၁)နှစ်

ကျောက်ဆည်မြို့နေ (ဦးထွန်းရွှေ-ဒေါ်စန်းစန်း)တို့၏သား၊ ဦးသန်းငွေ-ဒေါ်ကြည်ကြည်တို့၏သားသမက်၊ ဒေါ်ငွေငွေလွင်(အမက-၂၅၊ ကျောက်ဆည်)၊ ဦးမျိုးမြင့်-ဒေါ်စိုးစိုးလွင်၊ (ကိုမိုးမိုးလွင်)တို့၏အစ်ကို၊ ကျောက်ဆည်မြို့၊ အမှတ် ဘ၈ ၆၄၃၊ ကျန်စစ်သားလမ်း၊ မြို့ဦးရပ်နေ ဒေါ်ယဉ်ယဉ်သန်း၏ခင်ပွန်း၊ မယဉ်မွန်ဦး(ပထမနှစ်၊ BBA မိတ္ထီလာစီးပွားရေးတက္ကသိုလ်)၊ မခွာညို သင်း (Grade-8, Unity ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ ဖခင်သည် ၁၀-၈-၂၀၁၆ရက်တွင် မိတ္ထီလာတပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၆ရက်တွင် မိတ္ထီလာစစ်သချိုင်း၌ ဂုဏ်သွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လှလှ (မကွေး)
### BA.Ed, B.Ed
### အထက်တန်းပြဆရာမ(ငြိမ်း)
### အထက(၁)သင်္ဃန်းကျွန်း
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၄၁နေ ဦးကြည်စိန်(ဦးစီးဒုဗိသုကာ၊ ငြိမ်း၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း)၏ဇနီး၊ ဦးကျော်ကျော်မိုး-ဒေါ်တိုးနှင်းခိုင်၊ ဦးကျော်ဆန်း-ဒေါ်နိုင်နိုင်ဝင်း၊ ဦးကျော်ကျော်မိုး-ဒေါ်ကေတီဇော်တို့၏မိခင်၊ မခိုင်သဉ္ဇာဝင်း၊ မအိအိဖြိုးကျော်၊ မထက်မြတ်နိုးဦးတို့၏အဘွားသည် ၁၃-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၁း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်စိန်သန်း (ပါဒကြီး)
### (အမက၊ ငြိမ်း)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၇)ရပ်ကွက်၊ နှင်းဆီဉယျာဉ်လမ်း၊ အမှတ် ၉၁၊ ရွှေပင်လုံအိမ်ရာနေ (ဦးထွန်းတင် - ဒေါ်တိုး)တို့၏ သမီး၊ (ဦးညို)၏ဇနီး၊ ဒေါ်ဝင်းမာဦး၊ ဒေါ်ပုညေသီ၊ ဒေါ်မြမြမူ၊ ဦးသန့်ဇင်-ဒေါ်လဲ့ရည်ဝင်း၊ ဦးအောင်နိုင်မျိုး-ဒေါ်နွယ်နွယ်လင်း၊ ဦးသက်ဇော်မောင်-ဒေါ်ကေသွယ်ညိုတို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၁၃-၈-၂၀၁၆ရက် (စနေနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၆ရက်(သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်း (စလင်း)
### B.E (Civil) (1979)
### အင်ဂျင်နီယာမှူး(ငြိမ်း)
### နယ်စပ်စည်ပင်
### အသက်(၆၅)နှစ်

စလင်းမြို့၊ ကြို့ဝန်းရွာနေ (ဦးစံတင်-ဒေါ်လှစိန်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၉မိုင်၊ ယိုးဒယားလမ်း၊ အမှတ် (၄၄/က)နေ (ဦးနေဝင်း)-ဒေါ်ခင်လှတို့၏သားသမက်၊ ဒေါ်အေးငြိမ်းစံ(ဆမ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးကြည်ဖေလင်း (ခုတင်-၃၀၀၊ မြစ်ကြီးနား)-ဒေါ်မေသွဲ့နှင်း(Meditech Co.,Ltd)၊ ဦးဖြိုးထက်အောင် (ခေတ္တ-စင်ကာပူ)-ဒေါ်ခိုင်ဇင်ယု(လေကြောင်းဦးစီး)၊ ဒေါက်တာသန်းထိုက်ဦး (Program Associate (CHAI) - ဒေါက်တာနှင်းလဲ့နွယ်သိန်း (ဝိတိုရိယဆေးရုံ)တို့၏ ချစ်လှစွာသော ဖခင်သည် ၁၃-၈-၂၀၁၆ရက် (စနေနေ့) ညနေ ၆း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၈-၂၀၁၆ရက်(သောကြာနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးသိန်း (စလင်း)
### B.E (Civil)
### အင်ဂျင်နီယာမှူး(ငြိမ်း)
### နယ်စပ်စည်ပင်ရုံး
### အသက်(၆၅)နှစ်

အမှတ် ၄၄-က၊ ယိုးဒယားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းနေ အသင်းဝင်အမှတ်-၃၃၀၅ ဒေါ်အေးငြိမ်းစံ၏ခင်ပွန်းသည် ၁၃-၈-၂၀၁၆ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဦးသာညွန့်
### လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရန်ကုန်)
### ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်အသင်းနာယက
### အသက်(၈၁)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးကျော်ဇံလှ-ဒေါ်ဝင်းမြဦး)တို့၏သား၊ ဒေါ်နုနု၏ခင်ပွန်း၊ (ဦးဝင်းနိုင်)-ဒေါ်ဝါဝါအောင်၊ ဦးအောင်နိုင်-ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ငွေသာလေး (Sanfranciso, USA)၊ ဦးထွန်းထွန်းနိုင်-ဒေါ်ယဉ်မင်းဦး (Blue Ocean Operating Management Co.,Ltd) တို့၏ဖခင်၊ ဦးရဲနိုင်-ဒေါ်ဥမ္မာအေး၊ ဦးရန်နိုင်ဝင်း၊ မမြတ်မြင့်သူနိုင်(ISM)၊ မမြတ်ဖူးပွင့်ခင်(ISM)တို့၏အဘိုး၊ ရဲတေဇနိုင်၊ သင်္ဂဟ၊ လှယဉ်ကျေးတို့၏အဘိုးသည် ၁၃-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဒိုင်းမွန်းကွန်ဒို၊ တိုက်(A)၊ အခန်း ၆၀၅ နေအိမ်သို့ ရည်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးချူဝမ် (ဥက္ကံ)
### အထက ကျောင်းအုပ်(ငြိမ်း)
### အသက်(၈၁)နှစ်

(ဦးထွန်း-ဒေါ်ကျင်မှုံ)တို့၏သား၊ (ဦးဘဝင်း-ဒေါ်ထင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၄၆၊ ပထမထပ်နေ (ဒေါ်ခင်ခင်)၏ခင်ပွန်း၊ ဒေါက်တာသန့်ဇင် (USA)-ဒေါက်တာစုစုလင်း (USA)၊ ဒေါ်သင်းသင်းအေး(မသီဂီ)၊ ဦးမြင့်စိုး-ဒေါ်ခင်မေသန်းတို့၏ချစ်လှစွာသောဖခင်၊ မအင်ကြင်းခိုင်(အထက-၁၊ ဒဂုံ)၏အဘိုးသည် ၁၁-၈-၂၀၁၆ရက် ည ၁၁း၃၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှထွန်း
### သစ်ထုတ်ရေးဌာန(ငြိမ်း)
### မြန်မာ့သစ်လုပ်ငန်း
### အသက်(၇၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ချောင်းကောက်ကျေးရွာနေ ဦးအုန်းမောင်-(ဒေါ်အုန်းမြ)တို့၏ သား၊ ဒေါ်မြသောင်း၊ဒေါ်အေးရီ၊ ဦးဝင်းမောင်မြင့်-ဒေါ်တင်မွေး၊ ဦးအောင်စိုးတင့်-ဒေါ်စောရွှေ၊ ဦးစိုးမြင့်-ဒေါ်အေးတင့်၊ ဦးတင်စိုးတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ပိတောက်မြိုင် ၁လမ်း၊ အမှတ် ၁၁၇၈နေ ဒေါ်လှညွန့်၏ခင်ပွန်း၊ ဒေါ်မေမျိုးညွန့်၊ဦးမြင့်ထွေး-ဒေါ်နီလာထွန်း၊ ဦးအောင်ထွန်းဦး (မြန်မာ့သစ်လုပ်ငန်း) တို့၏ဖခင်၊ မောင်ဟိန်းလင်းအောင်၊ မောင်ညီဟိန်းဆက်တို့၏ အဘိုးသည် ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးမောင်မောင်(ခ)
## ဦးဟုတ်စိန်
### (ရွှေငါးမောင်မောင်
### ပင်လယ်စာဖြန့်ချိရေး)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈လမ်း၊ အမှတ် ၁၂၁ (ဒုထပ်)၊ ၁၈လမ်းနေ (ဦးတန်စိန်ဂွမ်၊ ဒေါ်ကြူလှိုင်)တို့၏ သား၊ (ဒေါ်ယဉ်ယဉ်ကြည်)၏ ခင်ပွန်း၊ ကိုသိန်းကျော်-မအိမြန်မွေး(ခ)မွေးမွေး (ခေတ္တ-U.S.A)၊မရင်ရင်ကြူ(ခ)မပြုံးပြုံးတို့၏ချစ်လှစွာသောဖခင်၊ ဦးတန်စိန်ကြိုင်-ဒေါ်သန်းသန်းနု၊ ဦးခင်မောင်ချို၊ ဦးလူအေး-ဒေါ်ခင်သော်တာထွန်းတို့၏အစ်ကိုကြီး၊ ကိုကျော်ဇင်ထိုက် (Vexxe Lifescience) - ဗိုလ်ကြီးဇော်ဟိန်းထိုက် DSA-J3၊ မသိမ့်မို့မိုးဝင်း Fourth Year Arche -WYTU၊ မောင်ကောင်းမြတ်သူ၊ မခေတ်မြတ်သူ (အလက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသောဘကြီးသည် ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈း၀၈နာရီတွင် ပန်းလှိုင် Silom ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ဂုဏ်သွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

## ဦးခင်မောင်သန်း (ကျုံမငေး)
### စား/ဖျော်(ငြိမ်း)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ တိုက် ၁၁၀၊ အခန်း ၃နေ [သခင်တင်မောင်(ကျုံမငေး) - ဒေါ်ကြင်မြ]တို့၏ သား၊(ဦးကျော်ငြိမ်း-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ဦးခင်မောင်တင့်-ဒေါ်ခင်ငွေဝင်း၊ဦးတင်မောင်လွင်-ဒေါ်တင်ဝေဦး၊ ဦးတင်မောင်ထွန်း(ကုန်းလမ်းပို့ဆောင်ရေး) - ဒေါ်မေစီခင်လှိုင်တို့၏ အစ်ကိုကြီး၊မောင်ဖြိုးသီဟဇော်-မဇာဇာဝင်း၊ မောင်သန့်ဇင်မောင်မောင်-မချမ်းဝေစိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်စန်းမြိုင်(အထက၊ သုဝဏ္ဏ)၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၈-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ရှိန်(ခ)ဦးကျော်
### (မြန်မာစာ)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးသာ၀-ဒေါ်ခင်စိန်)တို့၏သား၊ ဒေါ်ခင်အေးကျင်၏ခင်ပွန်း၊ ကိုသန်းဝင်းအောင်-မသိမ့်ဆုဒါလီကျော်၊ ကိုဇော်ဟိန်း-မချစ်ပိုးဇာလီကျော်တို့၏ ဖခင်သည် ၁၃-၈-၂၀၁၆ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၆ရက် (သောကြာနေ့)တွင် တိုက် ၄၊ အခန်း ၅၊ စည်ပင်ရဲဝင်း၊ ကမာရွတ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်အေးသန်း (စစ်တွေ)
### အသက်(၄၄)နှစ်

စစ်တွေမြို့၊ ကုန်းတန်းရပ်ကွက်၊ လှည်းတန်းလမ်းနေ (ဦးဦးမောင်)-ဒေါ်လှစောဦးတို့၏ တစ်ဦးတည်းသောသား၊ ဒေါ်ခင်စန်းဝေ - ဦးသန်းလှိုင် (ခေတ္တ-ဂျပန်)တို့၏မောင်၊ မခင်ခင်စန်း၊ ဒေါ်မေလတ်ချေ-ဦးမောင်မောင်ချေ၊ မငယ်ငယ်ထွေးတို့၏အစ်ကို၊ မတင်ဇာလှိုင်၊ မောင်သန်းထိုက်ဇော်၊ မောင်ငြိမ်းဇော်၊ မသူသူချေ၊ မဖူးဖူးချေတို့၏ဦးလေးသည် ၁၃-၈-၂၀၁၆ရက် ညနေ ၃း၁၀ နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုက်တော်ကုန်း သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ တန်ဖိုးနည်း ကနောင်အိမ်ရာ စီမံကိန်းတိုက်ခန်းသစ်များ မကြာမီရောင်းချပေးမည်



**ရန်ကုန်  ဩဂုတ်  ၁၄**

အခြေခံလူတန်းစားပြည်သူများအတွက် သင့်တင့်သော တန်ဖိုးနည်းအိမ်ရာတိုက်ခန်းသစ်များဖြင့် အိမ်ပိုင်နေထိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၉) ရပ်ကွက် ကနောင်လမ်းမကြီးဘေးရှိ ၁၀ ဧကကျယ်ဝန်းသော မြေကွက်လပ် လွတ်ပေါ်၌ တန်ဖိုးနည်းကနောင်အိမ်ရာစီမံကိန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့သည်။ စာမျက်နှာ ၅ ကော်လံ ၁ ❐

## ဝေန်မြစ်ရေစိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။
(မြန်မာ့အလင်း)

## ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေကျဆင်း စံကင်းကျွန်း၌ ကွင်းရေမြင့်တက်

**ညောင်တုန်း ဩဂုတ် ၁၄**

ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေနှင့် ပန်းလှိုင်မြစ်ရေမှာ သိသိသာသာ ကျဆင်းနေပြီဖြစ်ပြီး ညောင်တုန်းမြို့နယ် မြောက်ဘက်ခြမ်းရှိ စံကင်းကျွန်း၌ ကွင်းရေများမြင့်တက်လျက်ရှိသဖြင့် လူနေအိမ်များ၊ စာသင်ကျောင်းများ နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

"မြစ်ရေကျဆင်းသွားပြီးမှ ကွင်းရေကအဆမတန်မြင့်တက်နေတယ်။ လွန်ခဲ့တဲ့နှစ်တွေကထက် ရေကများနေတယ်။ စာသင်ကျောင်းတွေ၊ လူနေအိမ်တွေလည်း နစ်မြုပ်နေတယ်။ အိမ်တွေမှာဆို ဆင့်ထိုးနေကြရတယ်။ ကြာလာရင်ကျန်းမာရေးထိခိုက်လာနိုင်တယ်။ နေထိုင်စားသောက်ရေးအခက်အခဲကြုံတွေ့နေရတယ်။ စံကင်းကျွန်းတစ်ကျွန်းလုံးမြုပ်နေတော့ ကျွန်းမှာရှိတဲ့ မွေးမြူရေးကန်တွေအတွက်လည်း စိုးရိမ်နေကြရတယ်။ မွေးမြူထားတဲ့ ငါးတွေမထွက်အောင် ဇာပြာတွေနဲ့ ကာထားကြရတယ်။ စာမျက်နှာ ၅ ကော်လံ ၁ ✻

❑ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း သိုင်းချောင်းတံတားရေတိုက်စား၍ကျိုးကျ စာ - ၇

❑ တောင်ငူမြို့တွင် စိတ်ကြွရှူးသွပ်ဆေးပြားနှစ်သောင်းကျော်ဖမ်းဆီးရမိ စာ - ၁၃

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင် ကလေးငယ် ၁၇၀ ခန့်ကို အခမဲ့ခွဲစိတ်ကုသပေး

**ရန်ကုန်  ဩဂုတ်  ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကကြီးမှူး၍ Smile Asia နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် Eight-Day Cleft Free Myanmar Initiative စတင်သည့် အခမ်းအနားကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၁၄ ရက်က ကျင်းပသည်။(**ယာပုံ**)



မြန်မာနိုင်ငံအနှံ့အပြားမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်ကလေးငယ် ၁၇၀ ခန့်ကို စနစ်တကျစမ်းသပ်စစ်ဆေး၍ ဩဂုတ် ၁၃ ရက်မှ ၂၀ ရက်အတွင်းအခမဲ့ခွဲစိတ်ကုသသွားသည့် အစီအစဉ်ဖြစ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) အနေဖြင့် နိုင်ငံအနှံ့မှ ကုသမှုခံယူမည့်လူနာများ၏ စာရင်းများကောက်ယူခြင်း၊ လူနာနှင့်မိသားစုအတွက် အသွားအပြန်ခရီးစရိတ်များ တာဝန်ယူပံ့ပိုးပေးခြင်း၊ လူနာများနှင့် မိသားစုဝင်များအတွက် နေထိုင်စားသောက်ရေးများ အခမဲ့စီစဉ်ပေးခြင်း၊ ကုသမှုခံယူနေချိန်အတွင်း သွားရေးလာရေးအဆင်ပြေချောမွေ့စေရန် ယာဉ်များစီစဉ်ပေးခြင်းနှင့် ကမ္ဘောဇအုပ်စုမှ ဝန်ထမ်းများ၊ စာမျက်နှာ ၅ ကော်လံ ၁ ❍

